ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်၊ သောကြာနေ့၊ (1-8-2014) (၇၉၁၉)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆွစ်ဇာလန်နိုင်ငံသမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁

ဩဂုတ်လ ၁ ရက်နေ့တွင် ကျရောက်သည့် ဆွစ်ဇာလန်နိုင်ငံ ထူထောင်သည့်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆွစ်ဇာလန်နိုင်ငံသမ္မတနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒီဒီရာ ဘတ်ခ်ဟော်လ်တာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

လက်ဝယ်ရရှိပိုင်ဆိုင်ထားသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆုံးရှုံးမသွားစေရန် ဝိုင်းဝန်းကြိုးပမ်း

၂၀၁၄ ခုနှစ် ဩဂုတ်လတွင် နိုင်ငံတော်သမ္မတပြောကြားသည့် ရေဒီယိုမိန့်ခွန်း

မိဘပြည်သူများခင်ဗျား

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေးပြောကြားနေကြဖြစ်တဲ့အတိုင်း ဇူလိုင်လအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် ချုပ်ဆိုနိုင်ဖို့အတွက် ဇူလိုင်လအတွင်းမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များစုစည်းပြီး ကချင်ပြည်နယ် လိုင်ဇာမှာ ဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ကြိုဆိုပြီးတော့ လိုအပ်တဲ့ ကူညီဆောင်ရွက်မှုတွေ ပြုလုပ်ပေးခဲ့ပါတယ်။ တစ်နိုင်ငံလုံး လွှမ်းခြုံတဲ့ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စာချုပ်ချုပ်ဆိုပြီး ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲကြီးကို တက်လှမ်းနိုင်ဖို့နဲ့ ရေရှည်တည်တံ့တဲ့ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့အတွက် လိုအပ်တဲ့သဘောတူညီချက်တွေရရှိနိုင်ဖို့ ဒီဆွေးနွေးပွဲများကနေ ပိုမိုကောင်းမွန်တဲ့ရလဒ်များ ဆောင်ကြဉ်းလာနိုင်မယ်လို့ ကျွန်တော်တို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက မျှော်လင့်နေကြပါတယ်။

လက်ရှိမြန်မာနိုင်ငံမှာ ဖြစ်ပေါ်ပြောင်းလဲလျက်ရှိနေတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများဟာ အခက်အခဲများနဲ့ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကျော်လွှားရင်းနဲ့ ဒီဖြစ်စဉ်ရှင်သန်ဖို့ ကြိုးပမ်းနေရတဲ့ အချိန်ကာလဖြစ်ပါတယ်။ ဒီနေရာမှာ ကွဲပြားခြားနားတဲ့ နိုင်ငံရေးအင်အားစုများအကြားမှာ တူညီတဲ့ သဘောတူညီချက်အနေနဲ့ ထားရှိနိုင်တဲ့ သဘောထားရပ်တည်ချက်ကတော့ ဒီနိုင်ငံရေးဖြစ်စဉ်ဆက်လက်ရှင်သန်ရေးကနေ ဒီမိုကရေစီစနစ် အမြစ်တွယ်ရှင်သန်ရေးဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရစတင်တာဝန်ယူတဲ့အချိန်ကစပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို တစိုက်မတ်မတ် လုပ်ဆောင်လာခြင်းက ကျွန်တော်တို့အနေနဲ့ ခိုင်မာတဲ့ သန္နိဋ္ဌာန်ချပြီး လုပ်ဆောင်ခဲ့တယ်ဆိုတာကို သက်သေထူရာရောက်မှာလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ တာဝန်ယူခဲ့တဲ့ သုံးနှစ်ကျော်ကာလအတွင်းမှာ ပြစ်တင်ဝေဖန်မှုများနဲ့ ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံရေးအကြပ်အတည်းများရှိခဲ့တာကလည်း အမှန်ပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခိုင်အမာပြောကြားနိုင်တဲ့ အချက်တစ်ခုကတော့ ကြုံတွေ့ခဲ့ရတဲ့ နိုင်ငံရေး အကြပ်အတည်းအားလုံးကို ပြည်သူလူထုရဲ့ လိုလားချက်များအပေါ် ရှေးရှုတဲ့ အဖြေရှာမှုမျိုးနဲ့သာချဉ်းကပ်ပြီး မှန်ကန်တဲ့စေတနာနဲ့ဆောင်ရွက်ခဲ့တယ်ဆိုတာပဲဖြစ်ပါတယ်။ ဒီကနေ့ကာလလိုစနစ်ဟောင်းကနေ စနစ်သစ်ကို ကူးပြောင်းတဲ့အခါ နိုင်ငံရေးအကြပ်အတည်းများ ကြုံတွေ့ရခြင်းဟာ အသွင်ကူးပြောင်းရေး ဖြစ်စဉ်တိုင်းမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေနဲ့ စိန်ခေါ်မှုတွေ ဖြစ်တယ်ဆိုတာကို သတိချပ်စေလိုပါတယ်။

> ဝန်ထမ်းများအနေနဲ့ ချက်ချင်းလက်ငင်း အကောင်အထည်ဖော်နိုင်တဲ့ကိစ္စရပ်များ၊ ရေတိုလုပ်ဆောင်ရမယ့်ကိစ္စရပ်များ၊ ရေရှည်တည်ဆောက်ရမယ့် လိုအပ်ချက်များကို ရည်မှန်းချက်အဖြစ်ထားပြီး ဦးစားပေးကြိုးပမ်းတည်ဆောက်။

ကျွန်တော့်အနေနဲ့ ဝေဖန်ထောက်ပြ ပြောဆိုရေးသားမှုအားလုံးကို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက် လိုအပ်တဲ့သွင်းအားစုများအဖြစ် ရှုမြင်ပြီး လက်တွေ့ကျတဲ့ အဖြေများရရှိဖို့ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေနဲ့ လိုက်လျောညီထွေဖြစ်နိုင်မယ့် အတိုင်းအတာအတွင်းကနေ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာကို အသိပေးပြောကြားလိုပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

တောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ် ဖွဲ့စည်းတည်ထောင်လုပ်ကိုင်ခြင်းနှင့် သက်ဆိုင်သော စည်းမျဉ်းထုတ်ပြန်

နေပြည်တော် ဇူလိုင် ၃၁

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ စီးပွားရေးကိုတိုးမြှင့်ရန်နှင့် ယင်းဒေသအတွင်းနေထိုင်သော တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့် အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ပေးရန်အတွက် လိုအပ်သော ငွေရေးကြေးရေးနှင့် ငွေကြေးဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးရန် ရည်ရွယ်လျက် တောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ် ဖွဲ့စည်းတည်ထောင်လုပ်ကိုင်ခြင်းနှင့် သက်ဆိုင်သောစည်းမျဉ်းကို ဇူလိုင် ၃၀ ရက်တွင် ထုတ်ပြန်လိုက်သည်။

စည်းမျဉ်းအပြည့်အစုံကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website (www.cbm.gov.mm)တွင် လေ့လာဖတ်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဝါလှိုင်လှိုင်ထွက်၍ ဝါစိုက်တောင်သူများ ဝါကောက်အလုပ်သမားများ ဝင်ငွေရ

ရမည်းသင်း ဩဂုတ် ၁၁

ရမည်းသင်းမြို့နယ်အတွင်းရှိ မိုးကြိုဝါစိုက်ဒေသများတွင် ဝါများလှိုင်လှိုင်ထွက်ပြီဖြစ်၍ ဒေသခံဝါစိုက်တောင်သူများ၊ ဝါကောက်အလုပ်သမားများ ယခုလရာသီတွင် ဝင်ငွေရရှိကြသည်ဟု သိရသည်။

မြို့မကွင်း၊ သင်ပန်းကုန်းကွင်း၊ ဆည်ကြီးကွင်းနှင့် သိမ်ကုန်းတို့တွင် မိုးကြိုဝါကို ကျီးနီကန်အမှတ် ၁၊ ၂၊ ၃ မြောင်းတို့မှရရှိသော စိုက်ပျိုးရေဖြင့် စိုက်ပျိုးကြပြီး တစ်မြို့နယ်လုံးတွင် မြို့နယ်၏ အရှေ့ဘက်ခြမ်း၌ မိုးကြိုဝါအများအပြား စိုက်ပျိုးကြသည်ဟု သိရသည်။

ယခုနှစ်တွင် ဝါအသီးအပွင့်ဝင်သော အချိန်၌ မိုးရွာသွန်းမှုနည်းကာ မိုးပြတ်လပ်၍ ဝါထွက်နှုန်းနည်းသည်ဟု သိရပြီး နောက်ပိုင်းစပါးစိုက်ရန် ရေမရရှိပါက

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

ယနေ့ မာတိကာ

ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း
စာမျက်နှာ - ၅

စာအုပ်မျိုးစုံ ပြည်သူများလက်ဝယ် အရောက်ပို့
စာမျက်နှာ - ၆

ဖြန့်ဖြူးရောင်းချနေသော လေယာဉ်ဆီများ အရည်အသွေးကို အထူးဂရုပြုဆောင်ရွက်လျက်ရှိ
စာမျက်နှာ - ၁၀

ကြေးမုံစာတည်းရှုထောင့် **၁-၈-၂၀၁၄၊ သောကြာနေ့**

မိခင်နို့နှင့်ကလေးငယ်

လူသားတို့မွေးဖွားသည်မှ သေဆုံးသည်အထိ ကျန်းမာစွာ နေထိုင်နိုင်ရန် အလွန်အရေးကြီးလှပေသည်။ "ကျန်းမာခြင်းသည် လာဘ်တစ်ပါး" ဆိုသကဲ့သို့ လူသားတိုင်း၏ ဘဝများ ရှင်သန်ရပ်တည်ရာတွင် ကျန်းမာကြံ့ခိုင်ရန် မဖြစ်မနေ လုပ်ဆောင်ကြရမည်ဖြစ်သည်။ အထူးသဖြင့် ငါးနှစ်အောက်ကလေးငယ်များ သေဆုံးမှုနှုန်းလျော့ပါးရေးနှင့် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ပြည့်ဝသည့် ကလေးငယ်များအဖြစ် ရပ်တည်နိုင်ရန် အားလုံး ဝိုင်းဝန်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်းကာ ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်း ကျဆင်းစေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ယခုတစ်လလုံးကို အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များအဖြစ် သတ်မှတ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင်လျက်ရှိသည်။ မွေးကင်းစကလေးငယ်များ၏ ဘဝလုံခြုံရေးအတွက် ဩဂုတ်လ၏ ပထမပတ်ကို မိခင်နို့စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ်အဖြစ် သတ်မှတ်ခဲ့သည်။ မိခင်တိုင်း မိမိတို့၏ ရင်သွေးငယ်များကို မိခင်နို့စနစ်တကျတိုက်ကျွေးစေခြင်းဖြင့် ရောဂါကင်းရှံ့မှုမက ဉာဏ်ရည်ပြည့်ဝသည့် ကလေးငယ်များဖြစ်စေရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်သည်။

မိခင်နို့ရည်သည် ရင်သွေးငယ်များအတွက် လိုအပ်သော အာဟာရဓာတ်များအပြင် ရောဂါကာကွယ်ရေးဓာတ်များ အပြည့်အဝပါဝင်သည်။ မိခင်နို့ရည်သည် အခြားသော အစာအာဟာရများထက် အစာချေလွယ်ကူသောကြောင့် ကလေးငယ်များ လေထခြင်း၊ဝမ်းပျက်ဝမ်းလျှောခြင်း၊ဗိုက်နာခြင်း စသည့် ရောဂါဖြစ်ပွားမှုများမှလည်း ကာကွယ်ရာရောက်ပါသည်။ မိခင်နို့ချိုတိုက်ကျွေးခြင်းဖြင့် ရုတ်တရက် ကလေးသေဆုံးနိုင်မှုအန္တရာယ်မှ ကာကွယ်နိုင်ပြီး အရွယ်ရောက်လာချိန်တွင် အဝလွန်ခြင်းနှင့် ဆီးချိုရောဂါဖြစ်ပွားခြင်းမှလည်း ကာကွယ်စေမည်ဖြစ်သည်။သို့ပါ၍ မိခင်နို့ရည်သည် ရင်သွေးငယ်များအတွက် ပြီးပြည့်စုံသော အာဟာရဖြစ်ပါသည်။

ထို့ပြင် နို့တိုက်မိခင်များအနေဖြင့်လည်း ရင်သွေးငယ်များအား နို့ချိုတိုက်ကျွေးခြင်းဖြင့် ရင်သားကင်ဆာ၊ သားအိမ်ပိုင်းဆိုင်ရာကင်ဆာများနှင့် အရိုးပွရောဂါဖြစ်ပွားနိုင်သည့်အန္တရာယ်များလည်း လျော့နည်းစေမည်ဖြစ်သည်။ ရင်သွေးငယ်များအား နို့ချိုတိုက်ကျွေးခြင်းဖြင့် မိခင်ရောကလေးပါ အကျိုးကျေးဇူးများ ရရှိနိုင်ပေရာ မိခင်တိုင်းနို့ချိုတိုက်ကျွေးရန် လိုအပ်ပေသည်။ ထို့မှမက စနစ်တကျတိုက်ကျွေးရန်လည်း အထူးလိုအပ်ပေသည်။ တိုက်ကျွေးပုံနည်းစနစ်များကို စနစ်တကျသိရှိနိုင်ရန် ပညာပေးစာစောင်များ ဖတ်ရှု၍သော်လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးတိုင်ပင်မှုဖြင့်သော်လည်းကောင်း ပြုလုပ်သင့်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် မိခင်နို့ မသောက်စို့ရသည့် ရင်သွေးငယ်များလည်းရှိနိုင်ပါသည်။ ထိုသို့ မိခင်နို့ မတိုက်ကျွေးသည့် မိခင်များအနေဖြင့် နို့ဘူး၊နို့ဖျော်သည့်ပစ္စည်းများနှင့် နို့သီးခေါင်းတို့ကို နို့တိုက်ကျွေးပြီးတိုင်း စင်ကြယ်စွာ ဆေးကြောသင့်သည်။ နို့မှုန့်တွင်ပါဝင်သော မယ်လမင်းဓာတ်သည် မိခင်၏နို့ချိုကဲ့သို့ ကလေးငယ်၏အာဟာရကို အပြည့်အဝမရရှိနိုင်သဖြင့် မိမိတို့၏ ရင်သွေးငယ်များကို ပိုမိုဂရုစိုက်ရန်လိုအပ်ပါသည်။

ဤလသည် ကိုယ်ဝန်ဆောင်မိခင်များနှင့် ငါးနှစ်အောက်ကလေးငယ်များ၏ ကျန်းမာရေးအတွက် အထူးအလေးပေး လုပ်ဆောင်သောလဟုဆိုရပေမည်။ ထိုကဲ့သို့ ကလေးငယ်များ၏ ဘဝလုံခြုံရပ်တည်ရေးကို ရှေးရှုကြိုးပမ်းလုပ်ဆောင်နေချိန်တွင် မိမိတို့၏ ရင်သွေးငယ်များကို မိခင်နို့တစ်မျိုးတည်းကိုသာ စနစ်တကျ တိုက်ကျွေးခြင်းဖြင့် ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်း လျော့နည်းစေပြီး တစ်နိုင်ငံလုံး ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ပြည့်ဝသည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း အကြံပြုအပ်ပါသည်။ ။

စာပေတည်းဖြတ်မှု သင်တန်းနှင့် အခြေခံမြန်မာဘာသာသင်တန်းဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် မြန်မာစာဌာနမှ ကြီးမှူးပြီး စာပေတည်းဖြတ်မှု အတတ်ပညာသင်တန်းနှင့် နိုင်ငံခြားသားများအတွက် အခြေခံမြန်မာဘာသာ အဆင့်(၁)နှင့်အဆင့်(၂)တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ်(၃လခွဲ)ဖြစ်သည်။ စာပေတည်းဖြတ်မှု အတတ်ပညာသင်တန်းကို တနင်္လာနေ့မှ ကြာသပတေးနေ့အထိနှင့် အခြေခံမြန်မာဘာသာသင်တန်းကို အင်္ဂါနေ့မှ သောကြာနေ့အထိဖြစ်ပြီး သင်တန်းချိန်မှာ နေ့စဉ်နံနက် ၇ နာရီခွဲမှ ၉ နာရီခွဲအထိ ဖြစ်ကြောင်း သိရှိရသည်။

စာပေတည်းဖြတ်မှု သင်တန်းအတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ပြီး အခြေခံမြန်မာဘာသာသင်တန်းအတွက် မြန်မာနိုင်ငံအတွင်း၌ တရားဝင်နေထိုင်ခွင့်ရရှိသူ နိုင်ငံခြားသားများဖြစ်ရမည်။ အဆိုပါသင်တန်းနှစ်ခုစလုံးကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလက ပထမအကြိမ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇွန်လတွင် ဒုတိယအကြိမ် ဖွင့်လှစ်ခြင်းဖြစ်သည်။

"အခြေခံမြန်မာဘာသာသင်တန်းကို စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေတဲ့ နိုင်ငံခြားသားတွေပဲ လာတက်တာ၊ စာကို လိုက်တော့လိုက်နိုင်တယ်။ စာဖတ်ချိန်သိပ်မရကြတော့ ထမင်းစား ရေသောက်လောက်ပဲ ရကြတယ်။ ကျွမ်းကျင်မှုအတွက်ဆို Diploma အထိတက်မှဖြစ်မယ်၊ ဒီသင်တန်းကို (၂) နှစ် Diploma သင်တန်းအထိ ဆက်ဖွင့်နိုင်မယ်လို့ မျှော်မှန်းထားတယ်။ စာပေတည်းဖြတ်မှုသင်တန်းမှာတော့ ပါမောက္ခနှစ်ဦးက ဦးဆောင်ပြီး ဌာနက ဆရာ ဆရာမတွေရယ်၊ မြန်မာစာအဖွဲ့ဦးစီးဌာန မြန်မာစာအဖွဲ့ ပညာရှင် ဒေါက်တာဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ ဒေါက်တာထွန်းတင့်အပြင် ပြင်ပကဆရာဖေမြင့်၊ ဟိန်းလတ်စတဲ့ ပညာရှင်တွေရယ် ပေါင်းစပ်သင်ကြားပေးနေပါတယ်။ Diploma နဲ့ Certificate က သဘောတရားအရ ကွဲပြားတယ်။ Certificate အဆင့်မှာက တကယ်စိတ်ဝင်စားတဲ့သူပဲ လာတက်ကြတာပါ"ဟု ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခဌာနမှူး ဒေါက်တာအောင်မြင့်ဦးက ပြောကြားသည်။

ယခုဖွင့်လှစ်သည့် စာပေတည်းဖြတ်မှု အတတ်ပညာသင်တန်းတွင် သင်တန်းသား ၁၆ ဦးနှင့် အခြေခံမြန်မာဘာသာအဆင့်တွင် နိုင်ငံခြားသား သင်တန်းသား ၂၀ တက်ရောက်လျက်ရှိသည်။ အလားတူ သင်တန်းမျိုးကို ဒီဇင်ဘာလလယ်တွင် ဆက်လက်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ရန်ကုန်တက္ကသိုလ် တောင်ငူဆောင်တွင် လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

(စိုးစိုး)

ဂန့်ဂေါတွင် ငှက်ဖျားရောဂါဖြစ်ပွားမှုလျော့နည်းလာ

ဂန့်ဂေါ ဇူလိုင် ၃၁

ကျန်းမာရေးဌာနမှတ်တမ်းများအရ ဂန့်ဂေါမြို့နယ်တွင် ငှက်ဖျားရောဂါထူထပ်စွာအဖြစ်များသည့် ကျေးရွာ ၅၈ ရွာရှိကြောင်းနှင့် ၂၀၁၄ ခုနှစ်တွင် အဆိုပါကျေးရွာများရှိ ပြည်သူများအတွက် ငှက်ဖျားရောဂါဖြစ်ပွားမှု လျော့နည်းပပျောက်နိုင်ရေးအတွက် ဆေးစိမ်ခြင်ထောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ရာ ဆေးစိမ်ခြင်ထောင် ဖြန့်ဝေပေးသည့် သုံးလကျော်ကာလအတွင်း ငှက်ဖျားရောဂါဖြစ်ပွားသူ သိသိသာသာလျော့နည်းသွားကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ်တွင် ကျေးရွာ ၁၁၀ ကျော်ရှိသည့်အနက် ငှက်ဖျားရောဂါထူထပ်သည့်ကျေးရွာ ၅၈ ရွာရှိရာ အဆိုပါကျေးရွာနေ ပြည်သူများအတွက် UNICEF အဖွဲ့နှင့် UNOPS အဖွဲ့တို့မှ ထောက်ပံ့သည့် ဆေးစိမ်ခြင်ထောင်များကို ၂၀၁၄ ခုနှစ်အတွင်း ခြင်ထောင်လုံးရေ လေးသောင်းရှစ်ထောင်ကျော် ဖြန့်ဝေပေးနိုင်ခဲ့သည်ဟုဆိုသည်။

"ဂန့်ဂေါမြို့နယ်မှာ ငှက်ဖျားကအဖြစ်များခဲ့တယ်၊ ဆေးစိမ်ခြင်ထောင်တွေကို ကျန်းမာရေးဌာနက တာဝန်ရှိသူတွေကိုယ်တိုင် ကွင်းဆင်းစိစစ်ပြီး ဖြန့်ဝေပါတယ်။ ဖြန့်ဝေပြီးတဲ့နောက်ပိုင်း နယ်မှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနတွေရဲ့ လူနာစစ်ဆေးမှုမှတ်တမ်းအစီရင်ခံစာများအရ ငှက်ဖျားရောဂါဖြစ်ပွားသူ ရာခိုင်နှုန်း ၅၀ ကျော် လျော့နည်းသွားပြီဖြစ်ပါတယ်"ဟု ဂန့်ဂေါမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(၄၆၅)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်	ရွှေဈေး	၆၇၀၃၀၀	-	၆၇၁၀၀၀
မန္တလေး	ရွှေဈေး	၆၇၀၁၀၀	-	၆၇၀၈၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၈၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၉၇၂. ၀၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၃၀၂. ၃
(ဂ)	တရုတ်	တစ်ယွမ်	=	၁၅၇. ၅၀
(ဃ)	ထိုင်း	တစ်ဘတ်	=	၃၀. ၄၀၄
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၀၄. ၈၅
(စ)	အိန္ဒိယ	တစ်ရူပီး	=	၁၆. ၁၈၃
(ဆ)	ဂျပန်	တစ်ရာယန်း	=	၉၄၅. ၃၄
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၄. ၇၇၄
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၉၀၆. ၃၈
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၇၈၀. ၇၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

☆ **ရှေ့ဖုံးမှ**

အနာဂတ်မှာ ကျွန်တော်တို့အနေနဲ့ ရောက်ရှိရမယ့် စံနှုန်းများနဲ့တိုင်းတာရင် လိုအပ်ချက်များစွာ ရှိနေသေးတာက အမှန်ပဲဖြစ်ပါတယ်။ သို့သော်လည်း အဲ့ဒီလိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်တဲ့အခါ တစ်ဦးတစ်ယောက်အား၊ အဖွဲ့အစည်းတစ်ခုတည်းရဲ့အားနဲ့ တည်ဆောက်လို့မရနိုင်ဘဲ မိမိတို့အဖွဲ့အစည်းတစ်ခုလုံး တူညီသော ရပ်တည်ချက်တစ်ခုထားရှိပြီး အားလုံးဝိုင်းဝန်းဆောင်ရွက်ကြမှသာ ရရှိနိုင်မှာဖြစ်တဲ့အကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို အနှောင့်အယှက်ပြုမှုများကိုတော့ ထိရောက်စွာ အရေးယူမှာဖြစ်တဲ့အကြောင်း ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ မကြာခင်က မန္တလေးမြို့မှာဖြစ်ပွားခဲ့တဲ့ မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုကိုအသုံးချပြီး ဘာသာရေးပဋိပက္ခတွေဖြစ်အောင် ဖန်တီးလှုံ့ဆော်လုပ်ဆောင်ခဲ့သူများကို ဖော်ထုတ်အရေးယူဆောင်ရွက်နေပြီဖြစ်ပါတယ်။ မန္တလေးမြို့တည်ငြိမ်အေးချမ်းရေးမှာ အသိရှိရှိ၊ သတိရှိရှိနဲ့ တာဝန်သိသိ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများကိုလည်း နိုင်ငံတော်ကိုယ်စားဂုဏ်ယူပါကြောင်း ချီးကျူးပြောကြားအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့ဇူလိုင်လ ၁၂ ရက်နေ့က ရန်ကုန်မြို့မှာ သဘင်၊ ဂီတ၊ ရုပ်ရှင်အဖွဲ့အစည်းများမှ အနုပညာရှင်များနဲ့ ရင်းနှီးစွာတွေ့ဆုံခဲ့ပါတယ်။ အဖွဲ့အစည်းအသီးသီးမှ အနုပညာရှင်များရဲ့ ဆွေးနွေးပြောကြားချက်များကို အလေးထားမှတ်ယူပြီး နိုင်ငံတော်အပိုင်းက လတ်တလောကူညီဆောင်ရွက်ပေးရမည့်ကိစ္စများ၊ အချိန်ယူဆောင်ရွက်ပေးရမည့်ကိစ္စများကို ကြိုးပမ်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အနုပညာရှင်များဟာ ပြည်သူများချစ်ခင်မြတ်နိုးတဲ့ရတနာများဖြစ်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးမှာ ပြည်သူများရဲ့ ပျော်ရွှင်ချမ်းမြေ့မှုဟာ အစိတ်အပိုင်းတစ်ခုအနေနဲ့ ပါဝင်တာဖြစ်တဲ့အတွက် သဘင်၊ ဂီတ၊ ရုပ်ရှင်အနုပညာရှင်များကို ကျွန်တော့်အနေနဲ့ တန်ဖိုးထားလေးစားပါကြောင်း ပြောကြားလိုပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ကြီးများဟာ တိုင်းပြည်အတွက် တာဝန်ထမ်းဆောင်နေစဉ်အတွင်းမှာ မသမာသူများရဲ့ လက်ချက်နဲ့ ကျဆုံးသွားခဲ့ရတဲ့ ဇူလိုင် ၁၉ ရက်နေ့ကို အာဇာနည်နေ့အဖြစ်သတ်မှတ်ပြီး ပြည်သူများဟာ အာဇာနည်ကြီးများရဲ့ ကျေးဇူးများကို အောက်မေ့တသရင်း ဝမ်းနည်းကြေကွဲမှုတွေကို သတိတရထုတ်ဖော်ပြသလာခဲ့ကြတာအခုဆိုရင် နှစ်ပေါင်း (၆၇)နှစ်တိုင်ခဲ့ပြီဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့အားလုံးအနေနဲ့ ဝမ်းနည်းကြေကွဲနေရုံမျှသက်သက်ထက် အာဇာနည်ကြီးများရဲ့ ကျေးဇူးများကို နည်းလမ်းမှန်နဲ့ ပြန်လည်ပေးဆပ်ကြဖို့ လိုအပ်တယ်ဆိုတဲ့အချက်ကိုလည်း နှလုံးသွင်းကြရမှာဖြစ်ပါတယ်။ အာဇာနည်နေ့အခမ်းအနားဟာဆိုရင် ခေါင်းဆောင်ကြီး ကိုးဦးကို ရည်မှန်းဂုဏ်ပြုခြင်းအပြင် တိုင်းပြည်အတွက် လူမသိသူမသိပေးဆပ်ရင်း ကျဆုံးသွားခဲ့ရတဲ့ ပြည်ထောင်စုဖွား အာဇာနည်များကိုလည်း မမေ့မလျော့ ဦးညွှတ်အလေးပြုကြတဲ့ အနှစ်သာရကို ဖော်ကျူးတဲ့အခမ်းအနားတစ်ခုလည်းဖြစ်ပါတယ်။ တိုင်းပြည်နဲ့လူမျိုးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံခဲ့ကြတဲ့ အာဇာနည်များကို ကြည့်မယ်ဆိုရင် သူတို့လာခဲ့ကြတဲ့ နိုင်ငံရေးနောက်ခံ၊ အသိုင်းအဝိုင်း၊ လူမျိုးစု၊ ကိုးကွယ်ယုံကြည်မှု စသည်ဖြင့် မတူညီတဲ့ ကြန်အင်လက္ခဏာများကို တွေ့ကြရမှာဖြစ်ပါတယ်။ သို့သော်လည်း သူတို့အားလုံးမှာ တူညီတဲ့အချက်ကတော့ နိုင်ငံနဲ့လူမျိုးရဲ့ ကောင်းကျိုးချမ်းသာအတွက်ဆိုတဲ့ ကိုယ်ကျိုးစွန့်အနစ်နာခံလိုစိတ်ပဲဖြစ်ပါတယ်။ မိမိတို့ မြန်မာနိုင်ငံသားအားလုံးအနေနဲ့ ဒီစိတ်ဓာတ်ခွန်အားတွေကို ဆက်လက်ရှင်သန်စေဖို့ကြိုးစားပြီး လက်ရှိအကောင်အထည်ဖော်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းစဉ်များနဲ့ ဒီမိုကရေစီ အခြေခံ ရေးတည်ဆောက်ရေးလုပ်ငန်းစဉ်များမှာ လူမျိုးဘာသာ မကွဲပြားဘဲ အတူတကွ ညီညွတ်စွာပူးပေါင်းကြိုးစားကြဖို့ တိုက်တွန်းပြောကြားအပ်ပါတယ်။

ဇူလိုင်လအတွင်းမှာ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တစ်ရပ်ကို သက်ဆိုင်ရာအရပ်ဘက်လူ့အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ပါဝင်ကူညီနေကြတဲ့အဖွဲ့အစည်းများဆီက အကြံဉာဏ်များရယူရေးဆွဲခဲ့ပါတယ်။ ဒီစီမံချက်ကို စနစ်တကျအကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ အခုလို စီမံချက်တွေကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါက ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ပြည်သူများရဲ့ဘဝများ ကောင်းမွန်တိုးတက်လာစေမယ်လို့ ယုံကြည်ပါတယ်။ ဒီလိုစီမံချက်တွေအောင်မြင်အောင် အကောင်အထည်ဖော်တဲ့အခါမှာလည်း ကျွန်တော်တို့ အစိုးရတစ်ဖွဲ့တည်းအနေနဲ့ လုပ်ဆောင်လို့မရနိုင်ဘဲ ရခိုင်ပြည်နယ်အတွင်းမှာရှိကြတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနဲ့ နိုင်ငံတကာ အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြတဲ့ အဖွဲ့အစည်းအသီးသီးကို လိုအပ်တဲ့ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးသွားမှာဖြစ်သလို ရခိုင်ပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ ပြည်သူများအနေနဲ့လည်း မိမိတို့ပြည်နယ်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး သဘောထားကြီးကြီး၊ အမြင်ကျယ်ကျယ်နဲ့ ဆောင်ရွက်သွားကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

လက်ရှိအခြေအနေမှာ ခက်မသုံးဖြာ အာဏာသုံးရပ်ဖြစ်တဲ့ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ ဥပဒေပြုရေး အာဏာတို့ကို ပီပြင်စေတဲ့ သီးခြားလွတ်လပ်မှုနဲ့ အချင်းချင်းအပြန်အလှန်ထိန်းကျောင်းမှုများ စတင်အသက်ဝင်ဖို့ ကြိုးပမ်းတည်ဆောက်ရာမှာ ကြီးမားတဲ့စိန်ခေါ်မှုတစ်ခုအနေနဲ့ လက်တွေ့ကြုံတွေ့နေရတဲ့ကာလဖြစ်ပါတယ်။ အဲဒီလိုကြိုးပမ်းတည်ဆောက်မှုများမှာ နိုင်ငံသားအခွင့်အရေးကို အကာအကွယ်ပေးနိုင်တဲ့၊ လွတ်လပ်မျှတတဲ့ တရားစီရင်ရေးစနစ်သို့ အသွင်ကူးပြောင်းရေး၊ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီးအစိုးရများ၊ တာဝန်ယူရတဲ့ အုပ်ချုပ်ရေးယန္တရားကို ပြည်သူလူထုအခြေပြုတဲ့ ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးစနစ်သို့ အသွင်ကူးပြောင်းရေး၊ မိမိတို့လူ့အဖွဲ့အစည်းအတွင်း ဆယ်စုနှစ်များစွာလစ်ဟာခဲ့တဲ့ လွှတ်တော်များပေါ်ပေါက်ရေး၊ လွှတ်တော်စနစ်ကို အခြေခံသည့် ဥပဒေပြုရေးဖြစ်စဉ်များ အသက်ဝင်ရှင်သန်ရေးများဟာ အဓိကကျတဲ့လုပ်ငန်းစဉ်များပဲဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအတွင်း အဆင့်ဆင့်တာဝန်ယူလုပ်ဆောင်ခဲ့ရတဲ့ ဝန်ထမ်းအဖွဲ့အစည်းများအနေနဲ့ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နေပေမယ့် နှောင့်နှေးမှုများ၊ အားနည်းမှုများနဲ့ လိုအပ်ချက်များရှိနေသေးတာ အမှန်ပဲဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ အထူးပြုပြောကြားချင်တာကတော့ ဝန်ထမ်းများအနေနဲ့ ချက်ချင်းလက်ငင်း အကောင်အထည်ဖော်နိုင်တဲ့ ကိစ္စရပ်များ၊ ရေတိုလုပ်ဆောင်ရမယ့် ကိစ္စရပ်များ၊ ရေရှည်တည်ဆောက်ရမယ့် လိုအပ်ချက်များကို ရည်မှန်းချက်အဖြစ်ထားပြီး ဒီကနေ့ လက်တွေ့လုပ်ဆောင်နိုင်မယ့်ကိစ္စတွေကို ဦးစားပေးကြိုးပမ်းတည်ဆောက်ကြဖို့နဲ့ ဝန်ထမ်းရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းကြဖို့ လိုအပ်တယ်ဆိုတဲ့အကြောင်းပဲ ဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ကလည်း ဒီလိုကြိုးပမ်းမှုများမှာ နိုင်ငံသားတာဝန် ကျေပွန်စွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းအပ်ပါတယ်။

အဓိကအားဖြင့်တော့ ဒီမိုကရေစီနိုင်ငံကြီးများသည်ပင် လက်ရှိအခြေအနေမျိုးကို ရောက်ရှိဖို့အတွက် နှစ်ပေါင်းရာချီပြီး တည်ဆောက်ခဲ့ကြရတယ်ဆိုတာ အားလုံးသိရှိပြီးဖြစ်ပါတယ်။ သုံးနှစ်ကျော်ကာလအတွင်း ကျွန်တော်တို့လက်ရှိရရှိထားတဲ့အခြေအနေများဟာ မိမိတို့လိုလားတဲ့ ဒီမိုကရေစီစံနှုန်းများနဲ့ တိုင်းတာတဲ့အခါ အကောင်းဆုံးအခြေအနေများကို မရောက်ရှိသေးတာ အမှန်ပဲဖြစ်ပါတယ်။ ဒါပေမယ့် မိမိတို့ ပြည်သူလူထုတစ်ရပ်လုံး ကြိုးပမ်းတည်ဆောက်ပြီး လက်ဝယ်ရရှိပိုင်ဆိုင်ထားတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များရဲ့ လမ်းစများ၊ အခွင့်အလမ်းများကို ဆုံးရှုံးမသွားစေဖို့ ဝိုင်းဝန်းကြိုးပမ်းရမယ့် အချိန်ကာလဖြစ်တဲ့အကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့စည်းလုံးညီညွတ်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်နိုင်အောင် ပြည်တွင်း ငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖန်တီးပေးနိုင်အောင် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

မိဘပြည်သူများ ကိုယ်စိတ်နှစ်ပါး ကျန်းမာ ချမ်းသာကြပါစေ။

အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ ဆုံးမဩဝါဒ

သူများ မျက်ရည်နှင့်ခြေမဆေးချင်နှင့်။
သူများကို ဒုက္ခပေးပြီးမှ ရရှိမည့်ချမ်းသာမှုမျိုးကို
လိုချင်သောသူသည် ရန်သူနှင့် ဆက်ဆံနေရသကဲ့သို့
ရန်မှ မထွက်နိုင်ချေ။

(ဓမ္မပဒ၊ ပကိဏ္ဏကဝဂ်)

ဆွစ်ဇာလန်နိုင်ငံထူထောင်သည့်နေ့ သဝဏ်လွှာပို့

နေပြည်တော် ဩဂုတ် ၁

ဩဂုတ်လ ၁ ရက်နေ့တွင် ကျရောက်သည့် ဆွစ်ဇာလန်နိုင်ငံထူထောင်သည့်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆွစ်ဇာလန်နိုင်ငံ သမ္မတနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒီဒီရာ ဘတ်ခ်ဟော်လ်တာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၁

အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်ခင်စိုးသည် ၎င်း၏ ခန့်အပ်လွှာကို ဇူလိုင် ၂၂ ရက်တွင် တီဟီရန်မြို့၌ အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဟာဆန် ရိုဟာနီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ဘော်လခဲမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြပ်မတ်ဆောင်ရွက်

ဘော်လခဲ ဇူလိုင် ၃၁

ကယားပြည်နယ် ဘော်လခဲခရိုင် ဘော်လခဲမြို့နယ် မြို့လယ်လမ်းဆုံတွင် အများပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိလိုက်နာဆောင်ရွက်နိုင်ရန်အတွက် ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီခွဲတွင် ပြုလုပ်သည်။

ထိုသို့ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ရာတွင် ဘော်လခဲမြို့နယ်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအုပ်စန်းဦး ဦးစီးသည့်အဖွဲ့ဝင်နှစ်ဦးဖြင့် ဘော်လခဲ-ရွာသစ်၊ ဘော်လခဲ-ဖားဆောင်း၊ မယ်စဲ့-မော်ချီးကား လမ်းမကြီးဖြစ်သည့် ဘော်လခဲမြို့လယ် လမ်းဆုံ၌ ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂ နာရီထိ စစ်ဆေးအရေးယူမှုများ၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဆိုင်ကယ်စီးနင်းသူများ ဆိုင်ကယ် ဦးထုပ်မဆောင်း၍ ပညာပေးသတိပေးမှတ်တမ်းများ လက်မှတ်ရေးထိုးခြင်းကိစ္စ အများဆုံးဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

လူတိုင်းအတွက် ပညာရေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၁

တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်သော ဘာသာရပ်များကို ရွေးချယ်ရာတွင် မိမိ၏ ဝါသနာ၊ စိတ်အားထက်သန်မှုအပေါ်မူတည်၍ ရွေးချယ်တတ်စေရန်နှင့် အမှန်တကယ် တတ်ကျွမ်းစေရန် ရည်ရွယ်၍ ဗစ်တိုးရီးယားယူနီဗာစီတီကောလိပ်၏ လူတိုင်းအတွက်ပညာရေး အစီအစဉ်အရ ဘဝအာမခံချက်ရှိသော ဘာသာရပ်များရွေးချယ်သင်ယူခြင်း၊ ပညာရေးအကြောင်းသိကောင်းစရာ ဟောပြောပွဲကို ဇူလိုင် ၃၁ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဆူးလေရှန်ဂရီလာဟိုတယ် ပဲခူးခန်းမ၌ ကျင်းပသည်။ **(စိုးစိုး)**

○ **ဝါလှိုင်လှိုင်ထွက်မှ**

ယခုလက်ရှိ ဝါပင်များမှ ထပ်မံထွက်ရှိသော တက်ပြန် (ထပ်မံထွက်ရှိသော ဝါပင်အကိုင်းအခက်)ထားကြမည်ဟု သိရသည်။ ယင်းဒေသများတွင် ငွေချည် ၆ နှင့် ရွှေ တောင်ဝါမျိုးကိုသာ အစိုက်များသည်။

ဝါစိုက်တစ်ဧကလျှင် လူခုနစ်ယောက် ဝါကောက်မှသာ ပြီးစီးနိုင်ပြီးဝါကောက်သူတစ်ယောက်လျှင် တစ်နေ့ ထမင်းကျွေး ငွေကျပ် ၁၅၀၀ ပေးရပြီး ထမင်းမကျွေးရပါက ငွေကျပ် ၂၀၀၀ ဖြင့် ပေးငှားရသည်။ မိုးလေဝသမှန်ကန်၍ ဝါသီးနှံကောင်းပါက တစ်ဧကလျှင် ဝါပိဿာ ၄၀၀၊ ၅၀၀ ထွက်ရှိနိုင်ပြီး ဝါရှင်သန်မှုအားကောင်းကာ ဝါပွင့်နှုန်းညီလျှင် စိုက်ပျိုးထားသော ဝါခင်းများတွင် ခြောက်ကြိမ်၊ ခုနစ်ကြိမ် အပတ်စဉ်ကောက်ပေးရသည်။ ယခုနှစ်တွင် ဝါသီးနှံမကောင်း၍ လေး၊ ငါးကြိမ်သာ ကောက်ယူ ရရှိနိုင်မည်ဖြစ်ကာ ယခုတွင် ဝါတစ်ပိဿာလျှင် ၁၀၀၀ ကျပ်မှ ၁၁၀၀ ကျပ်ဝန်းကျင် ရောင်းချကြရသည်ဟု သိရသည်။ **လှိုင်သန်းတင့်(ရမည်းသင်း)**

လယ်ဝေးမြို့နယ် အေလာမြို့ မြို့ဦးစေတီအနီးရှိ ရုံးပင်ချောင်းမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း စုပေါင်းလုပ်အားပေးဆောင်ရွက်နေမှု

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၃၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးတို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် အေလာမြို့ ရွာမရပ်ကွက် မြို့ဦးစေတီအနီးရှိ ရုံးပင်ချောင်းမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တို့မှ တပ်မတော်သားများက စုပေါင်းလုပ်အားပေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ရှေးဦးစွာ တာဝန်ရှိသူများက ရုံးပင်ချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျနေ၍ မြေထိန်းနံရံလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကမ်းပါးပြိုကျမှုကာကွယ်ရန်အတွက် ပြုလုပ်နေသော မြေထိန်းနံရံအား ကြာရှည်တည်တံ့ခိုင်မြဲစေရေး၊ အချိန်မီမြန်ဆန်စွာဖြင့် လုပ်ငန်းပြီးစီးရေး၊ လိုအပ်သောလုပ်အားနှင့် စက်ယန္တရားများကို အပြည့်အဝအသုံးပြုဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အေလာမြို့ ရပ်မိရပ်ဖများ၊ ကျေးရွာ အထောက်အကူပြုအဖွဲ့ဝင်များ၊ အာယုပုညမိုးကောင်းစေတီဂေါပကအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် မြို့ဦးစေတီအနီးရှိ ရုံးပင်ချောင်းမြေထိန်းနံရံတည်ဆောက်ရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)နှင့်နေပြည်တော်တိုင်းစစ်ဌာနချုပ်တို့မှ တပ်မတော်သားများက မျောပိုင်ရိုက်ကျောက်ကြီးစီမြေထိန်းနံရံလုပ်ငန်း၊ Gabion Wall ကျောက်စီမြေထိန်းနံရံလုပ်ငန်းနှင့် ရေလမ်းကြောင်းလွှဲလုပ်ငန်းများအား စုပေါင်းဆောင်ရွက်နေမှုကိုကြည့်ရှုအားပေးသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အေလာမြို့ရွာမရပ်ကွက်ရှိဂိုဏ်းထောက် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ သက်တော်(၉၆)နှစ်ရှိဂိုဏ်းထောက်ကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒအား ဖူးမြော်ကြည်ညိုပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အေလာ မြို့ဦးစေတီတော်တည်ထားလျက်ရှိသော ကုန်းတော်သည် ရုံးပင်ချောင်း၏ ချောင်းရေတိုက်စားမှုကို နှစ်စဉ်ကြုံတွေ့နေရပြီး ကျေးရွာအစီအစဉ်ဖြင့် မြေထိန်းနံရံတည်ဆောက်ခဲ့သော်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ပြန်လည်ပျက်ဆီးခဲ့ရသည်။ ၂၀၁၃ ခုနှစ်တွင် ချောင်းရေတိုက်စားမှုကြောင့် အရန်စေတီတော်တစ်ဆူနှင့် မဟာဗောဓိညောင်ပင်တို့သည် ကမ်းပါးပြိုကျကာ မြေခခဲ့ရသည်။ ယခုနှစ်တွင်လည်း ကမ်းပါးပြိုကျမှုသည် စေတီတော်နှင့် ၂၅ ပေအကွာသို့လည်းကောင်း၊ ရွာမအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့်လည်း ပေ ၁၀၀ ခန့်အကွာသို့လည်းကောင်း ရောက်ရှိနေပြီဖြစ်သည်။

ထိုရုံးပင်ချောင်းရေတိုက်စားမှုကို ကာကွယ်နိုင်ခြင်းမရှိပါက မြို့ဦးစေတီတော်၊ အခြေခံပညာအလယ်တန်းကျောင်းတို့အပြင် အေလာမြို့လူနေအိမ်များကိုပါ ထိခိုက်ပျက်စီးလာနိုင်၍ ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများအနေဖြင့် တပ်မတော်သားများက စက်အား၊ လူအား၊ ငွေအားဖြင့် ပူးပေါင်းပါဝင်လှူဒါန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင်ကြားပေးရေး၊ ကူညီထောက်ပံ့ပေးရေးနှင့် စွမ်းအင်ကဏ္ဍတွင် အမေရိကန်ကုမ္ပဏီများ ပိုမိုရင်းနှီးမြှုပ်နှံရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၃၁

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် US-ASEAN Business Council ဥက္ကဋ္ဌ Mr.Alexander C Feldman ဦးဆောင်သည့် Exxon Mobil, Chevron, Caterpillar, GE, Conoco Phillips, Banker & McKenzie တို့ အပါအဝင် US-ASEAN ကိုယ်စားလှယ်များနှင့် ယနေ့နံနက် ၁၀ နာရီတွင် ယင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင်ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက စွမ်းအင်ကဏ္ဍနှင့် စပ်လျဉ်းသည့် ဝန်ကြီးဌာနများ၏ စွမ်းအင်အမျိုးအစားအလိုက် လုပ်ငန်းခွဲဝေဆောင်ရွက်သည့် အခြေအနေ၊ အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုကော်မတီ (NEMC)၏ ဖွဲ့စည်းပုံနှင့် အမျိုးသားစွမ်းအင်မူဝါဒရေးဆွဲပြီးစီးမှု၊ စွမ်းအင်ဝန်ကြီးဌာန၏ Upstream ကဏ္ဍတွင် ကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များမှ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု၊ တင်ပို့ရောင်းချမှုနှင့် ပြည်တွင်းသုံးအတွက်ဖြန့်ဖြူးပေးနေမှုများ၊ ကမ်းလွန်သဘာဝဓာတ်ငွေ့မြေများမှ လက်ရှိ သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှုနှင့် စပ်လျဉ်း၍ ရတနာသဘာဝဓာတ်ငွေ့စီမံကိန်း၊ ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံ ကိန်း၊ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းတို့၏ လက်ရှိဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ကုန်းပိုင်းနှင့် ကမ်းလွန် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများအတွက် အပြည်ပြည်ဆိုင်ရာတင်ဒါခေါ်ယူခြင်းကိစ္စများ၊ ကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များ၌ နိုင်ငံတကာရေနံကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ Upstream ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် Downstream ကဏ္ဍ၌ မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်းနှင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးပြီး အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ယခုအချိန်တွင် မြန်မာနိုင်ငံသည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များ၌ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားလုပ်ငန်းများ ထိခိုက်မှုမရှိစေရန်အတွက် EIA/SIA လုပ်ငန်းများနှင့် ဒေသခံများအတွက် လူမှုစီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေးလုပ်ငန်းများမှ တာဝန်ယူမှုနှင့် တာဝန်ခံမှု CSR လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် အရည်အသွေးမြှင့်တင်နိုင်ရေးအတွက် Capacity Building လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိရာ US ကုမ္ပဏီများအနေဖြင့် Human Resources ဖွံ့ဖြိုးတိုးတက်စေရန်အတွက် Training Centre များ ဖွင့်လှစ်သင်ကြားပေးရေး၊ ကူညီထောက်ပံ့ပေးရေးနှင့် မိမိတို့နိုင်ငံ၏ စွမ်းအင်ကဏ္ဍတွင် အမေရိကန်ကုမ္ပဏီများ ပိုမိုရင်းနှီးမြှုပ်နှံရေးကိစ္စတို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင် (၁/၂၀၁၄) ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ (၁/၂၀၁၄)ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် (C-ဆောင်အပေါ်ထပ်)အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မရှင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးတင်မောင်ဦး (ရွှေပြည်သာမဲဆန္ဒနယ်)က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး ဦးသိန်းထွန်းဦး (အမရပူရ မဲဆန္ဒနယ်)နှင့် ကော်မရှင်အဖွဲ့ဝင်များက ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်ကို ဥက္ကဋ္ဌ ဦးတင်မောင်ဦး (ရွှေပြည်သာမဲဆန္ဒနယ်)၊ အတွင်းရေးမှူး ဦးသိန်းထွန်းဦး (အမရပူရ မဲဆန္ဒနယ်)၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်း (တောင်တွင်းကြီး မဲဆန္ဒနယ်)အပါအဝင် အဖွဲ့ဝင် ၂၄ ဦးဖြင့် ဖွဲ့စည်းထားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၂ နှင့် ပုဒ်မ ၇၀ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိပြီး ဒီမိုကရေစီစနစ်ကို ပိုမိုဖော်ဆောင်နိုင်သော ရွေးကောက်ပွဲစနစ်ကို ရွေးချယ်ကျင့်သုံးနိုင်ရေးအတွက် “ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်”ကို ဖွဲ့စည်းလိုက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၆ ။)

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

(၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကာလစည်းကမ်းသတ်အက်ဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၁ ကို အောက်ပါ ပုဒ်မ ၁ ဖြင့် အစားထိုးရမည် -

"1. This Act shall extend to the whole of the Republic of the Union of Myanmar."

၃။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၅ ရှင်းလင်းချက်တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union, a High Court of the Region or a High Court of the State or a District Court" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၄။ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမဇယား၊ ပထမပိုင်း၊ ဒုတိယပိုင်းနှင့် တတိယပိုင်းတို့တွင် -

(က) အပိုဒ် ၁ ကို ပယ်ဖျက်ရမည်။

(ခ) အပိုဒ် ၁၅၂ နှင့် အပိုဒ် ၁၅၃ တို့၌ ပါရှိသော "the District Court" ဆိုသည့် စကားရပ်ကို "a Court of the Self-Administered Division, a Court of the Self-Administered Zone or a District Court" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) အပိုဒ် ၁၅၂-က နှင့် အပိုဒ် ၁၅၄ တို့၌ ပါရှိသော "the State or Divisional Court" ဆိုသည့် စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) အပိုဒ် ၁၆၁ ကို ပယ်ဖျက်ရမည်။

(င) အပိုဒ် ၁၆၂ နှင့် ၁၈၃ တို့တွင် ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) အပိုဒ် ၁၇၃ တွင် ပါရှိသော "article 161 and" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မတ္တရာမြို့နယ်၌ ပညာရည်ချွန်ဆုချီးမြှင့်ပွဲများ ကျင်းပ

မန္တလေး ဇူလိုင် ၃၁

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် သုံးဆယ်ပေးကျေးရွာနှင့် ညောင်ကုန်းတောင်ကျေးရွာ ဇာတိမြေမှ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဗိုလ်မှူးချုပ်အောင်သိန်း(ငြိမ်း)၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲများကို ဇူလိုင် ၂၈ ရက်နှင့် ၃၀ ရက်တို့တွင် အသီးသီးကျင်းပခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် သုံးဆယ်ပေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသော ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ဗိုလ်မှူးချုပ်အောင်သိန်း(ငြိမ်း)က ဂုဏ်ပြုစကားပြောကြားပြီး နှစ်ထပ်ကွမ်း ဘက်စုံထူးချွန်ဆုရ မောင်အောင်မြတ်မင်း၊ သုံးဆယ်ပေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ၊ ကျောင်းကြီးကြပ်မှုဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ၊ သုံးဆယ်ပေးကျေးရွာဇာတိ အဝေးရောက် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများ၊ သူငယ်တန်းမှနဝမတန်းအထိ အတန်းလိုက်ပထမဆုရရှိသူများ၊ ဂုဏ်ထူးရရှိအောင်သင်ကြားပေးခဲ့သော ဆရာဆရာမများ၊ သုံးဆယ်ပေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၏ ဉယျာဉ်မှူးပညာရေးဝန်ထမ်းများနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၏ မိဘတို့ကိုပါ ဂုဏ်ပြုဆုများ ချီးမြှင့်ကာ ကျောင်းစာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းခဲ့ပြီး အလှူရှင်ဦးတင်မောင်ဝင်း-ဒေါ်သန်းသန်းအေး (ရွှေနေခြည်ကုမ္ပဏီ) မိသားစုကလည်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)**

အလားတူ ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီတွင် ညောင်ကုန်းတောင် အခြေခံပညာအလယ်တန်းကျောင်း ခန်းမ၌ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အလှူရှင် ဒုတိယဝန်ကြီး(ငြိမ်း) ဗိုလ်မှူးချုပ်အောင်သိန်း(ငြိမ်း)က ဂုဏ်ပြုစကားပြောကြားပြီး ဂုဏ်ပြုဆုများချီးမြှင့်ကာ ကျောင်းစာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းပြီး အလှူရှင် ဦးတင်မောင်ဝင်း-ဒေါ်သန်းသန်းအေး (ရွှေနေခြည်ကုမ္ပဏီ)မိသားစုက ဂုဏ်ပြုဆုများနှင့် ကျောင်းအတွက် အလှူငွေကျပ် ၁၀ သိန်းပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျောင်းပညာရေးဖောင်ဒေးရှင်းအတွက် ကျောင်းအကျိုးတော်ဆောင်များ ဖြစ်ကြသော ဦးကိုကိုနိုင် - ဒေါ်သင်းသင်းမိုး၊ ဦးဆန်းဝင်း-ဒေါ်ကြည်ကြည်မြင့်၊ ဦးကျော်စိုး-ဒေါ်သီတာ (နန်းထိုက်အောင်ကုမ္ပဏီလီမိတက်)မိသားစုတို့က ငွေကျပ်တစ်သိန်းစီအား လည်းကောင်း၊ ဦးကျော်စိုး-ဒေါ်သီတာ (နန်းထိုက်အောင်ကုမ္ပဏီလီမိတက်) မိသားစုက ဇာတိမြေညောင်ကုန်းတောင်ရွာအတွက် နေ့စဉ်ထုတ်မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာ ငါးစောင်စီအတွက် တစ်နှစ်စာ ငွေကျပ်တစ်သိန်း ရှစ်သောင်းကို လှူဒါန်းခဲ့ကြသည်။

တင်မောင်(မန်းကိုယ်ပွား)

စာအုပ်မျိုးစုံ ပြည်သူများလက်ဝယ် အရောက်ပို့

လှလေးစိန်(ရွှေလုံမြေ)

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၈-၆-၂၀၁၄ ရက်နေ့ မွန်းလွဲ ၁ နာရီက ပညာအလင်းခေတ်မီစာကြည့်တိုက်တွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို ဦးစီးမှူးများမှစ၍ ရုံးစောင့်အဆုံး တစ်ယောက်မကျန် တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ရှေ့ဆက်သွားမည့်လုပ်ငန်းစဉ်များကို အောင်မြင်အောင်အကောင်အထည်ဖော်ရန်၊ မိမိတို့ဌာနသည် ပြည်သူကိုဗဟိုပြုပြီး ဝန်ဆောင်မှုပေးနေရသော ဌာနဖြစ်သည့်အတွက် ဝန်ထမ်းများ၏စွမ်းဆောင်ရည်များ တိုးတက်မြင့်မားရန် ပေးအပ်သောတာဝန်များကို နှစ်ဆပိုပြီးကြိုးစား၍ လုပ်ရန်လိုကြောင်း၊ ဌာန၏ရည်မှန်းချက်တာဝန် (၁၀) မျိုးအပြင် ဝန်ထမ်းအားလုံး ကိုယ်လုပ်ရမည့်အလုပ်ကို တာဝန်ယူမှုအသိစိတ်ဓာတ်အပြည့်နဲ့ လုပ်ဆောင်ကြရန် ဆွေးနွေးလမ်းညွှန်မှာကြားခဲ့သည်များနှင့်အညီ ကျွန်မတို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများအားလုံး ပြည်သူတွေအတွက် အကောင်းဆုံးဝန်ဆောင်မှုတွေ လုပ်ဆောင်ပေးရန် အားကြိုးမာန်တက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

"အလိမ္မာ စာမှာရှိ" ဟူသောစကားနှင့်အညီ ပညာရပ်ပေါင်းစုံနှင့်ပတ်သက်သော စာအုပ်စာတမ်းများ သိုမှီးထားရှိပေး သောနေရာကား စာကြည့်တိုက်များပင်ဖြစ်ပါသည်။ စာကြည့်တိုက်ကပေးသော အသိပညာဖြင့် နောင်လာ နောက်သား ကျောင်းသား ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးမှု ရှိလာခြင်း၊ ဗဟုသုတအဝဝနှင့် ပြည့်စုံပြီး စာဖတ်ဝါသနာ ရင့်သန်လာခြင်း၊ အမြင်ပိုမိုကျယ်ပြန့်လာခြင်း၊ အမှန်ကိုသိပြီး အမှားကို ဖယ်လာနိုင်ခြင်းတို့ကြောင့် စာကြည့်တိုက်များသည် နိုင်ငံတော်တိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းကနေ ဖြည့်ဆည်းပေးလျက်ရှိပါသည်။ သို့သော် နည်းပညာတိုးတက်ပြောင်းလဲနေသော မျက် မှောက်ခေတ်တွင် စာကြည့်တိုက်များသို့ လာရောက်အသုံးပြုမှုများ နည်းပါးလာသည်ဖြစ်သည့်အတွက် ကျွန်မတို့ ဝန်ထမ်းများသည် စာကြည့်တိုက် အသုံးဝင်ပုံ၊ စာဖတ်ခြင်း၏အကျိုးတို့ကို စာဖတ်သူပြည်သူများထံ အရောက်သွားကာ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများပြုလုပ်ရင်း ပြည်သူများလက်ဝယ်အရောက်ပို့သည့် စာငှားစနစ်ကို တစ်လ (၅)ကြိမ်၊ (၆)ကြိမ် နယ်လှည့်ထွက်ရင်း စာအုပ်များကို ထိရောက်စွာငှားရမ်းပေးနေကြသည်။ စာဖတ်ချင်သူများအတွက် သူတို့ဖတ်ချင်တဲ့စာအုပ်များကို အတတ်နိုင်ဆုံးရှာဖွေပြီး ယူဆောင်လာပေးခြင်းဖြင့် စာဖတ်ချင်သူဦးရေများ တိုးပွားလာပြီး စာအုပ်ငှားသူများလည်း များလာမည်ဟုလည်း ယုံကြည်မိသည်။ ကျွန်မတို့ရုံးမှာ မရှိရင် တခြားရုံးကနေ ငှားပေးမယ်ဆိုတဲ့စိတ်နဲ့ ရဲရဲကြီး အာမခံပေးခဲ့သည်။ "နောက်တစ်ခေါက်လာရင် စာအုပ်တွေများများ ယူခဲ့ပေးပါနော်၊ ပြည်သူတွေဆီကိုအရောက်ပို့ပြီး စာအုပ်များငှားနေတာကိုတွေ့ရတော့ ဝမ်းသာမဆုံးဖြစ်ကြရပါတယ်" ဟု စာအုပ်ငှားသူတစ်ဦးက ဝမ်းသာအားရပြောပြသည်။

ပြည်သူတွေ လိုက်လှဲစွာကြိုဆိုနေကြခြင်းဖြင့် နိုင်ငံတော်အတွက်၊ ပြည်သူတွေရဲ့ဘဝအတွက် ရှေ့လာမည့် အနာဂတ်တွင် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာလိမ့်မည်ဟု မျှော်လင့်မိပါသည်။ အထူးသဖြင့် အနာဂတ်၏ ထူးချွန်ထက်မြက်သည့် ကြယ်ပွင့်လေးများဖြစ်လာမည့် ကျောင်းသားကျောင်းသူများသည် ယနေ့ ပြုပြင်ပြောင်းလဲမှုများနှင့် ပညာရေးစနစ်ကို အကောင်းဆုံးဖြစ်အောင် ပြုလုပ်နေကြရာ၊ ကျောင်းများ၌လည်း ကျောင်းစာကြည့်တိုက်များကို စနစ်တကျထားရှိပေးပြီး ကျောင်းသား ကျောင်းသူများကို စာဖတ်ခြင်းအလေ့အထများ ကျယ်ကျယ်ပြန့်ပြန့်ရှိစေမည်ဖြစ်သည်။

ဤလရာသီတွင် ကျောင်းများဖွင့်ချိန်ဖြစ်၍ ကျွန်မတို့ ပြန်/ဆက်ဝန်ထမ်းများ ကျောင်းများသို့သွားရောက်ပြီး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရင်း ကျောင်းသား ကျောင်းသူများဖတ်သင့်သည့် ကောင်းနိုးရာရာ သုတ၊ ရသစာအုပ်များအပြင် ဆရာ ဆရာမများဖတ်ရန် သုတ၊ ရသစာအုပ်ကောင်းများကိုရွေးပြီး ယူသွားကြရမည်။ ယနေ့အချိန်အခါသည် ကျောင်းသား ကျောင်းသူများသည် ကျောင်းစာတစ်ခုတည်းကို သင်ယူရမည့် အခြေအနေ မဟုတ်ပါ။ ဘက်ပေါင်းစုံမှ ဗဟုသုတမျိုးစုံကို လေ့ကျင့်သင်ကြားပေးနေသည့်အချိန် ဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများအတွက် စာဖတ်ခြင်း၊ စာဖတ်ရှိန်မြှင့်တင်ခြင်းများ ပြုလုပ်ပေးခြင်းဖြင့် အသိဉာဏ်ဗဟုသုတများကို ကြွယ်ဝတိုးတက်စေနိုင်ပြီး နိုင်ငံတော်အတွက် သားကောင်း သမီးကောင်းများကို မွေးထုတ်ပေးနိုင်မှာဖြစ်သည့်အတွက် တာဝန်ရှိ ဆရာ ဆရာမများကလည်း တက်တက်ကြွကြွ စေတနာထားကာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ဖြည့်ဆည်းပေးကြမည်ဆိုလျှင် အနာဂတ်အတွက် ရည်မှန်းချက်များ အောင်မြင်နိုင်ပေလိမ့်မည်။

ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူအများ စာဖတ်စေချင်သည့်အတွက် ပြည်သူ့စာကြည့်တိုက်များအပြင် စာပေရေချမ်းစင်အကြီး၊ နံရံကပ်စာပေရေချမ်းစင်များကို သဘော်ဆိပ်၊ လေဆိပ်၊ ကားဂိတ်နှင့် လူစည်ကားရာနေရာများဖြစ်သည့် ဆေးရုံ၊ ဆေးခန်း၊ ဈေး၊ ဘဏ်များနှင့် ဌာနဆိုင်ရာများတွင် ထားရှိပေးနေပြီဖြစ်သည်။ Internet ခေတ်ကြီးမှာ လူတိုင်းဖုန်းကိုင်နိုင်ပြီဖြစ်သည့်အတွက် စာဖတ်ဝါသနာပါသူများ၊ စာဖတ်ချင်သူများ ဖတ်ချင်သည့် စာရေးဆရာ၏ စာအုပ်များကို အလွယ်တကူ ငွေမကုန်ဘဲ Internet မသုံးရဘဲ wifi ဖွင့်လိုက်ရုံဖြင့် ပြည်သူများ စာပေအလွယ်တကူ ဖတ်ရှုနိုင်ရန် Public Digital Library Service စက်များကို အခမဲ့သုံးရန် တပ်ဆင်ပေးထားလျက်ရှိရာ လောလောဆယ် ဆေးရုံကြီးအရေးပေါ်ဌာန၊ ရွှေတိဂုံဘုရား တောင်ဘက်မုခ်၊ သိမ်ကြီးဈေး မဟာသိမ်တော်ကြီးနှင့် ပညာအလင်း ခေတ်မီစာကြည့်တိုက် ပန်းဆိုးတန်းတို့တွင် ထားရှိဆောင်ရွက်ပေးလျက်ရှိနေပြီး ကျန်ရှိနေသော အခြားမြို့နယ်များသို့လည်း ဆက်လက်၍ ဝန်ဆောင်မှုများ ပေးရန်ရှိပါသည်။

အခက်အခဲအမျိုးမျိုး၊ အကြောင်းအမျိုးမျိုးရှိသော ပြည်သူတွေဆီအရောက်ပို့စနစ်ဖြင့် နယ်လှည့် စာငှားခြင်းကို ဝန်ထမ်းများအားလုံး စိတ်တူကိုယ်တူ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပျော်ရွှင်သော အပြုံးများဖြင့် တက်ကြွစွာ ပြည်သူများ ဖတ်ချင်သော သုတ၊ ရသ စာအုပ်မျိုးစုံကို ပြည်သူများလက်ဝယ် အရောက်ပို့ပြီး ငှားရမ်းလျက်ရှိသည်။ စာပေများကိုဖတ်ရှုရင်း ပြည်သူအများ အသိပညာဖွံ့ဖြိုးတိုးတက်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဝန်ဆောင်မှုများ အပြည့်ပေးရင်း ပြည်သူများအတွက် ကြိုးစားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

> **ကျောင်းများ၌လည်း ကျောင်းစာကြည့်တိုက်များကို စနစ်တကျ ထားရှိပေးပြီး ကျောင်းသား ကျောင်းသူများကို စာဖတ်ခြင်း အလေ့အထများ ကျယ်ကျယ် ပြန့်ပြန့်ရှိစေ။**

မြိတ်တက္ကသိုလ်တွင် ရက်သတ္တပတ်အလိုက် သင်ရိုးညွှန်းတမ်းပြင်ပလှုပ်ရှားမှုအစီအစဉ်များ ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိ

မြိတ် ဇူလိုင် ၃၁

ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရည်ဖွံ့ဖြိုးတိုးတက်မှု နှစ်ရှည်စီမံကိန်း(အဆင့်မြင့်ပညာကဏ္ဍ)ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အဆင့်မြင့်ပညာဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဒုတိယပညာသင်နှစ်ဝက်ကာလတွင် မြိတ်တက္ကသိုလ် **(အပေါ်ပိုင်း)** ကျောင်းသား ကျောင်းသူများ ဗလငါးတန် ဖွံ့ဖြိုးရေးအတွက် အားကစား၊ စာပေနှင့် အနုပညာများကဏ္ဍကို ရက်သတ္တပတ်အလိုက် သတ်မှတ်ကာ သင်ရိုးညွှန်းတမ်းပြင်ပလှုပ်ရှားမှုများအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ကဏ္ဍအလိုက် ရက်သတ္တပတ်အလိုက်သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အားကစားကဏ္ဍအနေဖြင့် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ဘာသာရပ်ပေါင်းစုံဘော်လီဘော(အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိပြီး အနုပညာကဏ္ဍအနေဖြင့် ဩဂုတ်လအတွင်း မြိတ်တက္ကသိုလ်စာပေနှင့် အနုပညာအသင်းက ကြီးမှူး၍ ဘာသာရပ်အလိုက် အနုပညာစွမ်းရည်ပြိုင်ပွဲများကို ဧည့်သည်တော် အဆိုပညာရှင်များ၏ ဖျော်ဖြေမှုနှင့်အတူ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ စာပေကဏ္ဍအနေဖြင့် ဩဂုတ်လအတွင်း ယဉ်ကျေးလိမ္မာသင်တန်း၊ ရှေးဦးပြုစုခြင်းသင်တန်း (၂/၂၀၁၄)၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပြည်ပလေ့လာရေးနှင့် သုတေသနဆောင်ရွက်ခဲ့သည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ အတွေ့အကြုံရှင်းလင်းပွဲ၊ စာပေပညာရှင်များအား ဖိတ်ကြား၍ စာပေဟောပြောပွဲများကို ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားဟောင်းများနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(ခရိုင်ပြန်/ဆက်)

မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေပေးအပ်ပွဲနှင့် ငွေစာရင်းထပ်ဆင့် ဆင့်ပွားသင်တန်းကျင်းပ

မအူပင် ဇူလိုင် ၃၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေပေးအပ်ပွဲနှင့် ငွေစာရင်းထပ်ဆင့် ဆင့်ပွားသင်တန်းကို ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်းကော်မတီဝင်များ၊ ကျေးရွာရန်ပုံငွေကြီးကြပ်ရေးကော်မတီဝင်များ တက်ရောက်ပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလင်းထွန်းက မြစိမ်းရောင်စီမံကိန်းဆောင်ရွက်မည့် ကျေးရွာ ခုနစ်ရွာအတွက် ထုတ်ချေးပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကာ ကျေးရွာတစ်ရွာလျှင် မြစိမ်းရောင်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ပြီး ငွေစာရင်း ထပ်ဆင့် ဆင့်ပွားသင်တန်းပို့ချကြောင်း သိရသည်။

အောင်ခိုင်(ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၈-၂၀၁၄ (သောကြာနေ့)

၅း၀၀	ပဌာန်းပါဠိတော်၊ အာဋာနာဋိယသုတ်
၇း၃၀	MRTV-4 သတင်း
၈း၀၀	Cartoon Series (Go Go Giggles)
၉း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နူးညံ့သော ပျော်ရွှင်မှု" (အပိုင်း-၂၅)
၁၀း၀၀	ခေတ်သစ်ပျိုမေ
၁၀း၄၅	အနုပညာမိုးကောင်းကင်
၁၁း၀၅	ဟင်းချက်ရအောင်
၁၁း၃၅	MRTV-4 Stage
၁၂း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာနန်းတော်" (အပိုင်း-၃၈)
၁၂း၄၀	တောင်တန်းများ၏ ဗုဒ္ဓဝင်တိုင်းပြည်





✳ ပြည်သူ့လွှတ်တော်မှ

စစ်ဆေးတွေ့ရှိချက်နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်းနှင့် ကိုက်ညီမှုမရှိသော တာယာ၊ ဘက်ထရီ အဟောင်း ရောင်းချရငွေကျပ်(၀ ဒသမ ၁၀၂) သန်းအား ပေးသွင်းရန် စာရင်းပေါ်ပေါက်ခြင်းအတွက် ပြန်လည်စိစစ်၍ ၂၀၁၄ ခုနှစ် မတ် ၂၅ ရက်တွင် ပေးသွင်းစေခဲ့ပြီး ဖြစ်ပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမ (၆) လအတွက် စစ်ဆေးတွေ့ရှိချက်နှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း ငွေစာရင်းခေါင်းစဉ်အသီးသီးမှ ကျခံသုံးစွဲခဲ့သော အသုံးစရိတ်ငွေစုစုပေါင်း ကျပ်သန်း(၁၂ ဒသမ ၄၇၅)ကို ၂၀၁၃ ခုနှစ် ဧပြီလ တွင် ထုတ်ယူခဲ့ခြင်းအတွက် နောင်တွင် အသုံးစရိတ်များကျခံသုံးစွဲရာ၌ လုပ်ငန်း ဆောင်ရွက်ခဲ့သော ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေမှ ကျခံသုံးစွဲမည် ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနမှ ရုံးသုံးစက်ကိရိယာများ ခေါင်းစဉ်အောက်တွင် ဖြည့်စွက် ခွင့်ပြုငွေအဖြစ် ကျပ်သန်း (၅ ဒသမ ၃၀၀)ကို ထပ်မံခွဲဝေချထားခြင်းမှာ အမျိုးသားစီမံကိန်းဥပဒေတွင် ပါဝင်မှုမရှိခဲ့ခြင်းအတွက် နောင်တွင် တည်ဆဲ ဘဏ္ဍာရေးစည်းမျဉ်းများနှင့် ညီညွတ်စေရေး စီမံဆောင်ရွက်သွားမည်ဖြစ် ကြောင်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ ပြန်ကြားခဲ့ပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က "ပြည်ထောင်စုတရားလွှတ်တော် ချုပ်ရုံးနှင့် ပတ်သက်သည့် လာဘ်ပေးလာဘ်ယူ အမှု (၃)မှုမှာ မည်သည့်အမှုများ ဖြစ်သည်၊ တရားရေးဝန်ထမ်းများနှင့် ပတ်သက်သော တိုင်ကြားစာများအနက် ထင်ရှားမှုရှိသော အမှုအရေအတွက် မည်မျှရှိသည်တို့ကို သိရှိလိုကြောင်း" မေးမြန်းရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေး ကော်မတီက ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ အကြောင်းကြားခဲ့သည့် အမှု (၃)မှုရှိခဲ့ပါကြောင်း၊ ယင်းအမှုမျိုးနှင့် သက်ဆိုင်သည့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တရားရုံးမှ တွဲဖက်မြို့နယ်တရားသူကြီးနှင့် ဒုတိယမြို့နယ်တရားသူကြီးတို့အပေါ် တိုင်ကြား မှုဖြင့်ပတ်သက်၍ ပဏာမစစ်ဆေးရာ လာဘ်ငွေတောင်းခံရယူကြောင်း အထောက်အထားမတွေ့ရှိသော်လည်း အမှုနှင့်ပတ်သက်၍ ဥပဒေလုပ်ထုံး လုပ်နည်းနှင့်အညီ ဆောင်ရွက်ထားမှု ရှိ/မရှိ စိစစ်ပြီး ပြန်လည်တင်ပြပေးရန် လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီမှ အကြောင်းကြား ခဲ့သဖြင့် အမှုတွင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ် ကြောင်းကို စိစစ်ပြန်ကြားခဲ့ပါကြောင်း။

ကျောက်တံခါးမြို့နယ်တရားရုံး ရုံးအကူဝန်ထမ်းမှ လောင်းကစားမှုတွင် လာဘ်ငွေ ၁ သိန်း တောင်းခံခဲ့ကြောင်း ကိုသိန်းအေး၏ တိုင်ကြားမှုနှင့် ပတ်သက်၍ ပဏာမစိစစ်ပြီးနောက် လိုအပ်သလို အရေးယူဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ချက်ကို ပြန်ကြားပေးရန် အကြောင်းကြားချက်အရ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှု ဖွင့်လှစ်စစ်ဆေးရာတွင် တိုင်ကြားသူမှာ ငွေပေးသည်ဆိုခြင်းကို ကိုယ်တိုင်ပါဝင်သိရှိသူမဟုတ်ကြောင်း ပေါ်ပေါက်သည့်အပြင် ငွေပေးကြောင်း မြင်တွေ့သိရှိသည်ဆိုသော တရားခံ၏ခင်ပွန်း၏အစ်မ မသန်းအေးက ငွေပေး သည်ကို မသိရှိကြောင်း၊ ၎င်းရှေ့တွင်လည်း မပေးကြောင်းထွက်ဆိုခဲ့သဖြင့် လာဘ်ငွေရယူကြောင်း မပေါ်ပေါက်သော်လည်း ဝန်ထမ်းတာဝန်ထမ်းဆောင်ရာ တွင် အများအမြင်ရှင်းလင်းအောင် ပြုမူနေထိုင်ရန် လိုအပ်သဖြင့် သတိပေး သည့် ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ချမှတ်၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခဲ့ သည့် ဆောင်ရွက်ချက်ကို ပြန်ကြားခဲ့ပါကြောင်း။

ကျောက်တံခါးမြို့နယ်မှ ဦးစီကူးမား၏ တိုင်ကြားချက်နှင့်ပတ်သက်သည့် အမှုတွင် အဓိကသက်သေခံချက်များနှင့်စပ်လျဉ်းသည့် မြို့နယ်တရားသူကြီး၏ သုံးသပ်ဆုံးဖြတ်ချက်များအပေါ် အရေးယူဆောင်ရွက်နိုင်ရန်နှင့် ဆောင်ရွက် ချက်ကို ပြန်ကြားပေးရန် ကော်မတီက အကြောင်းကြားချက်အရ စိစစ်၍ မြို့နယ်တရားသူကြီးသည် အမှုတွင်ပေါ်ပေါက်သည့် သက်သေခံချက်များ အပေါ် မိမိဆင်ခြင်တုံတရားအရ သုံးသပ်၍ ဆုံးဖြတ်ဆောင်ရွက်ခြင်းသာဖြစ် သည်ကို တွေ့ရှိရကြောင်းနှင့် ၎င်းအား ပြောင်းရွှေ့နေရာချထားခဲ့ကြောင်းကို စိစစ်ပြန်ကြားခဲ့ပါကြောင်း။

ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း။

ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး။

လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီက အကြောင်း ကြားခဲ့သည့် အဆိုပါအမှုများနှင့် ပတ်သက်၍ စီမံခန့်ခွဲရေးနည်းလမ်းအပြင် ဥပဒေကြောင်းအရ တရားစွဲဆို အရေးယူဆောင်ရွက်ခဲ့မှုများ မရှိပါကြောင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ အတည်ဖြစ်ခဲ့သော ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့မှ ၂၀၁၄ ခုနှစ် ဧပြီလ ၂၂ ရက်နေ့အထိ တရားသူကြီးများ၊ တရားရေးဝန်ထမ်းများနှင့် ပတ်သက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့ ပေးပို့လာသည့် လာဘ်ပေးလာဘ်ယူမှုနှင့်စပ်လျဉ်းသည့် လက်ခံရရှိသည့် တိုင်စာပေါင်း ၁၃ စောင်၊ စုံစမ်းစစ်ဆေးပြီး မမှန်ကန်၍ ပိတ်သိမ်းသည့် တိုင်စာပေါင်း ၇ စောင်၊ စုံစမ်းစစ်ဆေးဆဲ တိုင်စာပေါင်း ၆ စောင်၊ တရားစွဲဆို သည့် တိုင်စာ ၁ စောင်ရှိပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ အရ အရေးယူရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်း ပေးပို့ခဲ့သော အမှုမရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်းက "အစားအသောက်လုံခြုံ ရေးနှင့် ပတ်သက်၍ အမျိုးသားအစားအသောက် ဥပဒေနှင့်အညီ မည်ကဲ့သို့ စီမံထားသည်ကို သိရှိလိုကြောင်း မေးမြန်းရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနကို ၂၀၁၃ ခုနှစ် ဧပြီလတွင် တိုးချဲ့ဖွဲ့စည်းခွင့်ရရှိပြီး အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းများကို ပိုမို အားဖြည့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အန္တရာယ်ရှိ သော အစားအသောက်များနှင့် အရည်အသွေးပြည့်မီမှုမရှိသည့် အစား အသောက်များ ဈေးကွက်ထောက်လှမ်းမှုကိုလည်း ဆောင်ရွက်လျက်ရှိပြီး မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ ကြီးကြပ်၍ ဈေးကွက်နမူနာကောက်ယူခြင်း၊ ဓာတ်ခွဲစစ်ဆေးချက်အရ စားသုံးရန်မသင့် သည့် စားသောက်ကုန်များကို သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်းတို့ကို ဆောင်ရွက် ခဲ့ပါကြောင်း။

ကျောင်းမုန့်ဈေးတန်း အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေး စီမံချက်အဖြစ် ၂၀၁၄ နှစ်ဦးပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန် တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် လည်း ကောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း ဇွန်လမှ ဒီဇင်ဘာလအထိ ပြည်နယ်နှင့်တိုင်းဒေသကြီး (၈)ခုတွင်လည်းကောင်း၊ လာမည့် စာသင်နှစ် များတွင် ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း အရောင်ပါ ထုပ်ပိုးအစားအသောက်များကို ကျပန်းနမူနာကောက်ယူစစ်ဆေးသွားမည် ဖြစ်ပါကြောင်း။

အမျိုးသားအစားအသောက်ဥပဒေတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အစားအသောက်စစ်ဆေးရေးမှူးများ ခန့်အပ်တာဝန်ပေးရန် ပါရှိသော်လည်း အစားအသောက် စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျွမ်းကျင်ဝန်ထမ်း နည်းပါးခြင်းကြောင့် တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်မှု လျော့နည်းခဲ့ပါကြောင်း၊ ၂၀၁၃ခုနှစ် ဩဂုတ် ၁ ရက်နေ့မှစ၍ ဦးစီးဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အစား အသောက်စစ်ဆေးရေးမှူးများ သတ်မှတ်ခန့်ထားပြီးဖြစ်ပါကြောင်း၊ အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ တိုးချဲ့ဖွဲ့စည်းပုံတွင် တိုင်း ဒေသကြီးနှင့် ပြည်နယ်အဆင့်အထိသာ ဖွဲ့စည်းပါရှိသဖြင့် ခရိုင်နှင့်မြို့နယ် အစားအသောက်ကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းများကို ကျန်းမာရေးဦးစီးဌာန၏ အခြေခံကျန်းမာရေးဝန်ထမ်းများမှ အစားအသောက် စစ်ဆေးရေးမှူး တာဝန် များကို တွဲဖက်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနကို ခရိုင်နှင့်မြို့နယ်အဆင့်များအထိ တိုးချဲ့ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် "ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဥပဒေကြမ်း" ၏ ပြင်ဆင်ချက် (၉၉)ချက်အား ဥပဒေကြမ်း ကော်မတီက တင်သွင်းပြီး လွှတ်တော်က သဘောတူညီသဖြင့် ယင်းဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုခဲ့သည်။

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော "လွှတ်တော်ကိုယ်စားလှယ်များ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေ ကြမ်း" နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသည့် ၅ ချက်ကို ဥပဒေကြမ်းကော်မတီဝင်က လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး လွှတ်တော်က သဘောတူညီသဖြင့် အမျိုးသားလွှတ်တော် ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း လွှတ်တော် ဥက္ကဋ္ဌက ကြေညာသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိသော အချက် (၇) ချက်ကို ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က) အရ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးတင်ပြရန် လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော "နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ကြမ်း" နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူညီသည့် ၁၄ ချက်နှင့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ၄ ချက်အား ဥပဒေကြမ်းကော်မတီဝင်က ဖတ်ကြားပြီး လွှတ်တော်က သဘော တူညီခဲ့သည်။

ယင်းဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားသော ကော်မတီ (၁၉)ခုအား တစ်နှစ်ပြည့်မြောက်ပြီး နောက်တစ်ရက်တွင် သက်တမ်းတစ်နှစ် တိုးမြှင့်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်တင်သွင်းထားသည့် ပြည်ထောင်စု မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေမှုရှိသည့် ဒီမိုကရေစီစနစ်ကို ပိုမိုဖော်ဆောင် နိုင်သော အချိုးကျ ကိုယ်စားပြုစနစ်ကို အခြေခံသည့် ရွေးကောက်ပွဲနည်းလမ်းကို ပြည်သူ့လွှတ်တော် ရွေးချယ်တင်မြှောက်ပွဲအတွက် စီစဉ်ဆောင်ရွက်ပေးရန် အဆိုနှင့်စပ်လျဉ်း၍ ကော်မရှင်ဖွဲ့စည်းထားရှိမှုကို လွှတ်တော်သို့ အသိပေး တင်ပြသည်။

မွန်းလွဲပိုင်းတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

❖ အမျိုးသားလွှတ်တော်မှ

မူဆယ်မြို့ပြစီးပွားရေးစမ်းသပ်ဇုန် အောင်မြင်လာပါက ၎င်းအတွေ့အကြုံ ကိုယူပြီး နယ်စပ်မြို့များဖြစ်သည့် မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ တမူး၊ ကန်ပိုက်တီးစသည့်တို့တွင်လည်း တစ်ဆင့်ပြီးတစ်ဆင့် စီမံဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း၊ နယ်စွန်နယ်ဖျားများတွင် စီးပွားရေးကောင်းမွန်လာပါက လမ်းပန်းဆက်သွယ်ရေးကောင်းလာပြီး ရန်ကုန်နှင့်မန္တလေးတွင်သာ လူဦးရေ စုပြုံတိုးပွားလာမှုကို ဖြေရှင်းပြီးဖြစ်သကဲ့သို့ ပြည်မနှင့်ပြည်နယ် ဆင်းရဲချမ်းသာ ကွာဟမှုကိုလည်း နည်းပါးသွားစေမည်ဖြစ်ပါကြောင်း သိရသည်။

အစည်းအဝေးတွင် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်း၏ **"ဆောက်လုပ်နေထိုင်ခွင့် လက်မှတ်နှင့် နှစ်(၆၀)မြေငှားဂရန် ရရှိထားပြီးဖြစ်သော နယ်မြေဧရိယာအား သုဓမ္မသီဂိ ဒေါ်စိန်ထွေးမှ အဆင့်မြင့် လုံးချင်းအိမ်ရာများ ဆောက်လုပ်လိုသဖြင့် လယ်ယာမြေကို အခြားနည်း သုံးစွဲခွင့်ပြုခြင်းနှင့် လယ်ယာမြေအား ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲဆောင်ရွက် ခွင့်ပြုရန် လျှောက်ထားခြင်းတို့အပေါ် သက်ဆိုင်ရာဌာနအသီးသီးမှ အဆင့်ဆင့် ဆောင်ရွက်ပေးနေမှုအား ပြန်လည်စိစစ်ပေးပါရန်"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က မင်္ဂလာဒုံ ဥယျာဉ် အိမ်ရာ၊ ထင်းရှူးရိပ်သာ-၂၊ မြေကွက်အမှတ်(၁၄၃)၊ ဧရိယာ(၄၃ ဒသမ ၂၄) ဧကမြေနေရာအား သုဓမ္မသီဂိ ဒေါ်စိန်ထွေးမှ လယ်သမားများ၏ လွှဲပြောင်း ပေးမှုနှင့် ကျေးရွာသီးစားမှတ်ပုံတင်စာရင်းများတင်ပြ၍ လယ်မြေအား ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလွှဲသုံးစွဲခွင့်ပြုရန် ကျေးရွာအုပ်စု လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့နှင့် ရန်ကုန်မြို့တော် မြေစာရင်းဦးစီးဌာနများသို့ တင်ပြလျှောက်ထား ခဲ့သော်လည်း ၎င်းမြေနေရာသည် အိမ်ရာစီမံကိန်းမြေဆောင်ရွက်ရန် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ လ/န (၃၉)ရရှိထားပြီး ဇေကမ္ဘာကုမ္ပဏီလီမိတက် အမည်ဖြင့် နှစ်(၆၀) မြေငှားစာချုပ်ကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ထုတ်ပေးထားသည့် မြေနေရာဖြစ်ကြောင်း။

သုဓမ္မသီဂိ ဒေါ်စိန်ထွေးမှ အဆင့်မြင့်လုံးချင်းအိမ်ရာများ တည်ဆောက်ရန် လျှောက်ထားခြင်းမဟုတ်ဘဲ လယ်ယာမြေသီးနှံပြောင်းလဲစိုက်ပျိုးရန် လျှောက် ထားခြင်းသာဖြစ်ပြီး အဆိုပါ မြေနေရာသည် လယ်ယာစီမံကိန်းဆောင်ရွက်ရန် ၁၉၉၇ခုနှစ်ကပင် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် လ/န (၃၉) ရရှိထားသည့်မြေများဖြစ်ပြီး မင်္ဂလာဒုံဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်းအတွင်း ပါဝင်သည့်မြေဖြစ်သည့်အပြင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ်(၆၀) မြေငှားစာချုပ် ထုတ်ပေးပြီးမြေဖြစ်ပါသဖြင့် ခွင့်ပြု၍မရကြောင်း။

အဆိုပါ မြေနေရာသည် ၁၉၉၇ခုနှစ်ကပင် အိမ်ရာစီမံကိန်းများ အကောင် အထည်ဖော်ရန် လ/န(၃၉)ခွင့်ပြုမိန့်ကျပြီးမြေဖြစ်ခြင်း၊ မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဇေကမ္ဘာကုမ္ပဏီတို့သည် မင်္ဂလာဒုံဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်းအကောင်အထည်ဖော်ရန် စာချုပ်ချုပ်ဆိုခဲ့ခြင်း၊ အဆိုပါ နေရာသည် Commercian Area အဖြစ် ဆောင်ရွက်ရန် လုပ်ငန်းသဘော တူစာချုပ်ချုပ်ဆိုခဲ့ခြင်း၊ ဇေကမ္ဘာကုမ္ပဏီလီမိတက်အမည်ဖြင့် နှစ်(၆၀)မြေငှား စာချုပ် ထုတ်ပေးခဲ့ခြင်းတို့ကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင် ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ သုဓမ္မသီဂိဒေါ်စိန်ထွေးမှ အဆိုပါ မြေနေရာကို လယ်ယာမြေအား ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲသုံးစွဲခွင့်ပြုရန် လျှောက်ထား ခြင်းဖြစ်ပါ၍ ယခင် လ/န(၃၉)ရရှိပြီးဖြစ်သောမြေအား ထပ်မံ၍ အသုံးပြုခွင့် လျှောက်ထားရန်မလိုအပ်တော့ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်နိုင်ဌေး၏ **"မြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများအား အလှည့်ကျတာဝန် လဲလှယ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က အခြေခံပညာကဏ္ဍတွင် ပညာရေးဝန်ထမ်း ဆရာ ဆရာမ အင်အားသုံးသိန်း ကျော်ရှိပါကြောင်း၊ ၎င်းဆရာ ဆရာမများအား သတ်မှတ်နှစ်ပြည့်ပါက အလှည့် ကျစနစ်ဖြင့် မြို့ပေါ်မှ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်အကျဉ်း

၁-၈-၂၀၁၄ (သောကြာနေ့)

၆း၀၀ တောင်တန်းသာသနာပြုဆရာတော် ကြီး၏ ပရိတ်တရားတော်
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၈း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲက တေးကဗျာ" (အပိုင်း-၂၄)
၉း၄၅ "လူ့စွမ်းအားအရင်းအမြစ်မှသည် စီးပွားရေးတစ်ခေတ်ဆီသို့"
၁၀း၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီပန်းတစ်ပွင့်"(အပိုင်း-၂၄)
၁၁း၄၅ ပျော်ရွှင်စေသောနေ့ရက်များ "အိပ်မက်မျှားသောကျွန်း" (အပိုင်း-၃) (မြင့်မြတ်၊ လင်းလက်ဟိန်း၊ မိုးဟေကို) (ဒါရိုက်တာ-ဝိုင်း)
၁၂း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
၁၂း၂၅ ဆေးရောင်စုံရုပ်ရှင်"ချစ်မှာလား ကွယ် ကြိုက်မှာလားကွယ်" (ကျော်သူ၊ စိုးမြတ်သူဇာ) (ဒါရိုက်တာ-ကြီးမြင့်)
၆း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
၈း၃၅ "မဟာသကျရုံသီရုပ်ရှင်တော်မြတ် ကြီးတည်ထားကိုးကွယ်မှု"

✻ စာမျက်နှာ ၇ မှ
ဆရာ ဆရာမများအား ကျေးလက်သို့လည်းကောင်း၊ ကျေးလက်မှ ဆရာ ဆရာမများအား မြို့ပေါ်သို့ လည်းကောင်း ပြောင်းရွှေ့ခြင်းများ ဆောင်ရွက်ပေးမည်ဆိုပါက ဆရာ ဆရာမအများစုအတွက် အခက်အခဲရှိနိုင်ပါကြောင်း။

၎င်းမှုထုထည်ပမာဏကြီးမားသော ဝန်ထမ်းများအား ပြောင်းရွှေ့တာဝန်ယူစေမည့် နေရာအသီးသီးတွင် ၎င်းတို့နေထိုင်ရေးအတွက် အဆောက်အအုံလုံလောက်စွာ စီစဉ်မပေးနိုင်ခြင်း၊ ပြောင်းရွှေ့ရမည့် ခရီးအကွာအဝေးအလိုက် ကုန်ကျစရိတ်များပြားခြင်း၊ နေရာသစ်များတွင် အခြေတကျဖြစ်ရန် အချိန်ယူရခြင်း၊ လက်ရှိလစာနှင့် မလုံလောက်ခြင်း၊ နေအိမ်ငှားရမ်းရန် အခက်အခဲရှိနိုင်ခြင်းတို့ကို ကြုံတွေ့ရမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အလှည့်ကျပြောင်းရွှေ့ တာဝန်ထမ်းဆောင်စေခြင်းကိစ္စကို မဆောင်ရွက်နိုင်ခြင်းဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၏ဘဝအခြေအနေများကို ယခုထက်ပိုမိုပြည့်စုံ အဆင်ပြေနိုင်စေရေးအတွက် တစ်နေရာတည်းတွင် အခြေချတာဝန်ထမ်းဆောင်ရေး နည်းလမ်းဖြစ်သည့် ဒေသခံများကိုသာ ဦးစားပေး၍ ခန့်ထားသောစနစ်ကို ကျင့်သုံးလျက်ရှိပါကြောင်း၊ ပညာရေးဝန်ထမ်းများ၏ ဆန္ဒပြုဒေသနှင့် လစ်လပ်မှုအခြေအနေများ ကိုက်ညီမှုရှိပါက ဦးစားပေးအနေဖြင့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အခြေခံပညာအဆင့် ပညာရေးဝန်ထမ်းများ၏ အပြောင်းအရွှေ့လျှောက်ထားခွင့်ကို လက်ရှိရာထူးကျောင်း၌ တစ်ဆက်တည်းလုပ်သက်(၂)နှစ် တာဝန်ထမ်းဆောင်ပြီးပါက အပြောင်းအရွှေ့လျှောက်ထားနိုင်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် ဒသမပုံမှန်အစည်းအဝေးတွင် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုများ၊ အစီရင်ခံစာများနှင့် ဥပဒေကြမ်းများကို တင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍတွင် ကြယ်ပွင့်ပြမေးခွန်း (၂၀၇) ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၂၇၂) ခုတို့ကို မေးမြန်းခဲ့ရာ ကြယ်ပွင့်ပြမေးခွန်း(၈)ခုသည် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းသည့်အတွက် မေးခွန်းနှင့် ဖြေကြားချက်များကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းခဲ့ပါကြောင်း၊ အဆိုများ တင်သွင်းခြင်းကဏ္ဍတွင် အဆို (၉)ခုတင်သွင်းခဲ့ပြီး အဆို(၈)ခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ လာမည့်အစည်းအဝေးတွင် အဆုံးအဖြတ်ပြုရန် အဆို(၁)ခုကျန်ရှိပါကြောင်း၊ ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍတွင် ဥပဒေကြမ်း (၂၉)ခု ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် ကော်မတီများနှင့်ကော်မရှင်က စုစုပေါင်း ကော်မတီအစည်းအဝေး (၁၀၉)ကြိမ်နှင့် ကော်မရှင်အစည်းအဝေး(၂)ကြိမ် ပြုလုပ်ခဲ့ပါကြောင်း၊ ဒသမပုံမှန်အစည်းအဝေးကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များသိရှိလိုသည့် သတင်းအချက်အလက် (၂၁)စောင်ကို ပြုစုပေးခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြင့်မားစေရေးအတွက် ဆွေးနွေးပွဲ(၅)ကြိမ်ပြုလုပ်ခဲ့ပါကြောင်းဖြင့် လွှတ်တော်သို့ ရှင်းလင်းပြီး ကိုယ်စားလှယ်အားလုံး မိမိတို့နေရပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြပြီး ပြည်သူတို့၏ ဆန္ဒလိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ကြပါစေကြောင်း ပြောကြားသည်။

(သတင်းစဉ်)

ကြည့်မြင်တိုင်ညဈေးအနီး တိုက်ဟောင်းပြိုကျ၊ တစ်ဦး သေဆုံး

ရန်ကုန် ဇူလိုင် ၃၁

ယနေ့ ည ၇နာရီ ၁၅ မိနစ်ခန့်က ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ကြည့်မြင်တိုင်ညဈေးအနီး ကပ်လျက်ရှိသော မန်ကျည်းတန်းတောင် အနောက်ရပ်ကွက် ရွှေလှိုင်လမ်းတွင်ရှိသည့် အမှတ် (၄၃)တွင် ပြိုကျမှုဖြစ်ပွားခဲ့ရာ **(အောက်ပုံ)** တစ်ဦးပွဲချင်းပြီးသေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါတိုက်မှာ နှစ်ပေါင်း ၅၀ ကျော်သက်တမ်းရှိသော တိုက်ဟောင်းဖြစ်ပြီး လူနေထိုင်ခြင်းမရှိသော်လည်း ပြိုကျသောဖြစ်စဉ်ကြောင့် ယင်းနေရာအနီးတွင် ဈေးရောင်းချသူများ ထိခိုက်ကာ ဈေးကြိုပြုလုပ်သည့် ဂါလီ အနေ့းယာဉ်မောင်းနှင်သူ ကိုသွင်ကိုကို (၃၀) နှစ်မှာ သေဆုံးသွားခဲ့ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးက အတည်ပြုပြောကြားသည်။

ဖြစ်စဉ်ကြောင့် အနီးတွင် ဈေးရောင်းချနေသော မဝေဝေမြင့်၊ မသန်းသန်းဆွေ(ခ)အပျိုကြီး၊ မသန်းသန်းနွယ်တို့သုံးဦးနှင့် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကနဦးသတင်းအရ သိရသည်။

ထက်ခိုင်(စမ်းချောင်း)

ကောလင်း၌ ကျင်းထုံခြင်ဆေးများ သိမ်းဆည်း

ကောလင်း ဇူလိုင် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့တွင် ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီက တစ်ဖက်နိုင်ငံမှ တရားမဝင် တင်သွင်းပြီး မြန်မာနိုင်ငံတွင် ဖြန့်ဖြူးရောင်းချလျက်ရှိသော ကျင်းထုံအမှတ်တံဆိပ် ခြင်ဆေးခွေသည် ကျန်းမာရေးကိုဆိုးရွားစွာ ထိခိုက်စေနိုင်သောကြောင့် ပြည်သူများသုံးစွဲခြင်းမပြုရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးယောမင်းထွန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသောင်၊ ဈေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးနေဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဆရာမကြီးဒေါ်တီဂျာဆိုင်နှင့် ပူးပေါင်းအဖွဲ့က ကွင်းဆင်းစစ်ဆေးကြရာ စည်ပင်ဈေးဆိုင်များမှ ကျင်းထုံခြင်ဆေး ၆၆ ထုပ် တွေ့ရှိသိမ်းဆည်းပြီး ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

(၂၁၄)

■

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၃၁

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် US-ASEAN Business Council(USABC) ဥက္ကဋ္ဌ Mr.Alexander C. Feldman ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်သောင်း၊ ဦးစိုးသာ၊ ဦးမောင်မောင်သိမ်း၊ ဦးသိန်းဇော်၊ ဦးသိန်းဆွေနှင့်ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်းနှင့် ဒေါ်အေးအေးမူ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်း တရားမဝင်သစ်နှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၃၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွင်း တရားမဝင် သစ်ခိုးယူထုတ်လုပ်မှုနှင့် သယ်ဆောင်မှုများအား ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများနှင့် လက်အောက်ရှိ မြို့နယ်/ခရိုင်သစ်တောဦးစီးဌာနများ၊ ဒေသအတွင်းရှိ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာ/မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဖမ်းဆီးအရေးယူလျက်ရှိရာ ဇူလိုင် ၂၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ခင်အေးရွာအနောက်ဘက်မှ တရားမဝင်ပိုင်ရှင်မဲ့ ကျွန်း၊ သစ်မာ၊ အခြားခွဲသား ၂ ဒသမ ၄၃၁၄ တန်၊ ကနီမြို့နယ် ပဲခင်းရွာအနီးမှ ပိုင်ရှင်မဲ့တရားမဝင် ကျွန်း၊ သစ်မာ၊ အခြား ၄ ဒသမ ၅၈၅၂ တန်သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ထို့အတူ ဇူလိုင် ၂၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ရွှေဖုံကျေးရွာအတွင်းမှ တရားမဝင်ပိုင်ရှင်မဲ့ တမလန်းခွဲသား လေးတန်ခန့်၊ ကနီမြို့နယ် အထက်ရွာအနီး ချင်းတွင်းမြစ်ဘေးမှ တရားမဝင်ပိုင်ရှင်မဲ့ အင်ခွဲသား ၈ ဒသမ ၅၀၄၂ တန်၊ ကနီမြို့နယ် မုံရွာ-ယာကြီး-ကလေးဝလမ်း မိုင်တိုင်(၃၃/၁)နှင့် (၃၃/၂) မှ တရားမဝင်ပိုင်ရှင်မဲ့ ကျွန်း၊ တမလန်းခွဲသား ၃ ဒသမ ၂၂၉၆ တန်နှင့် မိုင်တိုင်(၃၁/၀)မှ တရားမဝင်ပိုင်ရှင်မဲ့ကျွန်း၊ တမလန်းခွဲသား သုည ဒသမ ၅၁၁ တန်၊ ပုလဲမြို့နယ် ခင်အေးချောင်းဖျားမှ တရားမဝင်ပိုင်ရှင်မဲ့ ကျွန်း၊ သစ်မာ၊ အခြား ၁ ဒသမ ၆၁၃၆ တန်နှင့် မြောက်ယမားကြိုးဝိုင်းအတွင်းမှ တရားမဝင် ပိုင်ရှင်မဲ့ ကျွန်း၊ သစ်မာ၊ အခြားသစ် ၂ ဒသမ ၂၆၃၂ တန်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဒိုင်းဝန်းကွင်းနယ်မြေ သံလွင်မြစ် အထက်ဘက်နေရာမှ တရားမဝင်ပိုင်ရှင်မဲ့ အခြားသစ်လုံး ၁၃၂ လုံး၊ ခွဲသားအချောင်း ၃၀ စုစုပေါင်း ၁၀၂ ဒသမ ၀၁၉၆ တန်နှင့်စက်လှေနှစ်စင်းတို့ အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

(သစ်တောဦးစီး)

ဒီမိုကရေစီလူ့အသိုက်အဝန်းတစ်ရပ် တည်ဆောက်ခြင်းကို ပြည်သူဗဟိုပြုမူဝါဒတစ်ရပ်ဖြင့် အကောင်အထည်ဖော်လျက်ရှိ

နေပြည်တော် ဇူလိုင် ၃၁

နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ ရက်စွဲဖြင့် ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေး၊ လူမှု-စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကအခန်းကဏ္ဍမြှင့်တင်ရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့် ပြုလုပ်လျက်ရှိရာတွင် ပြည်သူများ၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့ကိုလည်း ဦးစားပေးအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းဦးစားပေး ဆောင်ရွက်ချက်နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စရန်ဟီလီအား မြန်မာနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားခဲ့ပါသည်။ သို့ဖြစ်ရာ မစ္စရန်ဟီလီသည် သူမ၏မြန်မာနိုင်ငံသို့ ပထမဆုံးခရီးစဉ်အဖြစ် ၁၆-၇-၂၀၁၄ ရက်နေ့မှ ၂၆-၇-၂၀၁၄ ရက်နေ့အထိ ၁၀ ရက်ကြာ ခရီးလာရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံတော်အစိုးရသည် မစ္စရန်ဟီလီမှ မေတ္တာရပ်ခံခဲ့သည့် သွားရောက်လေ့လာကြည့်ရှုလိုသည့် နေရာများ၊ တွေ့ဆုံလိုသူများအားလုံးကို သွားရောက်တွေ့ဆုံနိုင်စေရန် အပြည့်အဝပူးပေါင်းညှိနှိုင်း စီစဉ်ပေးခဲ့ပါသည်။ ခရီးစဉ်အတွင်း မစ္စရန်ဟီလီသည် ရန်ကုန်၊ စစ်တွေ၊ မောင်တော၊ ဗန်းမော်၊ မြစ်ကြီးနား၊ မန္တလေးနှင့် နေပြည်တော်များသို့ သွားရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများ၊ အစိုးရပိုင်းတာဝန်ရှိသူ အကြီးအကဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကော်မတီများမှ အဖွဲ့ဝင်များ၊ လွှတ်တော်ဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၊ မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးမှုအဖွဲ့၊ ဘာသာပေါင်းစုံ သွေးစည်းညီညွတ်ရေးအဖွဲ့၊ လူမှုအသိုက်အဝန်း၊ သတင်းသမားများ၊ ရှေ့နေများ၊ ၈၈ မျိုးဆက်သစ်ကျောင်းသားအဖွဲ့၊ ယုံကြည်ချက်ဆိုင်ရာ အကျဉ်းသားဘဝမှ လွတ်မြောက်လာပြီးသူများ၊ ၎င်းမှ တွေ့ဆုံရန် မေတ္တာရပ်ခံထားသည့် အကျဉ်းသားများ၊ သံတမန်အသိုက်အဝန်း၊ ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ်အဖွဲ့၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဌာနေအဖွဲ့တို့နှင့် တွေ့ဆုံခဲ့ပါသည်။

ခရီးစဉ်အပြီး မစ္စရန်ဟီလီမှ သတင်းထုတ်ပြန်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လူ့အခွင့်အရေးနယ်ပယ်များတွင် ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိရောက်မှုရှိသည့် ပြုပြင်ပြောင်းလဲမှုများ သိသာထင်ရှားစွာတွေ့မြင်ရသည့်အတွက် အသိအမှတ်ပြု ဂုဏ်ပြုချီးကျူးကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် နောက်ကြောင်းပြန်လှည့်စေနိုင်သည့် စိုးရိမ်ဖွယ်လက္ခဏာရပ်များကိုလည်း စိစစ်ဟန့်တားရန်လိုကြောင်း၊ လူမှုအသိုက်အဝန်းနှင့် သတင်းလောကတို့၏ လှုပ်ရှားမှုများကို ဟန့်တားအရေးယူရန် တရားစီရင်ရေးစနစ်နှင့် ဥပဒေတို့ကို အသုံးပြုလျက်ရှိကြောင်း၊ လွတ်လပ်စွာဖော်ထုတ်ပြောကြားခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုရုံးခွင့်တို့သည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအကြိုကာလအတွက် မရှိမဖြစ်လိုအပ်သော အရာများဖြစ်ကြောင်း၊ ခေတ်နှင့်မညီသော ဥပဒေများ သုံးသပ်ပြင်ဆင်ရေးနှင့် အမျိုးဘာသာကာကွယ်ရေး ဥပဒေကြမ်းများ ရုပ်သိမ်းရန် လိုလားကြောင်း စသည်ဖြင့် သူမ၏တွေ့ရှိချက်နှင့် အကြံပြုချက်များကိုလည်း ထည့်သွင်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီအသိုက်အဝန်းတစ်ရပ်သို့ ရှေးရှုလျက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဦးစားပေးထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်ပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းနိုင်ရေးအတွက် တည်ဆဲပြည်တွင်းဥပဒေတစ်ရပ်ရပ်အား ချိုးဖောက်သည့် မည်သူကိုမဆို ဥပဒေအရ အရေးယူသွားရန်လိုအပ်ပါသည်။ မည်သည့်လွတ်လပ်ခွင့် တစ်ရပ်ရပ်ကိုမဆို ဥပဒေနှင့်အညီ ကျင့်သုံးခြင်းအတွက် အရေးယူခြင်းမျိုးမရှိပါ။ မီဒီယာလွတ်လပ်ခွင့်အားလည်း ကန့်သတ်ထားခြင်းမရှိပါ။ သို့သော် တရားဥပဒေချိုးဖောက်သူ မည်သူမဆို နိုင်ငံတော်၏ တည်ဆဲဥပဒေများအရ အရေးယူခံရမည်သာဖြစ်ပါသည်။

မြန်မာနိုင်ငံသည် တစ်ချိန်တည်းမှာပင် ပြည်သူအများ၏ သဘောဆန္ဒကို ထည့်သွင်းစဉ်းစားလျက် ပြည်သူများအကျိုးကို ဖော်ဆောင်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မမီသော ဥပဒေများပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းများလည်း ပြုလုပ်လျက်ရှိပါသည်။ ၎င်းသို့ဥပဒေများ ပြင်ဆင်ခြင်း၊ ရေးဆွဲခြင်းတို့ပြုလုပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန် အထူးအလေးပေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူတို့၏ ဆန္ဒကိုလည်း အလေးထားမည်ဖြစ်ပါသည်။

၁၉၈၂ ခုနှစ်တည်ဆဲနိုင်ငံသားဥပဒေတွင် ၁၈၂၃ ခုနှစ် မတိုင်မီကပင် မြန်မာနိုင်ငံတော်အတွင်း၌ အမြဲတမ်းအခြေချနေထိုင်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားများဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် သမိုင်းတွင် မည်သည့်အခါကမျှ မရှိခဲ့သည့် “ရိုဟင်ဂျာ”ဟူသည့် အသုံးအနှုန်းကို လက်ခံထားခြင်းမရှိသကဲ့သို့ အသိအမှတ်ပြုထားခြင်းလည်း မရှိပါ။ နိုင်ငံသား ဖြစ်မှုကိစ္စအား ၁၉၈၂ ခုနှစ် နိုင်ငံသား ဥပဒေနှင့်အညီသာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလူ့အသိုက်အဝန်းတစ်ရပ် တည်ဆောက်ခြင်းကို ပြည်သူဗဟိုပြုမူဝါဒတစ်ရပ်ဖြင့် အားသွန်ခွန်စိုက် အကောင်အထည်ဖော်လျက်ရှိရာတွင် ပြည်သူများကလည်း ဒီမိုကရေစီအခွင့်အရေးများ ခံစားကျင့်သုံးခြင်းနှင့်အတူ လက်တွဲပါဝင်ကြိုးပမ်းလျက်ရှိပါသည်။ ၎င်းသို့ကြိုးပမ်းရာတွင် တာဝန်သိမှုနှင့် တာဝန်ယူမှုတို့လည်း တစ်ဆင့်ပြီးတစ်ဆင့် မျှတစွာ တိုးတက်ဖြစ်ပေါ်လာရန်နှင့် ရင့်ကျက်လာမှသာ ဒီမိုကရေစီ လူ့အသိုက်အဝန်း ရည်မှန်းချက်ပန်းတိုင်သို့ တည်ငြိမ်အေးချမ်းစွာဖြင့် ရောက်ရှိမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၎င်းရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိရန် မဆုတ်မနစ် ကြိုးပမ်းသွားမည်ဟု သန္နိဋ္ဌာန်ချပြီးဖြစ်သည့်အတိုင်း မည်သို့သော အခက်အခဲများ၊ စိန်ခေါ်မှုများ ကြုံတွေ့ရသည်ဖြစ်စေ ရင်ဆိုင်ဖြေရှင်းလျက် ရှေ့သို့ ဆက်လက်ဆောင်ရွက်သွားမည်သာဖြစ်ပါသည်။

နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် ဒီမိုကရေစီ ပြောင်းလဲစ နုနယ်သေးသည့် နိုင်ငံတစ်ခုက ရင်ဆိုင်ဖြေရှင်းနေရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများကို သဘောပေါက်နားလည်ရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကိုလည်း မျှတစွာနှင့် ဖြောင့်မတ်စွာ ရှုမြင်ရန် လိုအပ်ပါသည်။ အရှိန်အဟုန်ရရှိလျက်ရှိသည့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက်လာရေး၊ အထူးသဖြင့် မြန်မာပြည်သူများ၏ လူ့အခွင့်အရေး တိုးမြှင့်ရေးနှင့် ကာကွယ်ရေးတို့ တိုးမြှင့်ဆောင်ရွက်ချက်များအပေါ် အပြုသဘောဖြင့် ဆက်လက်ကူညီအားပေးရန် လိုအပ်ကြောင်း ဖော်ပြအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်

မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှု အလားအလာများဆွေးနွေး

နေပြည်တော် ဇူလိုင် ၃၁

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် U.S-ASEAN Business Council (USABC) ဥက္ကဋ္ဌ Mr. Alexander C. Feldman ဦးဆောင်သည့် အမေရိကန်ကုမ္ပဏီများမှ ကိုယ်စားလှယ်အဖွဲ့တို့၏ အလုပ်သဘော ဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ ဝန်ကြီးဌာန၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အလုပ်သဘော ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် ဘာသာရပ်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အမေရိကန်ကုမ္ပဏီ ၂၁ ခု ဖြစ်သည့် ACE၊ AIG၊ Baker & McKEnzie၊ Baxter Caterpillar ၊ Chevron၊ Citi၊ Conco Phillips၊ Covidien၊ Deloitte၊ Exxono Mobil၊ FedEx၊ Ford၊ GE၊ GM၊ Intel၊ Oracle၊ Pifzer၊ P&G၊ RMA၊ Visa တို့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် U.S-ASEAN Business Council မှ တာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်း ၈၀ ဦးခန့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် U.S-ASEAN Business Council (USABC) ဥက္ကဋ္ဌ Mr. Alexander C. Feldman နှင့် မြန်မာနိုင်ငံရှိ U.S Business ဥက္ကဋ္ဌ၊ Chevron မှ Mr. Mariano Vela တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ရင်းနှီးမြှုပ်နှံမှုအလားအလာနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လွယ်ကူစွာဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိမှုအခြေအနေများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က မြန်မာနိုင်ငံ၏ အထူးစီးပွားရေးဇုန်များ ထူထောင်မှုနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်လာစေရန် ဆောင်ရွက်ထားရှိမှုများ၊ ဒုတိယဝန်ကြီး ဦးဘရွှေက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်မှ နည်းပညာများရရှိရေးနှင့် ပညာတော်သင်အစီအစဉ်များ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များ၊ ဒုတိယဝန်ကြီး ဦးသောင်းတင်က ဆက်သွယ်ရေးကဏ္ဍ ဖြေလျှော့မှုနှင့် အနာဂတ်တွင် ဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံထားရှိမှုများ၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် ကုန်သွယ်မှု အတားအဆီးများ ဖြေလျှော့ပေးလျက်ရှိခြင်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးကြသည်။

အမေရိကန် ကုမ္ပဏီများအနက် GE ကုမ္ပဏီက လျှပ်စစ်စွမ်းအားစီမံကိန်းများနှင့် စပ်လျဉ်း၍ အခြေခံအဆောက်အအုံနှင့် နည်းပညာဆိုင်ရာ အကူအညီပေးမည့် အစီအစဉ်များ၊ Caterpillar က အကြီးစား စက်မှုလုပ်ငန်းများ၊ စွမ်းအင်ကဏ္ဍ၊ အခြေခံအဆောက်အအုံနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များ၊ Ford က မြန်မာနိုင်ငံတွင် အလုပ်အကိုင် အခွင့်အလမ်းရရှိစေမည့် စီးပွားရေးလုပ်ငန်းများ၊ FedEx က အခြေခံအဆောက်အအုံ၊ ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ထောက်ပံ့ပို့ဆောင်မှုဆိုင်ရာကိစ္စရပ်များ၊ Baker & McKEnzie က မြန်မာနိုင်ငံတွင် ရုံးစိုက်လုပ်ကိုင်မည့် ဥပဒေရေးရာ ဝန်ဆောင်မှုများ၊ အာဆီယံဒေသတွင်း ပံ့ပိုးပေးသည့် ဥပဒေရေးရာ ပညာသင်အစီအစဉ်များ၊ P&G က ရေကောင်းရေသန့် ရရှိရေးဆိုင်ရာ ဆောင်ရွက်မှုများ၊ Covidien က ကျန်းမာရေးစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် အကူအညီပေးမည့် အစီအစဉ်များ၊ Visa က mobile payment, international payment နှင့် financial literacy နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ၊ Citi Bank က ဘဏ္ဍာရေးဆိုင်ရာ အသိပညာပေးရေး လုပ်ငန်းများ၊ Pifzer က ကျန်းမာရေးကဏ္ဍတွင် ပညာသင်ဆု ပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ GMက မော်တော်ကားနှင့် ဆိုင်သောကိစ္စရပ်များ ဆွေးနွေးကြသည်။

အလုပ်သဘောဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ချက်များ၊ ရင်းနှီးမြှုပ်နှံမှု အလားအလာ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာနိုင်ငံ၏ အထူးစီးပွားရေးဇုန်များ၏ တိုးတက်ဖြစ်ပေါ်မှုနှင့် ပါဝင်ဆောင်ရွက်နိုင်မှု အလားအလာများ၊ နည်းပညာဆိုင်ရာ အကူအညီပေးရေးနှင့် လွှဲပြောင်းရယူရေး၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်သွယ်ရေးကဏ္ဍ ဖြေလျှော့မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးဆိုင်ရာကိစ္စရပ်များ၊ အမေရိကန်ကုမ္ပဏီများမှ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် မြန်မာနိုင်ငံသို့ အကူအညီပေးမည့် အစီအစဉ်များ၊ ပညာသင်ဆုနှင့် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်မှုအစီအစဉ်များကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်နှင့် လှူိုပိတ်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၃၁

သာသနာရေး ဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ် (နဝမအကြိမ်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်နှင့် လှူိုပိတ်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် သာသနာရေးဝန်ကြီးဌာန စိုက်ပျိုးရေးကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ကံ့ကော်ပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက ကံ့ကော်ပင်ကို လည်းကောင်း၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ခရေပင်ကိုလည်းကောင်း၊ ဌာနအကြီးအကဲများက မဟော်ဂနီပင်များကို လည်းကောင်း သတ်မှတ်ထားသော နေရာအသီးသီးတွင် စိုက်ပျိုးပေးကြသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက သာသနာရေးဝန်ကြီးဌာန လှူိုပိတ်ဆည်အတွင်း ငါးမျိုးများ စိုက်ထည့်ပေးကြပြီး ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

သာသနာရေးဝန်ကြီးဌာန ၂၀၁၄ ခုနှစ် (နဝမအကြိမ်) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်နှင့် လှူိုပိတ်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားတွင် ကံ့ကော်၊ ခရေ၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပနားမားငုံ၊ ပျဉ်းမ၊ မဲဇလီပင် စုစုပေါင်း ၁၃၀၀ ပင် စိုက်ပျိုးခဲ့ကြောင်း၊ ရိုးရိုးငါးကြင်း၊ မြက်စားငါးကြင်း၊ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ထိုင်းငါးခုံးမ စုစုပေါင်း ၈၅၅၀ ငါးမျိုး စိုက်ထည့်ခဲ့ကြောင်းနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ထမ်းအင်အား ၂၉၉ ဦး ပါဝင်စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျောက်တံခါးမြို့ မီးရထားသံလမ်း ရုံးအနီး ကားလမ်းကွေ့တွင် ယာဉ်တိုက်မှုဖြစ်ပွား

ကျောက်တံခါး ဇူလိုင် ၃၁

ကျောက်တံခါးမြို့ ရန်ကုန်-မန္တလေးကားလမ်းနှင့် သရဖီလမ်းဆုံရာ ရုံးပေါင်းစုံလမ်းအနီး ကားလမ်းကွေ့တွင် ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးမြင့်ဌေ (၅၇)နှစ် တပင်ရွှေထီးတောင်ခြမ်းရပ်ကွက် ပဲနွယ်ကုန်းမြို့နေသူ မောင်းနှင်လာသည့် ဆိုင်ကယ်အမှတ် ၂၉ယ/.... (KENBO) အနက်ရောင် (တရုတ်နိုင်ငံလုပ်) (110) ဆိုင်ကယ်နောက်တွင် ၎င်းနှင့်အတူ လိုက်ပါစီးနင်းလာသူ ဦးနေစိုး (၄၁)နှစ် လေးအိမ်စုရွာ ပဲနွယ်ကုန်းမြို့နေသူတို့သည် မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာရာ ကျောက်တံခါးမြို့ ရုံးပေါင်းစုံလမ်းအတွင်းသို့ ဖြတ်ကျော်မောင်းနှင်စဉ် နောက်မှ ၇ယ/... Hollo A7 (SINOTRUK) အဖြူရောင် ၂၂ ဘီးတွဲယာဉ်မှ ဆိုင်ကယ်အားဝင်ရောက်တိုက်မိခဲ့ရာ ဆိုင်ကယ်မှာ ကားအောက်သို့ ရောက်ရှိသွားပြီး ဆိုင်ကယ်မောင်းသူ ဦးမြင့်ဌေနှင့် ဆိုင်ကယ်နောက်မှ စီးနင်းသူ ဦးနေစိုးတို့တွင် ဒဏ်ရာများရရှိ၍ ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

မျိုးဦး(ကျောက်တံခါး)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

	အမည်၊ လက်ရှိရာထူး၊ ဌာန	ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဦးကျော်ငွေ ညွှန်ကြားရေးမှူးချုပ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သမဝါယမဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် သမဝါယမကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန သမဝါယမဝန်ကြီးဌာန
(ခ)	ဦးလှမိုး ညွှန်ကြားရေးမှူးချုပ် သမဝါယမကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန သမဝါယမဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သမဝါယမဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာတင်မောင်ဟန်အား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဦးဝင်းအောင် အထွေထွေမန်နေဂျာ မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း ဘဏ္ဍာရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း ဘဏ္ဍာရေးဝန်ကြီးဌာန
(ခ)	ဒေါက်တာလှတင့် ဒုတိယပါမောက္ခချုပ် ရန်ကုန်အဝေးသင်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ရန်ကုန်အဝေးသင်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဂ)	ဒေါက်တာတင်မောင်ထွန်း ဒုတိယပါမောက္ခချုပ် စစ်တွေတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် စစ်တွေတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဃ)	ဒေါက်တာသက်ထွန်းအောင် ဒုတိယပါမောက္ခချုပ် ပြည်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ပြည်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(င)	ဒေါက်တာကြည်စိုး ဒုတိယပါမောက္ခချုပ် ပဲခူးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ပဲခူးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(စ)	ဒေါက်တာသူရဦး ဒုတိယပါမောက္ခချုပ် စစ်ကိုင်းတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် စစ်ကိုင်းတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဆ)	ဒေါက်တာတင်ဝင်း ဒုတိယပါမောက္ခချုပ် မိတ္ထီလာစီးပွားရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် မိတ္ထီလာစီးပွားရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဇ)	ဒေါက်တာတင်မောင်လှ ဒုတိယပါမောက္ခချုပ် မန္တလေးအဝေးသင်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် မန္တလေးအဝေးသင်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဈ)	ဒေါက်တာဦးချို ဒုတိယပါမောက္ခချုပ် ပခုက္ကူတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ပခုက္ကူတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ည)	ဒေါက်တာဝင်းနိုင် ဒုတိယပါမောက္ခချုပ် မုံရွာတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် မုံရွာတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဋ)	ဒေါက်တာမောင်မောင် ဒုတိယပါမောက္ခချုပ် လားရှိုးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် လားရှိုးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဌ)	ဒေါက်တာဒေါ်တင်မာကြည် ဒုတိယပါမောက္ခချုပ် ပင်လုံတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ပင်လုံတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန

ဖြန့်ဖြူးရောင်းချနေသော လေယာဉ်ဆီများ အရည်အသွေးကို အထူးဂရုပြုဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၃၁

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အပါအဝင် ပြည်တွင်းလေဆိပ်(၁၁) ခု၌ လေယာဉ်ဆီဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း ပြည်ပလေကြောင်းလိုင်းများအား လစဉ် ဂျက်လေယာဉ်ဆီ ၂ ဒသမ ၇၅ ဂါလန်သန်းခန့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ လေယာဉ်ဆီ အရည်အသွေးကို အထူးဂရုပြုထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသည် နိုင်ငံတကာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသော လေယာဉ်ဆီများကို ပြည်ပမှ မှာယူတင်သွင်း၍ သန်လျင်ရေနံချက်စက်ရုံတွင် သိုလှောင်ထားပြီး မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆီသယ်ယာဉ်များဖြင့် ပေးပို့ဖြန့်ဖြူးရောင်းချလျက်ရှိရာ လေယာဉ်ဆီအရည်အသွေးနှင့်ပတ်သက်၍ နေ့စဉ်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ စံချိန်စံညွှန်းများ ကိုက်ညီမှုရှိ/မရှိ စစ်ဆေးပြီးမှသာ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လေယာဉ်ဆီများ ဖြန့်ဖြူးရောင်းချရာတွင် Joint Inspection Group မှ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများအား လိုက်နာ၍ လေယာဉ်ဆီအရည်အသွေး မထိခိုက်စေရန် ဆောင်ရွက်လျက်ရှိသည်။

လေယာဉ်ဆီမှိုပါသဖြင့် ပြည်တွင်းမှ လေယာဉ်ဆီများကို ပြည်ပလေကြောင်းလိုင်းအချို့က ရန်ကုန်လေဆိပ်တွင် ဆီမဖြည့်တော့ဆိုသောသတင်းကို ပုံနှိပ်မီဒီယာတစ်ခုက ဖော်ပြခဲ့မှုနှင့်ပတ်သက်၍ ဖြစ်စဉ်အမှန်မှာ Jet Star လေကြောင်းလိုင်းမှ အကြောင်းကြားထားသဖြင့် စင်ကာပူသို့ပေးပို့ဓာတ်ခွဲနေဆဲဖြစ်ပြီး ၎င်းလေကြောင်းလိုင်းမှ Fuelstat Test စမ်းသပ်စစ်ဆေးချက်အား မျက်မြင်တွေ့ရှိချက်အရ စိုးရိမ်ဖွယ်ရာမရှိသည့်အခြေအနေကို တွေ့ရှိရကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် Jet Star လေကြောင်းလိုင်းနှင့် စင်ကာပူလေကြောင်းလိုင်းမှလွဲ၍ နိုင်ငံတကာ လေကြောင်းလိုင်း ၁၈ ခုတို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လေယာဉ်ဆီဝယ်ယူဖြည့်တင်းမှုများ ပြုလုပ်လျက်ရှိကြောင်းနှင့် ဝယ်ယူသူလေကြောင်းလိုင်းများအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ သံကန်များအား ဇူလိုင် ၃၀ ရက်မှစ၍ ဆေးကြောခြင်း၊ Filter များ အသစ်လဲလှယ်ခြင်းများဆောင်ရွက်နေကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှု အန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ၂-၈-၂၀၁၄ ရက်နေ့တွင် တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ရွှေပေါက်ကံ၊ ပုဇွန်တောင်၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒဂုံ(အရှေ့)၊ ဒဂုံ(တောင်)၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ စမ်းချောင်း၊ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ ကျောက်တံတား၊ ဆိပ်ကမ်း၊ ကြည့်မြင်တိုင်၊ ခရမ်း၊ ကျောက်တန်း၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ လှည်းကူး၊ တိုက်ကြီး၊ ထန်းတပင်၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ လှိုင်သာယာ၊ အင်းစိန်၊ ရွှေပြည်သာ၊ ထောက်ကြန့်၊ ဥက္ကံမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် (၀၉း၀၀) နာရီမှ (၁၃း၀၀)နာရီအတွင်းလည်းကောင်း၊ (၁၃း၀၀)နာရီမှ (၁၆း၀၀) နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ၃-၈-၂၀၁၄ ရက်နေ့တွင် မြောက်ဥက္ကလာပ၊ ဒဂုံ(အရှေ့)၊ ဒဂုံ(တောင်)၊ သင်္ဃန်းကျွန်း၊ မရမ်းကုန်း၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ပန်းဘဲတန်း၊ လမ်းမတော်၊ လသာ၊ ခရမ်း၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ လှည်းကူး၊ မှော်ဘီ၊ လှိုင်သာယာ၊ အင်းစိန်၊ ရွှေပြည်သာ၊ ထောက်ကြန့်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင်(၀၉း၀၀) နာရီမှ (၁၃း၀၀)နာရီအတွင်းလည်းကောင်း၊ (၁၃း၀၀)နာရီမှ (၁၆း၀၀) နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

(ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့)

ရုပ်ရှင်အခမဲ့ပြသမည်

ရန်ကုန် ဇူလိုင် ၃၁

Laurel Academy ရုပ်ရှင်အနုပညာသင်ကျောင်းမှ ကျောင်းသားများနှင့် အများပြည်သူများကြည့်ရှုနိုင်ရန် Forrest Gump ရုပ်ရှင်ကားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပုလဲဥယျာဉ်အိမ်ရာ ပုလဲကွန်ဒိုဝင်းအတွင်းရှိ Laurel Art Academy Studio အတွင်း Commentator ဒါရိုက်တာကြည်စိုးထွန်းက ရှင်းလင်းပြသမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အဆိုပါရုပ်ရှင်ကားအား စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်သည်။

ခင်မောင်ဝင်း(ကြေးမုံ)

တိုင်းရင်းသားများ အသိဉာဏ်ပညာတိုးတက်စေရေး တိုင်းရင်းသားသတင်းစာထုတ်ဝေ

ဘားအံ ဇူလိုင် ၃၁

တိုင်းရင်းသားသတင်းစာကို မွန်ဘာသာ၊ ကရင်(စကော)ဘာသာ၊ ကရင်(ပိုး)ဘာသာနှင့် ပအိုဝ်းဘာသာတို့ဖြင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ထုတ်ဝေသွားမည်ဖြစ်သည်။

အဆိုပါ တိုင်းရင်းသားသတင်းစာကို ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မော်လမြိုင်ကိုယ်ပွားသတင်းစာတိုက်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဩဂုတ် ၁ ရက်တွင် ရိုက်နှိပ်ထုတ်ဝေသွားမည်ဖြစ်ပြီး ဩဂုတ် ၃ ရက်မှစတင်ကာ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ထုတ်ဝေသွားမည်ဖြစ်သည်။

တိုင်းရင်းသားသတင်းစာကို မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားအများစုဖြစ်သည့် မွန်၊ ကရင်(စကော)၊ ကရင်(ပိုး)နှင့် ပအိုဝ်းလူမျိုးများအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဖြာဖြာနှင့် ဗဟုသုတသတင်းအဖုံဖုံကို သိရှိနားလည်ပြီး ပညာရည်တိုးတက်ကာ လူနေမှုဘဝမြင့်မားစေရေးရည်ရွယ်ချက်များဖြင့် ပြည်နယ်အစိုးရအသီးသီးက ရည်မှန်းချက်ထား ထုတ်ဝေခြင်းဖြစ်ကြောင်း သိရသည်။

ယခုထုတ်ဝေသည့် တိုင်းရင်းသားသတင်းစာသည် လွယ်လွယ်ကူကူဖြင့် ထုတ်လုပ်နိုင်ခဲ့ခြင်းမဟုတ်ဘဲ သင်ယူလိုစိတ်ပြင်းထန်ပြီး တက်ကြွသည့်တိုင်းရင်းသားလူငယ်များ၏ ကျားကုတ်ကျားခဲကြိုးစားမှု၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ အားပေးပါဝင်ဆောင်ရွက်မှု၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်တကွ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ပံ့ပိုးဖြည့်ဆည်းမှု စသည့်ဘက်ပေါင်းစုံမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း သိရသည်။ **ဇေယျာ(မိုင်ရာ)**

မန္တလေးတက္ကသိုလ် ဈေးရောင်းပွဲတော် ကျင်းပ

မန္တလေး ဇူလိုင် ၃၁

မန္တလေးတက္ကသိုလ် ဈေးရောင်းပွဲတော်ကို ဇူလိုင် ၃၁ ရက်က မန္တလေးတက္ကသိုလ်ပင်မဆောင်ဝန်းကျင်တွင် ကျင်းပသည်။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဥပဒေပညာ၊ စီးပွားရေးပညာ၊ နိုင်ငံတကာဆက်ဆံရေး အစရှိသော မေဂျာ ၂၀ မှ ဆိုင်ခန်းပေါင်း ၂၅ ခန်းဖွင့်လှစ်ထားရာ Myanmar Book Store နှင့် ရာပြည့် မန္တလေး စာအုပ်ဆိုင်များကလည်း စာအုပ်ဆိုင်များဖွင့်လှစ်ရောင်းချပေးကြသည်။ ထိုသို့ဈေးရောင်းပွဲတော်ကို မကျင်းပဖြစ်သည်မှာ ကြာပြီဖြစ်သော်လည်း ကျောင်းသားကျောင်းသူများမှာ ဆိုင်ခန်းများတွင် ကြာဇံဟင်း၊ ကော်ဖီ၊ ပေါင်မုန့်နှင့် မြန်မာ့ရိုးရာမုန့်မျိုးစုံကို ရောင်းချကြပြီး ပျော်ရွှင်ဖွယ်ကစားနည်းများဖြင့် အမှတ်တရဖြစ်စေရန် ဆောင်ရွက်နိုင်ခဲ့ကြသည်။

"ကျောင်းသားတွေ တစ်ယောက်နဲ့ တစ်ယောက်စည်းလုံးညီညွတ်မှုနဲ့ ဘုံရည်မှန်းချက်တစ်ခုကို အကောင်အထည်ဖော်နိုင်ဖို့ ဆရာတို့က ဈေးပွဲတော်ကိုပြုလုပ်ရတာဖြစ်ပါတယ်"ဟု မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်သင်းက ပြောသည်။

မန္တလေးတက္ကသိုလ် ဈေးရောင်းပွဲတော်ကို နှစ်စဉ်ကျင်းပသွားနိုင်ရန် စီစဉ်ထားရှိပြီး ဗဟုသုတဖြစ်စေမည့် သိပ္ပံပစ္စည်းပြပွဲကိုလည်း စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၀၂)**

သမိုင်းဝင်စေတီပုထိုး၊ ကျောင်းတော်ကြီးများ နတ်မောက်မြို့၌ ယနေ့တိုင် ထိန်းသိမ်းထား



မြန်မာတစ်မျိုးသားလုံး၏ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိဘနှစ်ပါးဖြစ်သူ ဦးဖာနှင့် ဒေါ်စုတို့သည် အလှူဒါန ကုသိုလ်ကောင်းမှုပြုခဲ့သည့် ဘုရားကျောင်းကန်တန်ဆောင်းပြာသာဒ်များကို နတ်မောက်မြို့သူ မြို့သားများက ယနေ့တိုင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

ဆရာတော် ဦးဥပ္ပလ သီတင်းသုံးနေထိုင်သော ဘုရားကြီးကျောင်းတိုက် အပေါ်ထပ်တွင် ငွေဖြင့်ပြုလုပ်ထားသော တန်ဆောင်းပြာသာဒ်ပုံစံငယ်ကို ထိန်းသိမ်းထားကြောင်း နတ်မောက်ဒေသခံတစ်ဦးက ပြောသည်။ ထိန်းသိမ်းထားသော ပုံစံတူ အမြင့်ပေ ၆၀ ဝန်းကျင်ရှိသော တန်ဆောင်းပြာသာဒ်ကြီးကိုလည်း ဆုတောင်းပြည့်ဘုရားကြီး ရင်ပြင်တော်တွင် ဦးဖာ -ဒေါ်စုသားသမီးတစ်စုကောင်းမှုဟု ကမ္ပည်းထိုးလျက် ၁၂၉၄ ခုနှစ်က ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုနည်းတူစွာ ဗိုလ်ချုပ်အောင်ဆန်း စာပေသင်ကြားခဲ့သော ဒီပင်္ကရာ ကျောင်းတိုက်အတွင်း ဗိုလ်ချုပ်၏ မိဘများ တည်ထားကိုးကွယ်ခဲ့သော ဘုရားသုံးဆူမှာ ယနေ့တိုင်ရှိနေကြောင်း သိရသည်။ ဗိုလ်ချုပ်ပညာသင်ကြားခဲ့သော ဆရာတော်ဦးသောဘိတ၏ ကျောင်းဆောင်ကြီးသည်လည်း မပျက်မစီး တည်တံ့ခိုင်မြဲလျက်ရှိသည်။ **နေဦးမောင်(ပခုက္ကူ)**

နိုင်ငံခြားသားများ နှစ်ခြိုက်သဘောကျသည့် နမ့်တုတ်သဘာဝရေတံခွန်သို့ ကျောက်ချောလမ်းခင်းမည်

သီပေါ ဇူလိုင် ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့သို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ကား၊ ရထားတို့ဖြင့် နေ့စဉ်လာရောက်လည်ပတ်လျက် ရှိကြသည်။ အဆိုပါ ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များသည် သီပေါမြို့ ရှေးဟောင်းသမိုင်းဝင် နေရာဌာနများနှင့် သက်တမ်းနှစ်(၉၀) ရှိ သီပေါဟော်အဆောက်အအုံသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။ ဆက်လက်၍ လှပသော ချောင်းဆုံဒေသနှင့် ကျေးရွာများသို့ သွားရောက်ခဲ့ကြပြီး သီပေါမြို့၏ အနောက်ဘက် သုံးမိုင်ခန့်ရှိ "နမ့်တုတ်" သဘာဝရေတံခွန်ကြီးသို့လည်း အရောက်သွားလေ့ရှိကြသည်။ အဆိုပါ နမ့်တုတ်သဘာဝရေတံခွန်နှင့်အနီးပတ်ဝန်းကျင် ကျေးလက်များသို့ ပြည်ပဧည့်သည်များနှင့် ဒေသခံများ ရာသီမရွေးလွယ်ကူစွာ သွားလာနိုင်ရေးအတွက် သီပေါမြို့နယ် အထောက်အကူပြုကော်မတီ ရန်ပုံငွေမှကျပ်သိန်း ၆၀ အကုန်အကျခံ၍ ကျောက်ချောလမ်းခင်းသွားမည်ဟု သိရသည်။ ၎င်းနမ့်တုတ်ရေတံခွန်သွား ကျောက်ချောလမ်း ခင်းကျင်းပေးနိုင်ရေးအတွက် သီပေါမြို့နယ် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ်စည်ပင်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်နှင့် ဝန်ထမ်းများသည် စက်ယန္တရားများဖြင့် စွန့်ပစ်အမှိုက်ကန်များရှင်းလင်းခြင်း၊ မြေတူးမြေကော်လမ်းရှင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

(သီပေါကိုလတ်)

ဂုဏ်ပြုအပ်သော အမည်မသိယာဉ်မောင်း

၂၀၁၀ ခုနှစ် နိုဝင်ဘာလအတွင်းက စာရေးသူသည် ရန်ကုန်မှ တပ်ကုန်းမြို့သို့ခရီးသွားခဲ့ရသည်။ အောင်မင်္ဂလာ အဝေးပြေးယာဉ်စခန်းမှ ည ၁၀ နာရီတွင် ရောင်နီထွန်း ယာဉ်လိုင်းမှ ယာဉ်တစ်စီးဖြင့်ဖြစ်သည်။

နှီးတစ်ဝက်ငိုက်တစ်ဝက်ဖြင့် လိုက်ပါလာခဲ့ရာ ပျဉ်းမနားမြို့ ဘောဂသီရိ ကားဝင်းမှထွက်လျှင် အတော်ပင် ကြည်လင် လန်းဆန်းနေပါသည်။ မကြာမီမှာပင် သိုက်ချောင်းသို့ရောက်၍ ခရီးသည်တချို့ ဆင်းသွား၏။ တပ်ကုန်းသို့လိုက်ပါမည့်သူမှာ ၁၀ ဦးကျော်လောက်သာရှိတော့သည်။

ယာဉ်မောင်းသူသည် သူနှင့်အနီးဆုံး ထိုင်ခုံတွင်ရှိနေသည့် စာရေးသူဘက် ခေါင်းလှည့်လိုက်ပြီး " အစ်မကြီး ကျွန်တော်သိပ်အိပ်ချင်နေလို့ ၁၅ မိနစ်လောက်မှေးချင်ပါတယ်ဗျာ၊ ၁၅ မိနစ်တည်းပါ" ဟုလှမ်းပြောပါသည်။

ရုတ်တရက်တော့ နားမလည်နိုင်။ စိတ်ထဲတွင်လည်း ခုသွားမိသေးသည်။ မိနစ် ၃၀ လောက်မောင်းရင် တပ်ကုန်း ရောက်တော့မှာဟု အတွေးကြောင့်ဖြစ်ပါသည်။

သို့သော် အိပ်ချင်မူးရီနေသော ယာဉ်မောင်း၏ရုပ်သွင်ကိုမြင်ရ၍ ရပါတယ်ဟုပြောကာ နောက်နားမှခရီးသည်စုထံသို့ ယာဉ်မောင်းကိုယ်စား ပြန်ကြားရပါသည်။ စိတ်ထဲတွင်လည်း နာရီဝက်လောက်တော့ အိပ်ခွင့်ပြုလိုက်မည်ဟု ကြံရွယ်ထားသည်။

အလျင်လိုပုံရသော ခရီးသည်အချို့က ဤအခြေအနေကို နှစ်လိုပုံမရ။ ယာဉ်မောင်းကို ကြံရွယ်ထားသည်ထက် ၁၅ မိနစ် အိပ်ခွင့်ပိုပေးလိုက်ပြီး သူ့ကိုပြန်နှိုးလိုက်ပါ၏။

အိပ်ရာမှနိုးလာသော ယာဉ်မောင်းက "ကျေးဇူးတင်ပါတယ် အစ်မကြီးရယ်၊ ခုနက ဆက်မောင်းရင်အိပ်ပျော်ပြီး လမ်းဘေးဆွဲချမိတော့မှာပဲ၊ အခုတော့ အဆင်ပြေသွားပါပြီ" တဲ့။ ယာဉ်မောင်းသည် အသက်သာဆုံးဖြစ်မည့် အခြေအနေကိုရွေးပြောသွားပုံရသည်။ ဤလမ်းသည် ရန်ကုန်-မန္တလေးလမ်းဟောင်းဖြစ်၍ ကျဉ်းသည်။ ယာဉ်ကြော နှစ်ဖက်အကြားတွင် အရံအတားမရှိ။ နံနက်ဦးပိုင်းအိပ်ရာမှထ၍ မောင်းကြသည့် အရွယ်အစားမျိုးစုံသော ကုန်တင်ကားကြီးများ ကြီးစိုးသောလမ်း ခရီးသည်တင် ယာဉ်မောင်းက အိပ်ချင်စိတ်အပြည့်နှင့် ထိန်းကျောင်း မမောင်းနှင်ခဲ့လျှင် အန္တရာယ်အလွန်ကြီးကြောင်း လေးနက်စွာဆင်ခြင်မိသည်။

အိပ်ချင်စိတ်ဖြင့် ယာဉ်မောင်းလျှင် အန္တရာယ်ကြုံတွေ့နိုင်မည်ဟု ဆုံးဖြတ်၍ ပွင့်ပွင့်လင်းလင်း အိပ်ခွင့်တောင်းသော အဆိုပါအမည်မသိယာဉ်မောင်းအား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါ၏။ သူခွင့်တောင်းသည်ထက် ပိုအိပ်ခွင့်ပြုလိုက်မိခြင်းကိုလည်း ကောင်းမှုကုသိုလ်တစ်ရပ်ပြုရသလိုခံစားရပါ၏။

အဘယ့်ကြောင့်ဆိုသော် လူကြောင့်ဖြစ်တတ်သော ယာဉ်တိုက်မှုများတွင် ယာဉ်မောင်းသူများ ခရီးရှည်မောင်းနှင်ရာမှ ငိုက်မျဉ်းမှုသည်လည်း ရာခိုင်နှုန်းအတော်မြင့်မားစွာ ပါဝင်ခြင်းကြောင့် ဖြစ်ပါသည်။**(မိမိအောင်)**

ဖိတ်ခေါ်ခြင်း (Open Tender)

ဖိတ်ခေါ်ခြင်း (Open Tender)

စာအုပ်စာပေ လှူ မိတ်ဆွေ

ဂါဇာပဋိပက္ခ ဆက်လက်ဖြစ်ပွားနေချိန်တွင် အစ္စရေးက အရန်တပ်ဖွဲ့ဝင် ၁၆၀၀၀ ကို ခေါ်ယူ

ဂျေရုဆလင် ဇူလိုင် ၃၁

ဂါဇာပဋိပက္ခ ဆက်လက်ဖြစ်ပွားနေသဖြင့် အစ္စရေးအစိုးရက ၎င်း၏ တပ်မတော်ကို အထောက်အကူပေးရန်အတွက် အရန်တပ်ဖွဲ့ဝင် ၁၆၀၀၀ ကို ဆင့်ခေါ်လိုက်ကြောင်း ကြာသပတေးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။ သို့ဖြစ်ရာ အစ္စရေးဆင့်ခေါ်ခဲ့သည့် အရန်တပ်ဖွဲ့ဝင် အရေအတွက်စုစုပေါင်းမှာ ၈၆၀၀၀ အထိရှိသွားပြီဖြစ်သည်။

ကုလသမဂ္ဂ စီမံကွပ်ကဲသော ကျောင်းတစ်ကျောင်းသည် တိုက်ခိုက်ခြင်းခံရသဖြင့် အနည်းဆုံး ၁၆ဦး သေဆုံးခဲ့ရာ ယင်းတိုက်ခိုက်မှုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အစ္စရေးက ကတိပြုခဲ့ပြီးနောက်အဆိုပါ အရန်တပ်ဖွဲ့များ ထပ်မံဆင့်ခေါ်ခဲ့ခြင်းဖြစ်သည်။

ဗုဒ္ဓဟူးနေ့တွင် ဂါဇာ၌ စုစုပေါင်း လူ ၁၀၀ ကျော်သေဆုံးခဲ့ကြောင်း ပါလက်စတိုင်း တာဝန်ရှိသူများက ပြောကြားသည်။

၎င်းကုလသမဂ္ဂကျောင်းကို ပစ်ခတ်မှုတွင် ၎င်းတို့၌ တာဝန်ရှိကြောင်း စစ်ဆေးတွေ့ရှိပါက အစ္စရေးနိုင်ငံက တောင်းပန်မည်ဖြစ်ကြောင်း အစ္စရေးတပ်မတော် ပြောရေးဆိုခွင့်ရှိသူ မတ်ရီအစ်က ပြောသည်။

အရပ်ဘက်များကို ပစ်မှတ်ထား တိုက်ခိုက်ခြင်း မပြုရဟူသော မူဝါဒ ၎င်းတို့တွင် ရှိကြောင်း မတ်ရီအစ်က ပြောသည်။

အဆိုပါ တိုက်ခိုက်မှုကို အမေရိကန်ပြည်ထောင်စုနှင့်ကုလသမဂ္ဂကရှုတ်ချခဲ့သည်။ အထွေထွေအတွင်းရေးမှူး ဘန်ကီမွန်းက လျော်ကန်သင့်မြတ်မှု မရှိသော လုပ်ဆောင်ချက်ဖြစ်သည်ဟု ပြောဆိုခဲ့သည်။

ဂါဇာကို ထိန်းချုပ်ထားသည့် ပါလက်စတိုင်း စစ်သွေးကြွအုပ်စု ဟားမတ်စ်အား ဆက်လက်တိုက်ခိုက်ရေးကို အတည်ပြုရန်အတွက် အစ္စရေးအစိုးရ လုံခြုံရေး ကော်မတီသည် ဗုဒ္ဓဟူးနေ့တွင် တွေ့ဆုံခဲ့သည်။

အစ္စရေးက လေကြောင်းတိုက်ခိုက်မှုကြောင့် ဂါဇာတောင်ပိုင်း၌ ပျက်စီးခဲ့ရသော အဆောက်အအုံတစ်လုံးကို တွေ့ရစဉ်။

စစ်သွေးကြွများဟု မသင်္ကာရသူများ၊ ဒုံးကျည်ပစ်လွှတ်သည်ဟု သံသယရှိသည့် နေရာများနှင့် အစ္စရေးနိုင်ငံသို့ ဦးတည်သော ဥမင်လိုဏ်ဂူကွန်ရက်များကို ဆက်လက် တိုက်ခိုက်မည်ဖြစ်ကြောင်း အစ္စရေးတပ်မတော်က ပြောသည်။

ဗုဒ္ဓဟူးနေ့ညတွင် လေကြောင်းမှ အနည်းဆုံး ၁၉ကြိမ် တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောသည်။

အစ္စရေးနိုင်ငံက ဇူလိုင် ၈ရက်နေ့မှ စတင်၍ စစ်ဆင်ရေးပြုလုပ်ခဲ့ရာ ယနေ့အထိ အနည်းဆုံးပါလက်စတိုင်း ၁၃၆၀ ဦး သေဆုံးပြီးဖြစ်သည်။ အများစုမှာ အရပ်သားများ ဖြစ်ကြသည်။

အစ္စရေးနိုင်ငံဘက်မှ ၅၈ဦး သေဆုံးခဲ့ရာတွင် တပ်ဖွဲ့ဝင် ၅၆ဦးနှင့် အရပ်သားနှစ်ဦး ပါဝင်သည်။ အစ္စရေးနိုင်ငံရှိ ထိုင်းအလုပ်သမား တစ်ဦးလည်း သေဆုံးခဲ့သည်။

အရပ်သား ၃၀၀၀ ကျော် ခိုလှုံလျက်ရှိသော ဂျာဗာလီယာဒုက္ခသည်စခန်းမှ ကျောင်းတစ်ကျောင်းမှာ ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် တိုက်ခိုက်မှု ခံခဲ့ရခြင်းဖြစ်သည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဘန်ကီမွန်းက ရရှိသော အထောက်အထားများအရ အစ္စရေး အမြောက်ကျည်များ ထိမှန်ခံရခြင်းဖြစ်သည်ဟု ပြောသည်။

ဘီဘီစီ။

အိန္ဒိယဝန်ကြီးချုပ် ခရီးစဉ် နီပေါ၌ လုံခြုံရေးတိုးမြှင့်

ခတ္တမန္ဒူ ဇူလိုင် ၃၁

နီပေါနိုင်ငံသို့ အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီ လာရောက်မည်ဖြစ်ရာ လုံခြုံရေး အစီအမံများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီ၏ ခရီးစဉ်အတွင်း လုံခြုံရေးကောင်းမွန်စေရန် နီပေါနိုင်ငံရှိ လုံခြုံရေးဌာန လေးခုတို့က ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ မိုဒီသည် နှစ်ရက်ကြာ ခရီးစဉ်အဖြစ် နီပေါနိုင်ငံသို့ ဩဂုတ် ၃ရက်တွင် ရောက်ရှိလာမည်ဖြစ်သည်။

နီပေါ ကြည်းတပ်၊လက်နက်ကိုင်ရဲတပ်ဖွဲ့၊ နီပေါရဲတပ်ဖွဲ့နှင့် အမျိုးသား ထောက်လှမ်းရေးဌာနတို့က လုံခြုံရေးစီမံချက်ကို ပူးတွဲအကောင်အထည်ဖော်မည်ဖြစ်ကြောင်း နီပေါပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပရာဆက်ဒါကာက ပြောကြားသည်။

အိန္ဒိယဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း လေကြောင်းမှ ကင်းလှည့်စောင့်ကြပ်မည်ဖြစ်ပြီး လုံခြုံရေးဆိုင်ရာ အထူးကွပ်ကဲရေးစခန်းကို ထူထောင်မည်ဖြစ်သည်။ အိန္ဒိယကွန်မန်ဒိုတပ်ဖွဲ့ဝင်များသည်လည်း ဝန်ကြီးချုပ်၏ လုံခြုံရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အိန္ဒိယဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးရာတွင် အားလုံး၏ ဘုံရပ်တည်ချက် ရရှိနိုင်ရေးအတွက် နိုင်ငံရေးပါတီ ၃၁ ပါတီမှ ခေါင်းဆောင်များနှင့် နီပေါဝန်ကြီးချုပ် ကွိုင်ရာလာတို့ တွေ့ဆုံဆွေးနွေးလျက်ရှိသည်။ **ပီတီအိုင်။**

ဟစ်ဇဘိုလာ တပ်မှူးတစ်ဦး အီရတ်၌ အသတ်ခံရ

ဘေရွတ် ဇူလိုင် ၃၁

လက်ဘနွန် စစ်သွေးကြွအုပ်စုဖြစ်သော ဟစ်ဇဘိုလာအဖွဲ့မှ တပ်မှူးတစ်ဦးသည် အီရတ်နိုင်ငံ၌ အသတ်ခံခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၃၁ရက်တွင် သတင်းထုတ်ပြန်သည်။

ဟစ်ဇဘိုလာအဖွဲ့၏ တပ်မှူးတစ်ဦးဖြစ်သူ အီဘရာဟင်မိုဟာမက် အယ်လ်-ဟတ်ဂျ်သည် တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်နေချိန်အတွင်း အသတ်ခံခဲ့ရခြင်းဖြစ်ကြောင်း ရှီးယိုက်ဟစ်ဇဘိုလာအဖွဲ့နှင့် နီးစပ်မှုရှိသော လက်ဘနွန် တာဝန်ရှိသူများက ပြောကြားကြသည်။ သို့ရာတွင် အသေးစိတ်မသိရပေ။

အီရတ်နိုင်ငံ၌ ဆွန်နီအစွန်းရောက်များက ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ချိန်နောက်ပိုင်း ယင်းနိုင်ငံ၌ ပထမဆုံးအကြိမ် ဟစ်ဇဘိုလာတပ်မှူးတစ်ဦး သေဆုံးရမှုဖြစ်သည်။ ရိုက်တာ။

လေယာဉ်ပျက်ကျသည့်နေရာတွင် ယူကရိန်းကယ်ဆယ်ရေးလုပ်သားများ လုပ်ငန်းဆောင်ရွက်နေသည့် မှတ်တမ်းပုံ။

လစ်ဗျားမှ ဖိလစ်ပိုင် လုပ်သားများကို ကယ်ထုတ်ရန် စင်းလုံးငှားလေယာဉ်များ စေလွှတ်မည်ဟုဆို

ထရီပိုလီ ဇူလိုင် ၃၁

လစ်ဗျားနိုင်ငံတွင်း၌ အလုပ်လုပ်ကိုင်နေသည့် ဖိလစ်ပိုင်နိုင်ငံသားဦးရေ ၁၃၀၀၀ အား ယင်းနိုင်ငံမှ ပြန်လည်ခေါ်ယူနိုင်ရေးအတွက် စင်းလုံးငှားလေယာဉ်များကို အလျင်အမြန်စေလွှတ်ပေးမည်ဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရတာဝန်ရှိသူများက ဇူလိုင် ၃၁ရက်တွင် ပြောကြားသည်။ ဇူလိုင် ၃၀ ရက်က လစ်ဗျားနိုင်ငံ၌ ဖိလစ်ပိုင်လူမျိုး သူနာပြုဆရာမတစ်ဦးအား အုပ်စုဖွဲ့အဓမ္မပြုကျင့်မှု ဖြစ်ပွားပြီးနောက် ဖိလစ်ပိုင်လုပ်သားများကို ပြန်လည်ခေါ်ယူရန် စီစဉ်ခြင်းဖြစ်သည်။

ဇူလိုင် ၃၀ရက်က လစ်ဗျားနိုင်ငံ ထရီပိုလီမြို့တွင် ဖိလစ်ပိုင်နိုင်ငံသူ အမျိုးသမီးတစ်ဦး လိင်မှုဆိုင်ရာ အကြမ်းဖက်မှုခံရကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြု ပြောကြားသည်။ ယင်းဖြစ်စဉ် မဖြစ်ပွားမီ ၁၀ ရက်အလိုကလည်း လစ်ဗျားနိုင်ငံ ဘန်ဂါဇီမြို့တွင် ခေါင်းဖြတ် အသတ်ခံထားရသော ဖိလစ်ပိုင်လူမျိုး ဆောက်လုပ်ရေး အလုပ်သမားတစ်ဦး၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ရသည်ဟု ဆိုသည်။

လစ်ဗျားနိုင်ငံ၌ လုံခြုံရေးအခြေအနေဆိုးရွားနေချိန်အတွင်း ပြည်တော်ပြန်ကြမည့် ဖိလစ်ပိုင် အလုပ်သမားများကို တွေ့ရစဉ်။

ဖိလစ်ပိုင်နိုင်ငံသားများအပေါ်တွင် ကျူးလွန်ခဲ့သည့် ရာဇဝတ် ပြစ်မှုများအပေါ် မိမိတို့ ပြင်းထန်စွာဝေဖန် ရှုတ်ချကြောင်း ဖိလစ်ပိုင်နိုင်ငံ သမ္မတ ဘီနစ်နိုအကွီနို၏ ပြောရေးဆိုခွင့်ရှိသူ ဟာမီနီမိုကိုလိုဟာက ပြောကြားသည်။

အုပ်စုဖွဲ့ အဓမ္မအကျင့်ခံရသူ ဖိလစ်ပိုင်အမျိုးသမီးသည် ၎င်း၏နေအိမ်ပြင်ပမှ အမည်မသိ အရပ်တစ်နေရာသို့ ခေါ်ဆောင်သွားခြင်းခံရပြီး လူငယ်ခြောက်ဦးထက်မနည်းက အုပ်စုဖွဲ့ကာ အဓမ္မပြုကျင့်ခံခဲ့ရသည်။

ယင်းအမျိုးသမီး အဓမ္မပြုကျင့်ခံရပြီးနောက် နှစ်နာရီအကြာတွင် လစ်ဗျားနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်ကောင်စစ်ဝန်နှင့် အဖွဲ့က ၎င်းအားဆေးရုံသို့ တင်ဆောင်ကာဆေးကုသမှု ခံယူစေခဲ့သည်။

ဘီဘီစီ။

လေယာဉ်ပျက်ကျမှု စုံစမ်းစစ်ဆေးနိုင်ရေး ယူကရိန်းပါလီမန် အတည်ပြု

ကိယက်ဗ် ဇူလိုင် ၃၁

စစ်ဖြစ်ပွားနေသော ယူကရိန်းနိုင်ငံ အရှေ့ပိုင်းရှိ ခရီးသည်တင် လေယာဉ်ပျက်ကျခဲ့သည့် နေရာတွင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရေးအတွက်နယ်သာလန်နိုင်ငံ၊ဩစတြေးလျနိုင်ငံတို့နှင့် ယူကရိန်းအစိုးရအဖွဲ့တို့အကြား ရရှိခဲ့သည့် သဘောတူညီချက်များကို ယူကရိန်း ပါလီမန်က ဇူလိုင် ၃၁ ရက်တွင် အတည်ပြုပေးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

မလေးရှား လေကြောင်းဌာနမှ အမ်အိပ်ချ်-၁၇ ခရီးစဉ် ပျံသန်းလာသည့် လေယာဉ်ပျက်ကျခဲ့သည့် နေရာတွင် စုံစမ်းစစ်ဆေးရေးမှူးများအနေဖြင့် ဘေးအန္တရာယ် လုံခြုံစွာဖြင့် တာဝန်ထမ်းဆောင်နိုင်စေရန် လက်နက်ကိုင် အစောင့်အရှောက် ၉၅၀ ခန့်ကို စေလွှတ်ခွင့်ပြုမည်ဖြစ်ကြောင်း ယူကရိန်းပါလီမန်၏ ဆုံးဖြတ်ချက်တွင် ဖော်ပြသည်။

အဆိုပါ ဆုံးဖြတ်ချက်အရ နယ်သာလန်နှင့် ဩစတြေးလျနိုင်ငံတို့သည် စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်များနှင့် စစ်ဘက်မဟုတ်သော တပ်ဖွဲ့ဝင်များကို စေလွှတ်ခွင့်ပြုမည်ဖြစ်သည်။

ထိုစဉ်အတွင်း ယူကရိန်းအစိုးရတပ်ဖွဲ့သည် ရုရှားလိုလားသော ခွဲထွက်ရေးသမားများကို ချေမှုန်းနေသည့် ထိုးစစ်ဆင်တိုက်ခိုက်မှုကို တစ်ရက်ကြာ ရပ်ဆိုင်းပေးမည်ဟု ထုတ်ပြန်ကြေညာသည်။ ပျက်ကျခဲ့ရသော ခရီးသည်တင်လေယာဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှု တစ်ရပ်ကို စတင်နိုင်ရေးအတွက် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ရပြီးနောက် ယင်းကြေညာချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ခွဲထွက်ရေးသမားများအား ထောက်ခံမှုအတွက် ရုရှားနိုင်ငံအပေါ် အရေးယူဒဏ်ခတ်မှုများ တိုးမြှင့်ပြုလုပ်သွားရန် ဖွံ့ဖြိုးပြီးခုနစ်နိုင်ငံအုပ်စု (ဂျီ-၇) က သတိပေးခဲ့သည်။ **ရိုက်တာ။**

အမ်းမရိတ်ဖလားချန်ပီယံ ဘယ်အသင်းဖြစ်မှာလဲ

ဝင်းထွဋ်ဦး

ဩဂုတ် ၂ ရက်မှ ဩဂုတ် ၃ ရက်အထိ အမ်းမရိတ်ဖလားပြိုင်ပွဲကို အာဆင်နယ်အသင်း၏အိမ်ကွင်း အမ်းမရိတ်ကွင်းကြီးမှာ ကျင်းပပြုလုပ်မည်ဖြစ်သည်။ ၂၀၀၇ ခုနှစ်က အာဆင်နယ်အသင်း ဟိုက်ဘူရီကွင်းမှ အမ်းမရိတ်ကွင်းသစ်ကြီးဆီ ပြောင်းရွှေ့သည့်အထိမ်းအမှတ်ပွဲအဖြစ် စီစဉ်ကျင်းပခဲ့သည့် အမ်းမရိတ်ဖလားပြိုင်ပွဲသည် ယခုနှစ်ထိဆိုလျှင် ပြိုင်ပွဲသက်တမ်း ခုနစ်ကြိမ်ရှိခဲ့ပြီဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်အကြိမ်တိုင်း အိမ်ရှင်အာဆင်နယ်အသင်းနှင့်အတူအခြားပြိုင်ဘက်သုံးသင်းကို ဖိတ်ခေါ်ပြီးပါဝင်ယှဉ်ပြိုင်မှုပြုစေခဲ့ပါသည်။ ၂၀၁၂ ခုနှစ် တစ်နှစ်တာအိုလံပစ်အားကစားပွဲအတွက်ပြင်ဆင်မှုများ ပြုလုပ်ခဲ့၍ ပြိုင်ပွဲမကျင်းပဖြစ်ခဲ့ပါ။ ၂၀၀၇ ခုနှစ်မှ ၂၀၁၁ အထိ ငါးကြိမ်ဆက်နှင့် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် ယခုနှစ် ၂၀၁၄ တို့တွင် ဆက်လက်ကျင်းပခဲ့သည်။

ယခုနှစ်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့်အသင်းများမှာ အိမ်ရှင်အာဆင်နယ်၊ ပြင်သစ်ကလပ် မိုနာကို၊ ပေါ်တူဂီကလပ် ဘင်ဖီကာနှင့် စပိန်လာလီဂါအသင်းတစ်သင်းဖြစ်သည့် ဗလန်စီယာတို့ ဖြစ်ကြသည်။ ပြိုင်ပွဲဝင်အသင်း လေးသင်းသည် မဲခွဲပြီး နှစ်ပွဲစီကစားကြရမည်ဖြစ်သည်။ ဩဂုတ် ၂ ရက်တွင် နှစ်ပွဲနှင့် ဩဂုတ် ၃ ရက်တွင် နှစ်ပွဲ ကစားရမည်ဖြစ်ပြီး နှစ်ပွဲအပြီး စုစုပေါင်းအမှတ်အများဆုံးရရှိသည့်အသင်းချန်ပီယံဆုရရှိမည်။ အမ်းမရိတ် ဖလားပြိုင်ပွဲသည် အခြားပြိုင်ပွဲများနှင့်မတူဘဲ၊ ထူးခြားသည်မှာ အမှတ်ပေးစနစ်ပုံစံပင်ဖြစ်သည်။ တစ်ပွဲအနိုင်ရလျှင် သုံးမှတ်၊ သရေကျခဲ့ပါက တစ်မှတ်၊ အပြင်ဂိုးတစ်ဂိုးသွင်းယူတိုင်း ရမှတ်တစ်မှတ် ထပ်ပေါင်းရရှိမည်။ ပြိုင်ပွဲဝင်အသင်းလေးသင်းထဲတွင် နှစ်သင်း၊ နှစ်သင်းနှင့်အထက် ရမှတ်တူညီနေမည်ဆိုပါက သွင်းဂိုးအရေအတွက်များသည့်အသင်းသာအသာရမည်၊ သွင်းဂိုးတူလျှင်ပေးဂိုးနှင့်ဆုံးဖြတ်သဖြင့် အမ်းမရိတ်ဖလားပြိုင်ပွဲဝင်အသင်းတိုင်း တိုက်စစ်ဖွင့်ကစားသည့်နည်းစနစ်ပုံစံကို အသုံးပြုခဲ့သည်ကို ယခင်ပြိုင်ပွဲများတွင် တွေ့ရသည်။ ယခုနှစ်ပြိုင်ပွဲမှာလည်း အသင်းလေးသင်းစလုံး၏အကောင်းဆုံးတိုက်စစ်စွမ်းရည်ကို ကြည့်ရှုကြရဦးမည်ဖြစ်သည်။

ဩဂုတ် ၂ ရက်တွင် စပိန်လာလီဂါအသင်း ဗလန်စီယာနှင့် ပြင်သစ်ကလပ် မိုနာကို၊ အိမ်ရှင်အာဆင်နယ်နှင့် ပေါ်တူဂီကလပ်ဘင်ဖီကာတို့ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဩဂုတ် ၃ ရက်တွင် ပေါ်တူဂီအသင်းဖြစ်သည့် ဘင်ဖီကာနှင့်စပိန်ကလပ် ဗလန်စီယာ၊ အာဆင်နယ်နှင့် မိုနာကိုတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အိမ်ရှင်အာဆင်နယ်အသင်းသည် ကျင်းပပြီးစီးခဲ့သည့် ပြိုင်ပွဲ ခြောက်ကြိမ်တွင် သုံးကြိမ်ချန်ပီယံဖြစ်ခဲ့သော်လည်း နောက်ဆုံးပြိုင်ပွဲနှစ်ကြိမ်တွင် ဆုဖလားနှင့်ဝေးခဲ့ရ၍ ယခုနှစ်ပြိုင်ပွဲမှာ အိမ်ရှင်အသင်းချန်ပီယံပြန်ဖြစ်မလားဆိုသည်မှာ စိတ်ဝင်စားစရာကောင်းနေပြီဖြစ်သည်။ ၂၀၁၁ နှင့် ၂၀၁၃ ပြိုင်ပွဲနှစ်ကြိမ်မှာ ဖိတ်ခေါ်ခံရသည့်သည်အသင်းများက ဗိုလ်စွဲခဲ့သဖြင့် ယခုနှစ် ဧည့်သည်အသင်းများဖြစ်သည့် မိုနာကို၊ ဗလန်စီယာနှင့်ဘင်ဖီကာတို့သုံးသင်းထဲက တစ်သင်းသင်းဆက်လက်ဗိုလ်စွဲဦးမှာလားဆိုသည့် မေးခွန်းများထွက်ပေါ်နေသည်မှာလည်း စိတ်ဝင်စားစရာပင်ဖြစ်နေပါသည်။ မည်သို့ပင်ဖြစ်ပါစေ၊ ပြိုင်ပွဲဝင်အသင်းလေးသင်း၏ တိုက်စစ်အစွမ်း အားကုန်ထုတ်ပြိုင်မည့် ခုနစ်ကြိမ်မြောက် အမ်းမရိတ်ဖလားပြိုင်ပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်ပြီးကြည့်ကောင်းမည့် ဖလားလုပွဲတစ်ပွဲ ဖြစ်မှာသေချာနေပါကြောင်း . . . .

ထိုင်းနိုင်ငံတွင် ခြေစမ်းပွဲများကစားရန် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းပြင်ဆင်

ရန်ကုန် ဇူလိုင် ၃၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)သည် အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ရန်ရှိနေသည့် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းအား ထိုင်းနိုင်ငံသို့စေလွှတ်ကာခြေစမ်းပွဲများကစားစေရန်စီစဉ်ထားကြောင်းသိရသည်။ ထို့ပြင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းမှာ ယင်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှု တစ်ရပ်အနေဖြင့် တရုတ်နိုင်ငံတကာဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အိမ်ရှင်တရုတ်အသင်းအပါအဝင် ဗီယက်နမ်၊ အီရန်တို့နှင့်တစ်အုပ်စုတည်းကျရောက်ခဲ့ရာ ပွဲစဉ်အားလုံးကို ရှုံးနိမ့်ထားခဲ့ကြောင်း သိရသည်။ ထိုင်းနိုင်ငံမှာ အရှေ့တောင်အာရှဒေသတွင် ဖူဆယ်လောက၌ အင်အားကြီးမားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၁၂ ခုနှစ်က ကမ္ဘာ့ဖလားဖူဆယ်ပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးကာ ကွာတားဖိုင်နယ်အဆင့်ထိ ရောက်ရှိအောင်စွမ်းဆောင်ထားနိုင်ခဲ့သည်။ ထို့ကြောင့် MFF မှာ မြန်မာ့ဖူဆယ်ဘောလုံးလောကတိုးတက်စေရန်အတွက် ယခုကဲ့သို့ထိုင်းနိုင်ငံတွင်ခြေစမ်းကစားစေရန်စီစဉ်နေခြင်းဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်း ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **[ရဲစွမ်း]**

တိုက်စစ်မှူးလူကာကူအား ပေါင် ၂၈ သန်းဖြင့် အဲဗာတန်အသင်း ခေါ်ယူ

ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းသည် ချယ်လ်ဆီးတိုက်စစ်မှူး လူကာကူအား အသင်း၏ စံချိန်တင်ပြောင်းရွှေ့ကြေးဖြစ်သည့် ပေါင် ၂၈ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့်ဘောလုံးရာသီက အဲဗာတန်အသင်း၌ အငှားချထားခြင်းခံရစဉ်တွင် သွင်းဂိုး ၁၆ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည့် အသက်(၂၁)နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံတိုက်စစ်မှူး လူကာကူသည် လက်ရှိတွင် အဲဗာတန်အသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။

တိုက်စစ်မှူး လူကာကူသည် ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် အန်ဒါလက်ချ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁၈ သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ချယ်လ်ဆီးအသင်းနှင့်အတူ ၁၅ ပွဲသာလျှင် ပွဲထွက်ကစားခဲ့သည်။

"ကစားသမားတစ်ယောက်အနေနဲ့ အသင်းကောင်းတစ်သင်းမှာ ကစားရဖို့နဲ့ ပုံမှန်ပွဲထွက်ခွင့်ရဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် ပုံမှန်ပွဲထွက်ခွင့်အတွက် အဲဗာတန်အသင်းကို ပြောင်းရွှေ့ဖို့ အမြန်ဆုံးဆုံးဖြတ်လိုက်တာပါ"ဟု တိုက်စစ်မှူး လူကာကူက အဲဗာတန်အသင်းနှင့် စာချုပ်ချုပ်ဆိုပြီးနောက် ပြောကြားခဲ့သည်။

"လူကာကူက ချယ်လ်ဆီးမှာကစားချင်တာပါ။ ဒါပေမယ့် သူက ပထမဦးစားပေးတိုက်စစ်မှူးတစ်ဦးအနေနဲ့ ပွဲထွက်ချင်တာ။ အဲဒါနဲ့ ပတ်သက်လို့ ပုံမှန်ပွဲထွက်ခွင့်အတွက် ကတိကဝတ်ပြုဖို့ဆိုတာ အင်မတန်ခက်ခဲတဲ့ကိစ္စတစ်ခုပါ" ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုက ပြောကြားခဲ့သည်။ **[ငွေကြယ်]**

မိုနာကိုတိုက်စစ်မှူး ဖယ်လ်ကာအိုအား ခေါ်ယူရန် ရီးယဲလ်မက်ဒရစ်အသင်း ကြိုးပမ်း

စပိန်လာလီဂါ ထိပ်သီးကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် လာမည့်ဘောလုံးရာသီတွင် အသင်း၏ တိုက်စစ်ပိုင်းကို အားဖြည့်ရန်အတွက် မိုနာကိုအသင်း၏ ကိုလံဘီယာ တိုက်စစ်မှူးဖယ်လ်ကာအိုအား ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ ရီးယဲလ်မက်ဒရစ် အသင်းမှာ ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် တိုနီခရုစ်နှင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့အား ပေါင် ၉၅ သန်းအထိသုံးစွဲကာ ခေါ်ယူထားခဲ့သော်လည်း အပြောင်းအရွှေ့ဈေးကွက် မပိတ်သိမ်းမီအချိန်ထိ နာမည်ကျော်ကစားသမားများကို ထပ်မံအားဖြည့်သွားမည် ဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်အသင်း ဥက္ကဋ္ဌ ဖလော့ရင်တီနိုပီရက်ဇ် ကပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် ရီးယဲလ်မက်ဒရစ်အသင်းမှာ မိုနာကိုအသင်း၏ ကိုလံဘီယာတိုက်စစ်မှူး ဖယ်လ်ကာအိုအား ခေါ်ယူရန်ကြိုးပမ်းသွားမည်ဖြစ်ပြီး ၎င်းကိုခေါ်ယူရန် အဆင်မပြေပါက မန်စီးတီးအသင်း တိုက်စစ်မှူးအဂူရိုအား ခေါ်ယူသွားရန် ဆန္ဒရှိနေကြောင်း စပိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။ ထို့ပြင် ရီးယဲလ်မက်ဒရစ်အသင်းမှာ ပြီးခဲ့သည့်ရက်ပိုင်းက လီဗန်တေးဂိုးသမား နာဗက်စ်ကိုလည်း ခေါ်ယူထားခဲ့ပြီး ၎င်းအတွက် ယူရို ၁၀ သန်းခန့်ပေးချေခဲ့ရကြောင်း သိရသည်။ ရီးယဲလ်မက်ဒရစ် အသင်းမှာ ဖယ်လ်ကာအိုအား တစ်ရာသီအငှားစာချုပ်ဖြင့်သာ စမ်းသပ်ခေါ်ယူရန် ဆန္ဒရှိနေသော်လည်း အဂူရိုကိုမူ ပေါင်သန်း ၃၀ အထိ ပေးကာ ကမ်းလှမ်းသွားဖွယ်ရှိကြောင်း စပိန်သတင်းစာ MARCA ကဖော်ပြခဲ့သည်။ ထို့ပြင် ပီရက်ဇ် က "အပြောင်းအရွှေ့ကာလနောက်ဆုံးအချိန်ထိ ကစားသမားသစ်တွေကို ကြိုးပမ်းသွားမှာပါ။ ဒီနှစ်ဘောလုံးရာသီဟာ ရီးယဲလ်အတွက်အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့ဟာ ဥရောပချန်ပီယံအသင်း တစ်သင်းဖြစ်တဲ့အတွက် အကောင်းဆုံးကစားသမားတွေကို ထပ်မံခေါ်ယူသွားဦးမှာပါ" ဟုပြောကြားသွားခဲ့သည်။ **[ကိုရဲ]**

ဒို့လေးရွာလူမှုကူညီရေးအသင်း

ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားလွှာ

မလှိုင်မြို့နယ်၊ ဖောင်ရိုးတော၊ ဖက်တော၊ ကြာကန်၊ ရွာတန်းစသည့်ရန်ကုန်ရောက်လေးရွာမိသားစုတို့၏ လူမှုကူညီရေးအသင်းမှ ကြီးမှူးလျက် လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ မဟာမှန်ကင်းကျောင်းရှိသံဃာများအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို အဆိုပါကျောင်းတိုက်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့အစီအစဉ်

နေ့ရက် - ၃-၈-၂၀၁၄ရက် (တနင်္ဂနွေနေ့)

အချိန် - နံနက် ၁၀ နာရီ

နေရာ - သရက်တောကျောင်းတိုက်၊ မဟာမှန်ကင်းကျောင်း

ဝန်ထမ်းအလိုရှိသည်

ငွေဆောင်ဟိုတယ်တွင် တာဝန်ထမ်းဆောင်ရန်

၁။ Operation မန်နေဂျာ (ကျား/မ) ၁ဦး
(ဟိုတယ်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိသူ ဖြစ်ရမည်။)

၂။ လက်ထောက်မန်နေဂျာ (Housekeeping) ဘွဲ့ရ (ကျား/မ) ၂ဦး
(ဟိုတယ်လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိသူ ဖြစ်ရမည်။

၃။ လက်ထောက်မန်နေဂျာ(F&B) ဘွဲ့ရ (ကျား/မ) ၁ဦး
(ဟိုတယ်လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိသူ ဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်း၊ သန်းခေါင်စာရင်းမိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အခြားအောင်လက်မှတ်မိတ္တူများနှင့်အတူ ၈-၈-၂၀၁၄ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။ ဖုန်း-၀၉-၇၃၀၄၇၀၉၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။



စက်မှုဝန်ကြီးဌာန

အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း

အမှတ်(၁၀)အကြီးစားစက်ရုံ(ရန်ကုန်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၁)အကြီးစားစက်ရုံ(ရန်ကုန်)မှ အောက်ဖော်ပြပါပစ္စည်း (၆)မျိုးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချ လိုပါသည်-

(က) Hပုံစံသံတန်း(H Beam ၃၄'×၁၀") (၆)ခု
(ခ) (၁၀)တန်ထရပ်ကားသံပေါင်(10Ton Truck Frame) (၁)ခု
(ဂ) တီအီး-၁၁ထရပ်ကားသံပေါင်(TE-11-Truck Frame) (၁)ခု
(ဃ) တီအီး-၃၁ထရပ်ကား၏ နောက်ကိုယ်ထည် (TE-31 Trauck Rear Body) (၁၁)ခု
(င) သံတံခါးအဟောင်း ပေ(၁၃×၇) (၅)ခု
(စ) ကျောက်ပြားအမိုးနှင့်ရေတံလျှောက်တုံးများ

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၈-၂၀၁၄ရက်မှ ၁၅-၈-၂၀၁၄ရက်ထိ

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - အမှတ်(၁၁)အကြီးစားစက်ရုံ(ရန်ကုန်) စီမံကိန်းဌာန

၄။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်နှင့်အချိန် -၁၈-၈-၂၀၁၄ရက် (၁၂:၀၀)နာရီ

၅။ တင်ဒါတင်သွင်းရမည့်နေရာ - အမှတ်(၁၁)အကြီးစားစက်ရုံ(ရန်ကုန်) စီမံကိန်းဌာန

၆။ တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၁၈-၈-၂၀၁၄ ရက် (၁၃:၀၀)နာရီ

၇။ အသေးစိတ်သိရှိလိုပါက ၀၁-၆၆၀၄၇၃၊ ၀၁-၆၆၈၁၇၈သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

မဟာဗန္ဓုလလမ်း လမ်းဘေးဝဲယာရှိ သက်တမ်းရင့်သစ်ပင်အချို့ကို တွေ့ရစဉ်။

အရက်သေစာသောက်စားမူးယစ်ပြီး ဓားရှည်ကိုင်သောင်းကျန်းသူ လက်နက်ပုဒ်မဖြင့်အရေးယူ

မန္တလေး ဇူလိုင် ၃၁

ပုသိမ်ကြီးမြို့နယ် အုန်းချောနယ်မြေရဲစခန်းမှ ဒုရဲအုပ်မောင်တင့်နှင့်အဖွဲ့သည် ဇူလိုင် ၂၉ ရက် ည ၁၁ နာရီခွဲက နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ပုသိမ်ကြီးမြို့နယ် သမ္မတောကျေးရွာအုပ်စု ကွေ့ကြီးကုန်းကျေးရွာသို့ရောက်ရှိပြီး ကျေးရွာ ရွာလယ်လမ်းတွင် ကျော်သူထွေး(၂၇)နှစ် ယာဉ်မောင်းသည် အရက်သေစာသောက်စားမူးယစ်ပြီး အရိုးအသွား ၁၈ လက်မခန့်ရှိ ဓားရှည်တစ်ချောင်းကိုင်၍ ရမ်းကားနေသည်ကိုတွေ့ရှိရ၍ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ရှေ့တွင် အဆိုပါဓားအား သိမ်းဆည်းပြီး ရဲစခန်းက(ပ)၁၇၆/၂၀၁၄ လက်နက်ပုဒ်မ ၁၉(င) အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ စဉ့်ကူးမြို့နယ် လက်ပန်လှရဲစခန်းမှ ဒုရဲအုပ်ကျော်ဇေယျနှင့် အဖွဲ့သည် ဇူလိုင် ၁၉ ရက် ည ၁၁ နာရီက လှည့်ကင်းဆောင်ရွက်စဉ် စဉ့်ကူးမြို့နယ် ကန်တောင်ကျေးရွာ ရွှေကုံကော်ရပ်ကွက် အလကရှေ့လမ်းမပေါ်တွင် ဆိုင်ကယ်တစ်စီးနှင့် မသင်္ကာသူ ထွန်းနိုင်(၂၂)နှစ် အမှတ်(၇)ရပ်ကွက် ကျည်တောက်ပေါက်နေသူအား စစ်ဆေးရာ ခါးကြား၌ ဝှက်ယူလာသော အရိုးအသွား ၁၀ လက်မရှိ ဓားဦးချွန်တစ်ချောင်းတွေ့ရှိသဖြင့် ရဲစခန်းက (ပ)၅၀/၂၀၁၄ လက်နက် ပုဒ်မ ၁၉(င)အရအမှုဖွင့် အရေးယူထားသည်။ **မောင်ပြည်သူ(မန္တလေး)**

သက်တမ်းရင့်သစ်ပင်များ ပြိုလဲမကျရန် အကာအကွယ်များလိုအပ်

ရန်ကုန် ဇူလိုင် ၃၁

မိုးတွင်းကာလ မြန်မာပြည်အနှံ့ သစ်ပင်စိုက်ပျိုးမှုများ ပြုလုပ်သည့်သတင်းများ ဖတ်ရှုနေရသကဲ့သို့ သက်တမ်းရင့် သစ်ပင်အချို့ ရန်ကုန်မြို့တွင်း ပြိုလဲကျမှုများလည်း ဖတ်ရှုနေရရာ နှစ်စဉ် စိုက်ပျိုးသော သစ်ပင်များ ရှင်သန်ရန် လိုအပ်သကဲ့သို့ သက်တမ်းရင့်သစ်ပင်များအပါအဝင် စိမ်းစိုသစ်ပင်များ ဆက်လက်ရှင်သန်နိုင်ရေး အလေးထား ဆောင်ရွက်မှုများလည်း လိုအပ်နေကြောင်း ရန်ကုန်မြို့တွင်း နေ့စဉ် နေပူရှိန်အောက် သွားလာနေရသူတစ်ဦးက ဆိုသည်။

ရန်ကုန်မြို့တွင်း မြင်တွေ့နေရသော သက်တမ်းရင့် သစ်ပင်ကြီးများသည် နှစ်ပေါင်း ၁၀ နှစ်အထက် သက်တမ်းရှိနေသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နာရီပိုင်းအတွင်း အများပြည်သူမြင်ကွင်းမှ ပျောက်ကွယ်သွားလေ့ရှိကြောင်း၊ ရန်ကုန်မြို့တွင်း၊ မြို့လယ်ရှိ သက်တမ်းရင့်သစ်ပင်အချို့၏ ပင်စည်အခြေများတွင် ပြည်သူအချို့က ငွေကြေး အကုန်အကျခံကာ အုတ်ခုံများ ပြုလုပ်ထားမှုများရှိရာ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် ယင်းအုတ်ခုံများ ဖျက်သိမ်းခံရပြီး သစ်ပင်ကြီးများမှာ အခြေတွင် အကာ အရံမဲ့ ကုတ်တွယ်အားနည်းသဖြင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့လာရချိန်တွင် ပြိုလဲသွားနိုင်ကြောင်း၊ သစ် ပင်များကြောင့် မြင်ကွင်းများ ရှုပ်ထွေးသည်ဟု ဆိုနိုင်သော်လည်း တစ်နေ့တစ်ခြား ပိုမိုများပြားသော စက်တပ်ယာဉ်များ ထုတ်လွှင့်သော ကာဗွန်ငွေ့များကို သစ်ပင်များမှ စုပ်ယူပေးခြင်း၊ ဖောက်ပြန်လာသော ကမ္ဘာ့ရာသီဥတုကြောင့် နွေကာလတွင် အပူချိန်ပိုမိုမြင့်မားမှုနှင့်အတူ ခရမ်းလွန်ရောင်ခြည်သင့်သည့် ဘေးအန္တရာယ်ကျရောက်မည့် နေပူရှိန်အောက်သွားလာနေရသော ရန်ကုန်မြို့တွင်းသွား ခရီးသွားများအပေါ် အရိပ်အာဝါသနှင့်အတူ အကာအကွယ်ပေးခြင်းကြောင့် သက်တမ်းရင့်သစ်ပင်များ ဆက်လက်ရှင်သန်နိုင်ရေးမှာ လိုအပ်နေကြောင်း ပုစွန်တောင်မြို့နယ်ရှိ မဟာဗန္ဓုလလမ်းပေါ်တွင် နေ့စဉ်အလုပ်ဆင်း-တက်သွားလာနေရသည့် ပုဂ္ဂိုလ်တစ်ဦးက ဆိုသည်။

ယခုလပိုင်း မြင်တွေ့နေရသော သက်တမ်းရင့်သစ်ပင်များအနက် ဆူးလေစေတီတော်မြတ်၏ အရှေ့ဘက်ခြမ်း မဟာဗန္ဓုလလမ်းဘေးဝဲယာရှိ အုတ်ခုံများ ဖျက်သိမ်းခံရသည့် သစ်ပင်များမှာ လေအတိုက်တွင် ဆူးလေစေတီတော်မြတ်အား မြေခဦးတိုက်နိုင်သည်ဟု သာကေတမြို့နယ်မှ ရန်ကုန်မြို့တွင်း နေ့စဉ် အလုပ်လာဆင်းသူတစ်ဦးက ဆိုသည်။

လမ်းမတော်မြို့နယ်အတွင်း အနော်ရထာလမ်းမပေါ် စံပြရုပ်ရှင်ရုံမှတ်တိုင်အနီး လမ်းဘေးဝဲယာရှိ သစ်ပင်အုတ်ခုံများနှင့် ရေချမ်းစင်ပါတွေ့မြင်ရရာ မြန်မာ့ရိုးရာကျေးလက်မြင်ကွင်းဖြစ်ကြောင်း၊ တစ်နေ့တစ်ခြား ပြည်တွင်းသို့ ဝင်ရောက်လာမှုများပြားလာသော ပြည်ပခရီးသွားများ၏ မြင်ကွင်း၌ ကမ္ဘာပေါ်တွင် တွေ့ရခဲ့သည့် မြန်မာတို့၏ ချစ်စဖွယ်ဓလေ့ကို ပြသရာရောက်သကဲ့သို့ ခရီးသွားများကားစောင့်စဉ်၊ ခြေကျင်သွားစဉ် ခေတ္တအနားယူနားနိုင်ပြီး သောက်ရေပါ သုံးဆောင်နိုင်သည်ဟု ခရီးသွားများက ဆိုသည်။

ရန်ကုန်မြို့တွင်း ကျန်ရှိနေသေးသောသက်တမ်းရင့်သစ်ပင်များ ဆက်လက်ရှင်သန်နိုင်ရေးကို သစ်ပင်စိုက်ပျိုးမှုနှင့် တပြေးညီ ဆောင်ရွက်ပေးသင့်သည်ဟု ရန်ကုန်မြို့တွင်းတွင် နေထိုင်သူများက ဆိုသည်။ **(မောင်စေအောင်)**

မူဆယ်မြို့နယ် ပန်ဆိုင်း(ကြူကုတ်)မြို့နယ်ခွဲ မုံးပေါ်ကျေးလက်ဈေး မီးလောင်

မူဆယ် ဇူလိုင် ၃၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် ပန်ဆိုင်း(ကြူကုတ်) မြို့နယ်ခွဲ မုံးပေါ်ကျေးရွာ ကျေးလက်ဈေးတွင် ဇူလိုင် ၃၀ ရက် နံနက် ၅ နာရီက မီးလောင်ကျွမ်းရာ ဆိုင်ခန်းပေါင်း ၆၅ ခန်း၊ ပုံကျဆိုင်ခန်း ၂၄၀ ခန်းအနက် လောင်ကျွမ်းပျက်စီးမှု အခန်းပေါင်း ၇၂ ခန်း၊ ဆုံးရှုံးမှု တန်ဖိုးကျပ် ၈၃ သိန်းဖြစ်ပြီး မီးလောင်ရာသို့ မူဆယ်မြို့နယ် မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် နှစ်စီး၊ ပန်ဆိုင်း(ကြူကုတ်) မြို့နယ်ခွဲမှ မီးသတ်ယာဉ် တစ်စီး၊ မူဆယ်မြို့ ဟိုမွန်ရပ်ကွက်မှ မီးသတ်စက်ယာဉ်တစ်စီး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ နှင့် ဒေသခံပြည်သူများ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မုံးပေါ်ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်ခဲ့ကြပြီး နံနက် ၇ နာရီ ၁၅ မိနစ်တွင် လုံးဝမီးငြိမ်းသွားပြီး မီးလောင်ကျွမ်းခံရသည့် ဈေးဆိုင်ခန်းပိုင်ရှင်များ၏ဆန္ဒအရ မုံးပေါ်ကျေးရွာ

အထက ကျောင်းအနီးရှိ ကျေးရွာဘောလုံးကွင်း၌ နေရာချထားပေးရန် စီစဉ်ထားသည်။ မီးစတင်လောင်ကျွမ်းသည့်အကြောင်းအရင်းမှာ ဝါယာ အပူလွန်ကဲရာမှ သစ်သားနံရံသို့ မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ပြီး မီးလောင်ရာတွင် လူထိခိုက်မှုမရှိကြောင်းလည်း သိရှိရသည်။

ဇင်းဖြစ်စဉ်တွင် မီးပေါ့ဆသူ ဒေါ်မထု(ခ) မနန်ထုအား မုံးပေါ်နမ့်ချက် ရဲစခန်းက (ပ)၁/၂၀၁၄၊ ပြစ်မှုပုဒ်မ ၂၈၅ အရ အမှုဖွင့်အရေးယူထားကြောင်းသိရှိရသည်။

သိန်းဇော်(ရွှေလီဦး)

ရွှေကျွန်းပင်မောင်နှမပွဲတော် ဈေးရောင်းဈေးဝယ်များ အထူးအရောင်းအဝယ်ဖြစ်

စစ်ကိုင်း၊ ဇူလိုင် ၃၁

စစ်ကိုင်းမြို့နယ်၊ မင်းကွန်းကျေးရွာတွင် နှစ်စဉ်ကျင်းပပြုလုပ်သည့် ရွှေကျွန်းပင် မောင်နှမနတ်ပွဲကို ဝါခေါင်လဆန်း ၁ ရက်မှ စတင်ကျင်းပပြုလုပ်ရာ လာရောက်ဆင်နွှဲသူများနှင့် စည်ကားလှပြီး ဈေးရောင်းချသူများအနေဖြင့် ပါရှိသမျှ ကုန်ပစ္စည်းများ လက်ကျန်မရှိ ပြတ်လပ်သွားသည်အထိ အရောင်းဝယ်ကောင်းကြောင်း ပွဲဈေးတွင် လာရောက်ဈေးရောင်းချသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ကြသည့် ရိုးရာနတ်ပွဲတော်များ၏ အဦးအစဖြစ်သည့် ရွှေကျွန်းပင်မောင်နှမနတ်ပွဲသို့ ဧရာဝတီမြစ်ရိုးတလျောက်ရှိ စစ်ကိုင်းမြို့နယ်၊ ဝက်လက်မြို့နယ်၊ မတ္တရာမြို့နယ်များရှိ မြစ်ရေဝင်ကိုင်းကျွန်းကျေးရွာများနှင့် မင်းဝံတောင်ရိုးအရှေ့ဘက်၊ အနောက်ဘက်ရှိ ကုန်းပိုင်းကျေးရွာများကပါ လာရောက်ဆင်နွှဲကြပြီး လယ်ယာလုပ်ငန်းခွင်သုံးနှင့် အိမ်သုံးပစ္စည်းများကို အဓိကထား၍ လာရောက်ဝယ်ယူကြသဖြင့် ဈေးဝယ်သူ၊ ရောင်းချသူများနှင့် အထူးစည်ကားလှကြောင်း သိရသည်။

“ဒီပွဲတော်က ဧရာဝတီမြစ်ရိုးတလျောက်မှာရှိတဲ့ ကျွန်းပိုင်း ၁၄ ရွာလို့ခေါ်တဲ့ ဖရဲကျွန်း၊ အေးကျွန်း၊ ဆင်ကျွန်း၊ ရေလယ်ကျွန်း၊ နန်းတော်ကျွန်း၊ အိုင့်နိုင်၊ ဇီးကျွန်း၊ ဒေါင်းကျွန်း၊ ဒင်္ဂါးကျွန်း၊ သုံးဆယ်ပေး၊ သဲကျွန်း၊ လှိုင်ကျွန်း၊ ရွာတန်းရှည်၊ စိန်ပန်းကုန်း၊ ဘိုးကြီးကျွန်း၊ မြေစွန်း၊ စုပေါင်းကျွန်းစတဲ့ ရေဝင်ပိုင်း၊ ကိုင်းကျွန်းကျေးရွာတွေက စက်လှေတွေ၊ မော်တော်တွေနဲ့လာကြတယ်။ မြစ်ရိုးတလျောက်က စဥ့်ကိုင်၊ တပ်ရွာ၊ မယ်ဇလီချောင်း၊ ထုံးဖို၊ ကင်း၊ ထန်းမြင့်၊ လက်ပန်၊ ချောင်းပေါက်ရွာတွေနဲ့ ကုန်းပိုင်းက ကျောက်ပန်း၊ ကန်ကြီးကုန်း၊ တောင်ရင်းရွာတွေကလည်းလာကြတယ်။ ဒီပွဲကိုလာပြီး လိုအပ်တဲ့ စကော၊ စကာ၊ ဖျာ၊ ရိုင်လိပ်၊ ထန်းခေါက်တောင်း၊ ခြင်းတောင်း၊ စဥ့်အိုး၊ စဥ့်အင်တွေ၊ သောက်ရေအိုး၊ ဟင်းချက်အိုးတွေ လာဝယ်ကြတယ်။ အိမ်အပြန်မှာ အများအပြားကို ဝယ်သွားကြတာ။ ဈေးသည်တွေလည်း လက်မလည်အောင်၊ ပစ္စည်းလက်ကျန်မရှိအောင် ရောင်းကြရတာ။ ရွှေကျွန်းပင်ပွဲမှာ နာမည်ကျော်တာက ငါးချဉ်ပဲ။ ပွဲတော်လာတဲ့သူမှန်သမျှ ငါးချဉ်ဝယ်သွားကြတယ်” ဟု မင်းကွန်းရွာမှ ပန်းချီဆရာကိုစုက ပြောသည်။

ရွှေကျွန်းပင်မောင်နှမနတ်ပွဲသို့ အများဆုံးလာရောက်ရောင်းချသည့် ဈေးသည်များမှာ ရှိမ္မကား၊ ရွာသစ်၊ ခက်သင်တပ်ကြီး၊ ကျေးရွာများမှ မြေထည်အိုးအမျိုးမျိုး၊ စဥ့်ကူး၊ နွယ်ငြိမ်းမှ စဥ့်အိုးစဥ့်ထည်များ၊ မုံရွာ၊ မြင်းမူ၊ မြောင်၊ ပုလဲနယ် များဘက်မှ ဖျာ၊ ရိုင်လိပ်၊ စကော၊ စကာ၊ ဝါးနှီးထည်တောင်းအမျိုးမျိုး၊ စစ်ကိုင်းနယ်ထွက် ထန်းခေါက်တောင်းအမျိုးမျိုး၊ ကျောက်ပျဉ်ကျောက်ငရုတ်ဆုံ၊ ပခုက္ကူ၊ ရေစကြိုနယ်ဘက်မှ သနပ်ခါးတုံးများ၊ မတ္တရာမြို့နယ် မြွေ ၁၂ ရွာဘက်မှ ငါးချဉ်များကို လာရောက်ရောင်းချကြကြောင်း သိရသည်။

ရွှေကျွန်းပင်မောင်နှမနတ်ပွဲသည် ဝါခေါင်လဆန်း ၁ ရက်တွင် ပွဲတော်စတင်ပြီး ဝါခေါင်လဆန်း ၂ ရက်တွင် ချိုးရေတော်သုံးပွဲ၊ ဝါခေါင်လဆန်း ၃ ရက်တွင် ဒါန်းစီးပွဲနှင့် ဝါခေါင်လဆန်း ၄ ရက်တွင် ထိန်ခုတ်ပွဲ ကျင်းပကြကြောင်း သိရသည်။ **နန္ဒာမင်းလွင်**

မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့ပေါ်ရပ်ကွက်များတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် အသံချဲ့စက်ဖြင့် လှည့်လည်နှိုးဆော်

ကလေး၊ ဇူလိုင် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့ပေါ်ရပ်ကွက် ၁၉ ခုတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် ပြည်သူများလိုက်နာဆောင်ရွက်ရမည့်အချက် ၁၃ ချက်အား ဇူလိုင် ၂၄ ရက် ည ၇ နာရီ မှ ၉ နာရီအတွင်း အသံချဲ့စက်ဖြင့် ရပ်ကွက်တစ်ခုပြီးတစ်ခု လှည့်လည်နှိုးဆော်ကြကြောင်း သိရသည်။

ယခုရာသီမှာ မိုးတွင်းကာလဖြစ်၍ လေဒဏ်၊မိုးဒဏ်ကြောင့် လျှပ်စစ်အန္တရာယ်များ ဖြစ်ပွားနိုင်ကြောင်း သိရသည်။

“အခုက မိုးတွင်းကာလဖြစ်လို့ သဘာဝဘေးကြောင့် ဆားဗစ်ကြိုးပျက်ကျပြီး အန္တရာယ်ရှိနိုင်ပါတယ်။ ဒါကြောင့်မို့ လျှပ်စစ်မီးကြိုးနဲ့ မလွတ်ကင်းတဲ့ သစ်ကိုင်း၊ သစ်ခက်တွေ ခုတ်တာကို ဇူလိုင်၂၅ရက်ကစပြီး အလှည့်ကျ မီးမရတဲ့နေ့တွေမှာ အဲဒီရပ်ကွက်တွေကို သွားပြီးရှင်းလင်းဆောင်ရွက်မှုတွေ ပြုလုပ်နေပါတယ်။ နောက်နှစ်ပတ်ကနေသုံးပတ်အထိကြာအုံးမယ်လို့ ခန့်မှန်းထားပါတယ်” ဟု မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးမှမြို့နယ်တာဝန်ခံ ဦးလျန်ခင်းခမ်က ပြောသည်။ **ဒီဒိုင်း(ကလေး)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများအား မြင်းခြံတွင် (အခမဲ့)နေ့ချင်းပြီးဆောင်ရွက်

မြင်းခြံ၊ ဇူလိုင် ၃၁

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁) ဧရာဝတီခန်းမတွင် မြို့နယ်လူဝင်မှု ကြီးကြပ် ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည် ။

နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မိုးပွင့်အဆင့်(၆) (One Stop Service) ဖြင့် အခမဲ့ဆောင်ရွက်ပေးခြင်းကို နံနက် ၉ နာရီမှစတင်ပြီး ပြုလုပ်ပေးရာ ကျောင်းသား၊ကျောင်းသူ ၁၀၀ ဦးအား ဆောင်ရွက်ပေးခဲ့သည်။ ပြုလုပ်ပြီးစီးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများအား မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးဦးအောင်စိုးမှ ကျောင်းအုပ်ဆရာမကြီးဒေါ်ယုယုစမ်းထံသို့ ပေးအပ်ခဲ့သည်။ **ဦးဇော်မင်းနိုင်(မြင်းခြံ)**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် မိုးပွင့်အဆင့်(၆) နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

ဝက်လက်၊ ဇူလိုင် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၆) နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဇူလိုင် ၂၅ ရက် မွန်းတည့် ၁၂ နာရီက မူးကြီးကျေးရွာ၌ ကျင်းပခဲ့သည်။

အဆိုပါပေးအပ်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၌ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း၊မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌဦးဝင်းဌေး၊ မြို့နယ်ဦးစီးဌာနမှူးဦးမျိုးညွန့်၊ တိုက်နယ်မှူး ဒု-လဝကမှူးဒေါ်အေးအေး သင်းနှင့် လ/ထလဝကမှူး ဒေါ်ဝင်းခိုင်တို့က နိုင်ငံသားစိစစ်ရေး ကတ်ပြား ၁၀၉ ကတ်အား ကျေးရွာပြည်သူများထံသို့ ပေးအပ်ခဲ့ကြသည်။

ထို့ပြင် ဇူလိုင် ၂၅ ရက်နေ့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ အားမွန်းလွဲ ၁ နာရီတွင်မကျီးတုံကျေး ရွာ၌ပြုလုပ်ရာ နိုင်ငံ သားစိစစ်ရေးကတ်ပြား ၄၂ကတ်ကိုလည်းတာ ဝန်ရှိသူများက မကျီးတုံကျေးရွာပြည်သူများ ထံလက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **နန်းမြင့်**

သွေးလွန်တုပ်ကွေးကာကွယ်ရေးဆောင်ရွက်

ရမည်းသင်း၊ ဇူလိုင် ၃၁

ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကြီးကြပ်မှုဖြင့် မိခင်နှင့်ကလေးကျန်းမာရေးဌာနနှင့် ငှက်ဖျားရောဂါဌာနတို့ပူးပေါင်း၍ သွေးလွန်တုပ်ကွေးကာကွယ်ရေးကို ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၁ ရက်ထိမြို့ပေါ်ရပ်ကွက် ၂၁ ရပ်ကွက်နှင့် အခြေခံပညာကျောင်း ၁၁ ကျောင်းတွင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအဖြစ် ရပ်ကွက်နှင့် ကျောင်းဝင်းအတွင်း ချုံနွယ်များခုတ်ထွင်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ရေထဲသို့ အဘိတ်ဆေးများထည့်ခြင်း၊ပညာပေးခြင်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။ **ဇော်ဝင်းအောင်(ရမည်းသင်း)**

ဝန်ထမ်းအလိုရှိသည်

၁။ မန်နေဂျာ	ကျား	(၁)ဦး
၂။ စာရေးမ	မ	(၅)ဦး
၃။ H.D Waiter	ကျား	(၅)ဦး
၄။ Waiter	ကျား	(၁၀)ဦး
၅။ တရုတ်စကားပြန်	ကျား/မ	(၅)ဦး
၆။ မီးဖိုချောင်အကူ	ကျား/မ	(၁၀)ဦး
၇။ သန့်ရှင်းရေး(၃၅)နှစ်အထက်	မ	(၅)ဦး

အမှတ်စဉ်(၁)အတွက် စားသောက်ဆိုင်လုပ်ငန်းကျွမ်းကျင်ပြီး လုပ်ငန်းအတွေ့အကြုံရှိရမည်။

အမှတ်စဉ်(၂)အတွက်အခြေခံပညာ(၁၀)တန်းအောင်ပြီးကွန်ပျူတာအခြေခံကျွမ်းကျင်ရမည်။

အသေးစိတ်သိရှိလိုပါက “ခိုင်လီ” စားသောက်ဆိုင်၊ ကမ္ဘာအေးစေတီလမ်း၊ **Sedona Hotel** ရှေ့ မြကျွန်းသာဥယျာဉ်ဝင်းအတွင်း ဖုန်း-၀၉-၉၁၀၅၆၆၁၄၊ ၀၉-၆၅၃၈၇၂၃သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမှတ်စဉ်အားလုံးအတွက် ဆိုင်တွင်နေထိုင်နိုင်သူဖြစ်ရမည်။

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် နှစ်(၅၀)ပြည့်ရွှေရတုအခမ်းအနားကျင်းပရေးနှိုးဆော်လွှာ

၁၉၆၄ နိုဝင်ဘာလမှစ၍ ဆေးဘက်ပညာသည်ကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ရာ ယခုနှစ်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်အနေဖြင့် နှစ်(၅၀)ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ တက္ကသိုလ်၏နှစ်(၅၀)ပြည့်ရွှေရတုအခမ်းအနားကို ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ၇ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်ပါ၍

၁၉၆၄-၁၉၉၁(ဆေးဘက်ပညာသည်ကျောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)

၁၉၉၁-၂၀၀၁(ဆေးဘက်ပညာသည်တက္ကသိုလ်၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်)

၂၀၀၁-၂၀၀၅(ဆေးဘက်ပညာသည်တက္ကသိုလ်၊ ရန်ကုန်၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်)

၂၀၀၅မှ ယခုထိ(ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်)

ကာလအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး၊ ဆရာမကြီးများ၊ ဝန်ထမ်းများနှင့် တက်ရောက်ခဲ့သော၊ တက်ရောက်နေသော ကျောင်းသူ၊ ကျောင်းသားများပါဝင် ဆင်နွှဲရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရွှေရတုအထိမ်းအမှတ်မဂ္ဂဇင်းအတွက်မြန်မာ(သို့)အင်္ဂလိပ်ဘာသာဖြင့် စာမူများ(ဝတ္ထုတို၊ ရှည်၊ ရသစာတမ်းငယ်၊ ကဗျာ၊ ဆောင်းပါး၊ စာညွှန့်၊ ကာတွန်း)စသည်တို့ကို စာမူရှင်များ၏ လိပ်စာ၊ ဖုန်း၊ Fax, Email တို့ကိုပူးတွဲဖော်ပြ၍ CD၊ ကွန်ပျူတာစာစီစာမူ၊ လက်ရေးစာမူ၊ Email တို့ဖြင့်လည်းကောင်း၊ (CD နှင့်ကွန်ပျူတာစာစီစာမူပူးတွဲပေးပို့ပါကပို၍အဆင်ပြေပါသည်။) ကျောင်း၊ တက္ကသိုလ်တို့၏ပုံရိပ်ကိုထင်ဟပ်စေသော အခန်းကဏ္ဍများကို ဓာတ်ပုံ CD တို့ဖြင့်လည်းကောင်း ၃၀-၉-၂၀၁၄ရက်နောက်ဆုံးထား၍ ပေးပို့ကြပါရန် လစဉ်ကျင်းပမည့်အစည်းအဝေးကိုလည်း မပျက်မကွက်(မပျက်မကွက်) တက်ရောက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၁-၆၄၅၇၅၃၊ ၆၄၅၇၄၆၊ ၀၉-၄၃၁၇၆၅၈၂၊ Fax-၆၄၅၇၆၄

E.mail.rectorumt 2005@ gmail.com

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်နှစ်(၅၀)ပြည့်

ရွှေရတုအခမ်းအနားကျင်းပရေးကော်မတီ



ပညာပေးဆောင်းပါး

အများသူငါသတိထားစရာ ရောင်းမှားဝယ်မှားပြဿနာ

à azxPfaZmf(a&p;ud)

ကျွန်ုပ်တို့လူသားများသည် စားဝတ်နေရေးနှင့် ကြီးပွားချမ်းသာရေးအတွက် အလုပ်လုပ်ကြပါသည်။ မည်သို့သောအကြောင်းကြောင့်ဖြစ်စေ အလုပ်အမျိုးမျိုးကိုလုပ်ကြရာတွင် မိမိအလုပ်နှင့်ပတ်သက်၍ မကျွမ်းကျင်ခြင်း၊ မသိနားမလည်ခြင်းဖြစ်သည့်အခါ ပထမဆုံးတွေ့ကြုံကြရသည်မှာ အမှားပင်ဖြစ်သည်။

မည်သည့်အလုပ်ကိုလုပ်သည်ဖြစ်စေ အမှားနည်းအောင်၊ အမှားမရှိအောင် ပြုလုပ်နိုင်ရန် ကျွမ်းကျင်အောင် သင်ယူကြရပါမည်။ သိနားလည်အောင် စာပေများကို ဖတ်ရှုလေ့လာခြင်း၊ တစ်ဦးနှင့်တစ်ဦး အသိအမြင်များဖလှယ်ခြင်းဖြင့် ဗဟုသုတပြည့်စုံအောင် လုပ်ဆောင်ကြရပါမည်။ သို့မှသာ မိမိလုပ်သောအလုပ်ကို အခက်အခဲမရှိ အကောင်းဆုံးပုံဖော် ဆောင်ရွက်နိုင်မည် ဖြစ်သည်။ သို့မှသာ အကျိုးများဖြစ်ထွန်းလာမည်ဖြစ်သည်။

ယခုအခါ နယ်ပယ်အသီးသီးတွင် ရောင်းမှားဝယ်မှားပြဿနာတွေ တစ်နေ့တခြား များပြားလာလျက်ရှိသည်။ အချို့လည်း မသိနားမလည်၍ ရိုးရိုးသားသားမှားတတ်ကြသလို အချို့ကျတော့လည်း မတော်လောဘဖြင့် ငါ့လက်ကလွတ်ပြီးရောဆိုသလို သိသိကြီးဖြင့် ကျူးလွန်တတ်ကြသူများလည်း ရှိသည်။

ဤနေရာတွင် ကိုယ်တွေ့ကြုံခဲ့ရသော ရေစကြိုမြို့မှ လူငယ်တစ်ဦးက -

"ကျွန်တော်က သနပ်ခါး၊ လျှော်ဖြူ၊ သစ်မွှေး၊ သရက်၊ နဂါးမောက်စတဲ့ နှစ်ရှည်ပင်တွေစိုက်ပျိုးပါတယ်။ ကျွန်တောကိုယ်တိုင် ဗဟုသုတနည်းခဲ့လို့၊ အတွေ့အကြုံမရှိလို့ ဝယ်မှားနဲ့ကြုံခဲ့ရပါတယ်။ အဲဒါက ရန်ကုန်မြို့ရောက်ခိုက် နံ့သာနီပင်ဆိုလို့ ကျပ်လေးသိန်းဖိုးဝယ်ယူခဲ့ပါတယ်။ ရေစကြိုပြန်ရောက်တော့ မိတ်ဆွေတွေက စာအုပ်စာပေတွေနဲ့ လက်တွေ့ကျကျပြောပြတော့မှ နံ့သာနီအစစ်မဟုတ်ဘဲ ရွှေးကြီးနံ့သာနီပင်တွေဖြစ်နေတာ သိခဲ့ရတယ်။ ကျွန်တော့်လို စိုက်ပျိုးရေးလုပ်ကိုင်နေသူတွေကို Message ပေးချင်တာက မှားဝယ်ခဲ့မိလို့ ဆုံးရှုံးသွားခဲ့တဲ့ပိုက်ဆံလေးသိန်းက အချိန်မရွေးပြန်ရှာလို့ရနိုင်ပါတယ်။ ဒါပေမဲ့ နံ့သာနီပင်တစ်ပင်ရဲ့သက်တမ်း ၂၀၊ ၂၅ နှစ်ကြာမှ အကျိုးအမြတ်ရရှိနိုင်တာဖြစ်တော့ အချိန်ကာလဆုံးရှုံးခြင်းက ပြန်ရှာလို့မရနိုင်သလို အစားထိုးလို့လဲ မရနိုင်တဲ့အတွက် ရောင်းမှား၊ ဝယ်မှားအလုပ်မှားမဖြစ်ရအောင် သတိထားကြစေချင်ပါတယ်" ဟု ပြောပြသည်။

ယခုအခါ ရေစကြိုမြို့နယ်အတွင်းမှ လူငယ်လူရွယ်များသည် တခြားစီးပွားရေးလုပ်ငန်းများအပြင် စိုက်ပျိုးရေးဘက်တွင် အားထည့်

> **အချိန်ကာလ ဆုံးရှုံးခြင်းက ပြန်ရှာလို့ မရနိုင်သလို အစားထိုးလို့လဲ မရနိုင်. . . . . .**

လုပ်ကိုင်လာကြသည်ကို လေးစားဖွယ်တွေ့မြင်ကြရသည်။ အထူးသဖြင့် သနပ်ခါး၊ လျှော်ဖြူ၊ နံ့သာနီ၊ နံ့သာဖြူ၊ ကရမက်၊ သစ်မွှေး၊ သရက် စသည့်နှစ်ရှည်ပင်များကို တစ်ဦးလျှင် ဧကငါး၊ ၁၀ ဧကမှ ဧက ၂၀၊ ၃၀ အထိ စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ သဘာဝပတ်ဝန်းကျင်အတွက် ကောင်းသောလက္ခဏာပင်ဖြစ်သည်။

ထိုလူငယ်မှာပင် နံ့သာနီ Read Sandal wood ကို ဒေသအခေါ် Ptero carpus santalinus နဲ့ Aclenan thera pavonina လို့ နှစ်မျိုးရှိကြောင်း လေ့လာတွေ့ရှိရသည်။

"မြန်မာအခေါ်အားဖြင့်တော့ ပိတောက်နံ့သာနီနဲ့ ရွှေးကြီးနံ့သာနီတို့ ဖြစ်ပါတယ်။ အဲဒီနှစ်မျိုးအနက် ပိတောက်နံ့သာနီ Ptero carpus santalinus ကို နိုင်ငံတကာနံ့သာနီလို့ အသိအမှတ်ပြုသုံးစွဲကြောင်း သိရပါတယ်။ ဘာကြောင့်လည်းဆိုတော့ ပိတောက်နံ့သာနီက ဓာတုဒြပ်ပေါင်း santalin A နဲ့ santalin B ကို ထွက်ရှိတဲ့အတွက် ဖြစ်ပါတယ်။

"နောက်ပိတောက်နံ့သာနီနဲ့ ပိတောက်ရိုးရိုးကလည်း မှားနိုင်ပါသေးတယ်။ ဘာကြောင့်လည်းဆိုတော့ အရွက်၊ အပွင့်၊ အသီး၊ အခေါက်ကအစ အာလုံးတူနေလို့ဖြစ်ပါတယ်။ ကွဲပြားတာက ပိတောက်နံ့သာနီ အရွက်က နဲနဲကြီးတယ်။ ရွက်ဝိုင်းဖြစ်ပြီး တစ်ခက်မှာ သုံးရွက်ပဲထွက်တယ်။ အခုကျွန်တော့်ခြံမှာ နမူနာပြချင်လို့ တစ်ပင်စိုက်ထားပါတယ်။ ကျွန်တော်က သနပ်ခါး၊ နံ့သာဖြူ၊ သစ်မွှေး၊ သရက်၊ မျောက်ငို၊ လျှော်ဖြူစတာတွေကို စိုက်ပျိုးပြီးရောင်းပါတယ်။ ခြံလည်းစိုက်နေပါတယ်။ ဒါကြောင့် စိုက်ပျိုးရေးဝါသနာပါသူတွေ ကျွန်တော့်လို အဝယ်မမှားဖို့ သတိထားစေချင်ပါတယ်။ နံ့သာနီစိုက်မယ်ဆိုရင် ပိတောက်နံ့သာနီကို ရွေးချယ်စိုက်ပျိုးကြပါ။ ဘာလို့လဲဆိုတော့ ပိတောက်နံ့သာနီက ကမ္ဘာနဲ့ချီပြီး ဝယ်လိုအားကောင်းတဲ့အပြင် ကမ္ဘာ့ဈေးကွက်မှာလည်း ဈေးနှုန်းမြင့်မားပြီး နံ့သာနီတစ်ဧကစိုက်ခင်းက ၂၅ နှစ်အကြာမှာ ရရှိနိုင်တယ်လို့ စာရင်းမှတ်တမ်းများအရ သိရပါတယ်" ဟု ရှင်းလင်းပြောပြ၍ မှတ်သားသိရှိခဲ့ရပါသည်။

ဒါကြောင့် ကျွန်ုပ်တို့အားလုံး မည်သည့်အလုပ်ကိုမဆို လုပ်ရတော့မည်ဆိုလျှင် ကျွမ်းကျင်အောင်သင်ယူကြပါ၊ နားလည်၍ ဗဟုသုတကြွယ်ဝအောင် စာပေများကို ဖတ်မှတ်လေ့လာဆည်းပူးကြပါ။

မြန်မာမှုနယ်ပယ်မှ မသိလျှင်မေး၊ မစင်လျှင်ဆေးဆိုတဲ့ နီတိလမ်းညွှန်ဆုံးမစကားနှင့်အညီ အသိတရားဖြင့် သတိထားလုပ်ဆောင်ကြပါဟု မျှဝေခံစား ရေးသားအပ်ပါသည်။

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

ဆိပ်ဖြူ၊ ဇူလိုင် ၃၁

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဒေါ်ငြိမ်းငြိမ်းအောင်(ပညာရေးငြိမ်း) စာသင်ဝိုင်းတွင် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက် ညနေ ၆ နာရီတွင် ယင်းစာသင်ဝိုင်းဝန်းအတွင်း ကျင်းပပြုလုပ်သည်။

မြို့နယ်ပညာရေးမှူး ဒေါ်ခင်မေရီက ကျောင်းသား၊ ကျောင်းသူများကို လိမ္မာမှုရှိရေး၊ ပညာကိုကြိုးစားသင်ယူသွားကြရေး၊ မြို့နယ်၏ဂုဏ်ကို ဆက်လက်ထိန်းသိမ်းသွားကြစေရေးနှင့် ယခု နိုင်ငံတော်မှ ထူးချွန်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံရပ်ခြားသို့ ပညာတော်သင်စေလွှတ်ခြင်းများရှိနေကြောင်း၊ ဒါကြောင့် စာကိုကြိုးစားသင်ယူရန်လိုကြောင်း ပြောကြားပြီး တိုင်းဒေသကြီးအတွင်း (ပထမ)ခြောက်ဘာသာဂုဏ်ထူးနှင့် ဘက်စုံထူးချွန်ဆုနှစ်ထပ်ကွမ်းရရှိသည့် မသွယ်သွယ်စိုးအား ဦးတင်အောင်(ဒေါ်ခင်ခင်စု)မှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ပညာရေးထောက်ပံ့ ငွေကျပ်ငါးသိန်းနှင့် တစ်ဘာသာငွေကျပ်တစ်သိန်းဖြင့် ဆရာမကြီး(ငြိမ်း) ဒေါ်ငြိမ်းငြိမ်းအောင်က ငွေကျပ်ခြောက်သိန်း၊ ပညာရေးစေတနာရှင်များမှ ငွေကျပ်ခုနစ်သိန်း၊ မြစ်မခကုမ္ပဏီမှ ငွေကျပ်ငါးသိန်းနှင့် ငွေကျပ်တစ်သိန်း အသီးသီးချီးမြှင့်ပေးခဲ့ကြသည်။

ထို့နောက် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ၊ ဂုဏ်ထူးရအောင် သင်ကြားပေးကြသည့် ဆရာ၊ ဆရာမများကိုလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

နှစ်ပေါင်း ၇၅ နှစ်အတွင်း ဆိပ်ဖြူမြို့နယ်အနေဖြင့် ခြောက်ဘာသာဂုဏ်ထူးရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ မရှိခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်မှ (အ. ထ. က-ဆိပ်ဖြူ) တွင် ပထမဦးဆုံး ခြောက်ဘာသာဂုဏ်ထူးရ ကျောင်းသူတစ်ဦး အောင်မြင်ခဲ့ကြောင်း သိရှိရသည်။ **ကိုမျိုး(ယောရော)**

ရေကြည်မြို့၌ လူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

ပုသိမ်၊ ဇူလိုင် ၃၁

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ အသုတ်မြို့နယ်တို့တွင် ဇူလိုင် ၁ ရက်မှစ၍ ညောင်ငူကျေးရွာ၊ ကွင်းသုံးဆင့်ကျေးရွာတို့တွင် လူထုပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းမိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ ကျေးရွာသူ၊ ကျေးရွာသားများက စုပေါင်း၍ ကျွန်း ၄၀၁ ပင်၊ ယူကလစ် ၁၀၀ ပင် စုစုပေါင်းပျိုးပင်၅၀၁ ပင်တို့ကို စိုက်ပျိုးခဲ့ကြသည်။

ထို့နောက် ရေကြည်မြို့နယ် သစ်တောဦးစီးဌာနမှ လူထုဖြန့်ပျိုးပင်ပေါင်း ၂၇၅၀၀ ပင်အား ရေကြည်၊ ငါးသိုင်းချောင်း၊ အသုတ်တို့တွင် ဇူလိုင်လအတွင်း ဖြန့်ဝေစိုက်ပျိုးပြီးစီးကြောင်း သတင်းရရှိသည်။

မင်းဇော်ဦး(ရေကြည်)

ရွှေပြည်သာမြို့နယ်တွင် ယင်လုံအိမ်သာစနစ်တကျသုံးစွဲရန် ဆောက်လုပ်လှူဒါန်း

ရန်ကုန်၊ ဇူလိုင် ၃၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယင်လုံအိမ်သာစနစ်တကျ သုံးစွဲနိုင်ရန်ရည်ရွယ်၍အိမ်သာများဆောက်လုပ်လှူဒါန်းပေးကြောင်း သိရသည်။

မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၈) ရပ်ကွက်၊ဗိုလ်တေဇလမ်းနေ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စု နှစ်စုအား ဇူလိုင် ၂၇ ရက်၊ မွန်းလွဲ ၂ နာရီကယင်လုံအိမ်သာစနစ်တကျသုံးစွဲနိုင်ရန်ရည်ရွယ်၍ ဆောက်လုပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ရွှေပြည်သာမြို့နယ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့၊ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအသင်း အလှူရှင်တို့ ပူးပေါင်းစီစဉ်လျက် ဆောက်လုပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **မောင်ယဉ်ဦး(ဓနုဖြူ)**

လက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်စိုးမောင်မောင် **B.E (Mechanical)**

နှင့်

ကျွန်မ မနေနွယ်အောင် **B.Sc (Chemistry)**

တို့သည် ၉-၄-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)တွင် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုးမောင်မောင်-မနေနွယ်အောင်







ဆန်စက်ဝင်းမြေနှင့်ဆန်စက်

ညှိနှိုင်းဈေးဖြင့်အမြန်ရောင်းမည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ထန်းကုန်းဒေသ၊ ကန့်ဘလူ-ရွှေဘိုကားလမ်းမကြီးပေါ်ရှိ စက်အမှတ်(၀၅၄)၊ အောင်ဇမ္ဗူဆန်စက်၊ စက်ဝင်းမြေ(၅. ၅)ဧကခန့်၊ စက်ရုံ(၁၅)ခန်း×(၆)ခန်းနံကပ်၊ အဆောက်အအုံ(ပြုပြင်စရာရှိ) ဘွိုင်လာ ၁၈"×၆" ကောနစ်ဘွိုင်လာ အင်ဂျင် ၁၁"၊ ရေနွေးငွေ့အင်ဂျင်၊ မေပိုင်ရှုလေးO/R သံမေစဉ်ကောင်း ၁၀" ရိုလာ ဆာတာကေး ၆ထပ်ဆွေးတိုက် ဆန်ခါ ၂ဒေါင်ကစ် ၁၅ Aတရုတ်ကစ်-ဂျာမနီဆန်ခါလုံးနေအိမ် ၃ခန်း×၂ခန်း၊ ၂ထပ်သွတ်မိုးအိမ်သစ် ၂လုံး၊ ၂ခန်း× ၂ခန်း၊ ၂ထပ် ၂လုံး၊ မီတာ၂လုံး၊ အဝီစိတွင်း၃တွင်း၊ ရေမီးအပြည့် အစုံ၊ စက်ဝင်းရှေ့တွင် 11 KV ဓာတ်အားလိုင်းရှိသည်။ ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်။ အကျိုးဆောင်ခ ၂%ပေးမည်။ စုံစမ်းရန်ဖုန်း-၀၇၅-၂၁၀၅၈၊ ၀၉-၂၁၀၀၆၁၃၊ ၀၉-၆၄၆၆၄၉၉၊ ၀၉-၄၇၀၆၆၂၆၄

[illegible]

ညောင်ဦး၊ ဇူလိုင် ၃၁

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် သစ်ထောင့်မြောက်ရွာတွင် ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရှင်ပင်ဂူနီ စေတီတော်မြတ်၏ လိုဏ်ဂူအတွင်းမှ ရှေးခေတ် လက်ရာဌာပနာများတွေ့ရှိရ၍ပြင်ပသို့ထုတ်ယူကာ ပူဇော်နိုင် ရန် ဆောင်ရွက်ပေးစေလိုသည့် ဆန္ဒရှိနေကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သစ်ထောင့်မြောက်ရွာတွင် ကျန်စစ်သားမင်းကြီး တည်ထား ကိုးကွယ်ခဲ့သော စေတီတော်မြတ်တစ်ဆူရှိသည်။

ထိုစေတီကို ရှင်ပင်ဂူနီ မြတ်စွာဘုရားဟု ဘွဲ့အမည်တွင်ခေါ်စေခဲ့ကာအဆိုပါ စေတီတော်မြတ်စေတီ အောက်ခြေပလ္လင် နေရာများအား ပြုပြင်ရန် သန့်စင်မှုပြုလုပ်ရာတွင် အုတ်လိုဏ်ဂူအတွင်းသို့ ပန်းရံဆရာမှ သံတူရွင်နှင့် ထိုးမိ၍အုတ်ကျွံပြီး လိုင်ခေါင်းအတွင်းမှ ရှေးလက်ရာဖြစ်သော ကျွန်းသားရုပ်ထုပေါင်းစုံ၊ ပုဂံခေတ်မှဟု ယူဆရသော အသေးအမွှား ပစ္စည်းမျိုးစုံ၊ ကြေးရုပ်ထုဟု ယူဆရသော ဘုရားပုံတော်လေးများ ရှေးပုဂံယဉ်ကျေးမှုပုံဟု ယူဆရသော သုံးပေအမြင့်ရှိ ပုဂံသားပုံနှင့် ပုဂံသူပုံတို့ကို တွေ့ရှိခဲ့ရသည်။

ဘုရားလိုဏ်ဂူအတွင်း မှောင်မည်းနေသည့်အတွက် ဓာတ်မီးအလင်းရောင်နှင့်မှ တွေ့မြင်ရသည့် ရုပ်ပုံများလည်း တွေ့ရှိရသည်။

အဆိုပါ ဌာပနာပစ္စည်းများကို ရှေးဟောင်းသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်ပိတ်ရန် ညွှန်ကြားသွားခဲ့သော်လည်း ကျေးရွာသူ၊ ကျေးရွာသားများနှင့် ဒေသခံပြည်သူများက ဌာပနာတော်များကို အပြင်ထုတ်ပြီး မှန်ကောင်တာနှင့် သံဆန်ခါခတ်၍ ကြည်ညိုပူဇော်လိုသည့် ဆန္ဒရှိကြောင်းယင်း ဒေသခံများက ပြောသည်။

ကျော်ရွှေး(ညောင်ဦး)

[illegible]

တောင်ငူ၊ ဇူလိုင် ၃၁

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ တောင်ငူမြို့နယ် စည်းရုံးရေးကော်မတီအဖွဲ့က ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းသို့ တက်ရောက်နေသည့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား၊ သမီးများအား ကျောင်းသုံးစာရေး ကိရိယာများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနား ကျင်းပခဲ့သည်။

ထို့အတူ ယင်းအခမ်းအနားတွင် ၂၀၁၃-၂၀၁၄ ခုနှစ် အခြေခံပညာ အထက်တန်းအောင်နှင့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့သည်။

ခမ်းအနားတွင် မူလတန်းအဆင့် ၂၂၇ ဦး၊ အလယ်တန်းအဆင့် ၂၈၈ ဦး၊ အထက်တန်းအဆင့် ၂၁၈ ဦး၊ စုစုပေါင်း ၇၃၃ ဦးအတွက် ငွေကျပ် ၃၇၅၀၀၀ တန်ဖိုးရှိ ဗလာစာအုပ် ၁၄၁၄ ဒသမ ၅ ဒါဇင်၊ ဘောပင် ၅၅၇ ဒသမ ၅ ဒါဇင်၊ ခဲတံ ၁၁၃ ဒသမ ၅ ဒါဇင် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့ပြင်အခြေခံပညာအထက်တန်းအောင်နှင့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအတွက်ဂုဏ်ပြုဆုချီးမြှင့်ငွေကျပ် ၅၇၀၀၀၀ စုစုပေါင်း ၄၃၂၀၀၀၀ အား ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

[illegible]

မြင်းခြံ၊ ဇူလိုင် ၃၁

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ မြင်းခြံဒီဂရီကောလိပ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဘာသာရပ်ပေါင်းစုံ ရှေးဦးသူနာပြုစုနည်း ကြက်ခြေနီသင်တန်းကို ဇူလိုင် ၂၈ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် မြင်းခြံဒီဂရီကောလိပ် ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြင်းခြံဒီဂရီကောလိပ် ခေတ္တကျောင်းအုပ်ကြီး ပါမောက္ခ ဒေါက်တာဒေါ်ပြုံးမှ သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ ဒုတပ်ရင်းမှူး ဦးတင်အောင်မှ သင်တန်းသားများအား ကြက်ခြေနီသင်တန်း၏ မွန်မြတ်ပုံများနှင့် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ရှေးဦးသူနာပြုစုနည်းများကို ပို့ချခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြင်းခြံဒီဂရီကောလိပ် ခေတ္တကျောင်းအုပ်ကြီး ပါမောက္ခဒေါက်တာဒေါ်ပြုံးနှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ ဒုတပ်ရင်းမှူး ဦးတင်အောင်နှင့် တပ်ဖွဲ့ဝင်များ သင်တန်းနည်းပြဆရာများ၊ မြင်းခြံဒီဂရီကောလိပ်မှ သင်တန်းသား ၁၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် နှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည် ။

ဇော်မင်းနိုင်(မြင်းခြံ)

[illegible]

မိုးမောက်၊ ဇူလိုင် ၃၁

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်တွင် မတူကွဲပြားမှုများကို နားလည်လက်ခံပြီး တည်ငြိမ်အေးချမ်း၍ စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲ နေထိုင်ရေးဟောပြောပွဲနှင့် မသန်စွမ်း အထောက်အကူပြု ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁ နာရီတွင်ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးပီတာဒွဲလက အဖွင့်အမှာစကားပြော ကြားခဲ့သည်။

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းမှ မြို့နယ်ဥက္ကဋ္ဌ ဦးဆွတ်နောင်က Peace Awareness Talking အကြောင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စာရေးဆရာထက်အောင်(ဗန်းမော်)က စိတ်ဓာတ်မြှင့်တင်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ဆက်လက်၍ ကချင်ရိုးရာယဉ်ကျေးမှုအကပဒေသာဖြင့် ကပြဖျော်ဖြေပြီး မသန်စွမ်းအထောက်အကူပြုကိရိယာများဖြစ်သည့် ချိုင်းထောက် ခုနစ်စုံ၊ ဝှီးချဲတစ်စီးနှင့် ပညာသင်ကြားလျက်ရှိသည့် မသန်စွမ်းအသင်းဝင် ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများကို တာဝန်ရှိသူတို့က ထောက်ပံ့ပေးအပ်ကြရာ မသန်စွမ်းအသင်းဝင်များက လက်ခံရယူခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိ/ မြို့ဖများ၊ နိုင်ငံရေးပါတီဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များက အလှူငွေများပေးအပ်ကြရာ ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

မြို့နယ်ပြန်/ ဆက်

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

အဆောက်အအုံဆောက်လုပ်ရန် တင်ဒါခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ခွဲရုံဝင်းအတွင်း ပေ(၆၀×၅၀) (တစ်ထပ်သံကူကွန်ကရစ်) အဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်အတွက် လျှောက်လွှာများကို ၁-၈-၂၀၁၄ရက်မှစတင်၍ ရုံးချိန်အတွင်း ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၃၀-၈-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

ဖုန်း-၀၇၄-၂၁၃၅၄၊ ၀၉-၆၄၀၀၉၈၀၊ ၀၉-၅၁၈၆၅၇၂

တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန

ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် တက်ရောက်ကုသလျက်ရှိသောလူနာများအတွက် လိုအပ်သော (FDA)အသိအမှတ်ပြု ဆေးဝါးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ

စတင်ရောင်းချမည့်ရက် - ၄-၈-၂၀၁၄ရက်(တနင်္လာနေ့)

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃-၉-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ(၄)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လာရောက်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါ ခေါ်ယူစိစစ်ရေးအဖွဲ့

ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး

ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

တင်ဒါအမှတ်-3T(C/RB)/PASA/PW/2014-2015

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်အတွင်း အဆောက်အအုံ၊ လမ်း၊ တံတား၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သတ်မှတ်စံချိန်စံညွှန်းနှင့် ပြည့်မီသည့် 25mmØ သံချောင်းလုံး(၂၅၀၀)မက်ထရစ်တန်နှင့် 32mmØသံချောင်းလုံး(၃၅၀၀)မက်ထရစ်တန် စုစုပေါင်း မက်ထရစ်တန်(၆၀၀၀)ကို ရန်ကုန်မြို့ တံတားလေးသိုလှောင်ဝင်း အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၄-၈-၂၀၁၄ရက် (ရုံးချိန်အတွင်း)

၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၈-၂၀၁၄ရက် (၁၆း၀၀)နာရီ

၄။ တင်ဒါဖွင့်မည့်ရက် - ၁၉-၈-၂၀၁၄ရက် (၁၃း၀၀)နာရီ။

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၆။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

ဘိလပ်မြေ၊ ကတ္တရာ၊သံချောင်း ဝယ်ယူရေးဆပ်ကော်မတီ

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဦးစီး၊

ရုံးအမှတ်(၄၀)၊ နေပြည်တော်။

ဖုန်း-၀၆၇-၄၀၇၅၇၇၊ ၄၀၇၅၆၁





[illegible]

သန်လျင်၊ ဇူလိုင် ၃၁

သန်လျင်မြို့၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ ဗိုလ်ချုပ်နေဝင်းလမ်းနှင့် သစ်စက်လမ်းထိပ် မဖျှိမာရုံစာသင်တိုက် ဂိတ်ဝတွင် ကျောင်းတိုက်ရှိရာ မြို့ကုန်းဘက်သို့ ပို့လွှတ်သော ဓာတ်အားလိုင်း ဓာတ်တိုင်နှင့် ကမ်းနားဘက်သို့ ပို့လွှတ်သော ဓာတ်အားလိုင်း ဓာတ်တိုင် နှစ်တိုင်မှာ ကွန်ကရစ်တိုင်များဖြစ်ပြီး မြို့ကုန်းဘက်သို့ ပို့လွှတ်သော တိုင်မှာ အောက်ခြေယိုင်နေပြီး ထိန်းကြိုးမှာလည်း နွယ်ပင်များ တက်နေကြောင်းသိရသည်။

ယခုအခါ ရန်ကုန်တိုင်းအပါအဝင် အနယ်နယ်အရပ်ရပ်တွင် ဓာတ်ကြိုးများ ပြတ်ကျ၍ ဓာတ်လိုက်ပြီး လူများသေဆုံးလျက်ရှိသောကြောင့် ယခုတိုင်များနှင့် ကြိုးများကိုသေချာစိစစ်ပြီး ကြိုတင်ပြင်ဆင်သင့်ကြောင်း ယင်းရပ်ကွက်နေသူများက ပြောသည်။

လွန်ခဲ့သည့် နှစ်ပတ်ကျော်ခန့်ကလည်း မြို့ဟောင်းအရှေ့ရပ်ကွက် သစ်စက်လမ်းနှင့် သောက်တော်တွင်းလမ်းထိပ် ဓာတ်ကြိုးပြတ်ကျသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ စောင့်ကြည့်ပြီး သက်ဆိုင်ရာက လျှပ်စစ်ဌာနသို့ အကြောင်းကြားကာ ပြုပြင်ခဲ့ရကြောင်း သိရသည်။ **၈၆**

ကျေးရွာသူကျေးရွာသားများ ဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် ကျန်းမာရေးအထောက်အကူပြုစေရန် ဇူလိုင် ၂၈ ရက် နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် သုံးခွကျေးရွာ ရွာဦးရွာထိပ်ရှိ အလျား ၁၈၀ ပေ၊ အနံ ၁၆၀ ပေရှိ အများပြည်သူသုံး သောက်ရေကန်များအား ကျေးရွာပြည်သူများနှင့် တာဝန်ရှိသူများ ပူးပေါင်းကာ ရေကန်အတွင်းရှိ ခြုံနွယ်ပိတ်ပေါင်းများ၊ ရေကန်ဘောင်ပေါ်ရှိ မြက်များရှင်းလင်းခြင်းတို့ကိုစုပေါင်း၍လုပ်ခဲ့ကြသည်။ သတင်းနှင့်ဓာတ်ပုံ- စိန်တိုး(ကွမ်းခြံကုန်း)

[illegible]

ငပုတော၊ ဇူလိုင် ၃၁

၂၀၁၄-၁၅ ပညာသင်နှစ် ငပုတောမြို့နယ်ရှိ အခြေခံပညာကျောင်းများသို့ ခန့်ထားသော ဘွဲ့ရ နေ့စားလပေး မူလတန်းပြဆရာ၊ ဆရာမများက မြို့နယ်အကြီးအကဲများထံမှ ဩဝါဒခံယူပွဲကို ဇူလိုင် ၂၇ ရက် နံနက်က ငပုတောမြို့ အ-မ-က (၂)တွင် ကျင်းပရာ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်သူက အဖွင့် အမှာစကားပြောကြားခဲ့သည်။

၎င်းအခန်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအယ်ဂေးနှင့် ဦးအေးကြည် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းတို့က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုက ယခုခန့်အပ်ခြင်းခံရသော ဆရာ၊ ဆရာမတို့သည် ပညာရေးဝန်ကြီးဌာနက အတည်ပြုခန့်အပ်ပေးသော ဆရာ၊ ဆရာမများဖြစ်သောကြောင့် အမိန့်ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ တာဝန်သိမှု တာဝန်ယူမှုတို့ဖြင့် ပြည်သူတို့၏ ပညာရေးလိုအပ်ချက်များကို ဒေသခံများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ဆရာတို့၏ ကျင့်ဝတ်စည်းကမ်းများနှင့်အညီ ပြောဆိုနေထိုင်ပြီး ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်ပေးကြရန် ပြောကြားခဲ့သည်။

ဘွဲ့ရ နေ့စားလပေး မူလတန်းပြ ဆရာ၊ ဆရာမ ၃၄၇ ဦး၊ မူလတန်းပြ မဟာဘွဲ့ အထက်တန်းသင် ဆရာ၊ ဆရာမ ၁၉ ဦးတို့က ဩဝါဒမြွက်ကြားခဲ့ပြီး အတည်ပြုခန့်ထားခြင်း အမိန့်စာများပေးအပ်ခဲ့သည်။ **မျိုးကျော်သူ(ပြန်/ဆက်)**

[illegible]

အင်းတော်၊ ဇူလိုင် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သောင်းစိန်ထွန်း ဦးစီးသော တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီအချိန်က ရွှေဘို-မြစ်ကြီးနားကားလမ်းမပေါ်ရှိ အင်းတော်မြို့အဝင် လမ်းတံတားအသုံးပြုခ ကောက်ခံရေးစခန်းတွင် ကြိုတင်တည်ဆောက်ထားသော သတင်းအရ စောင့်ဆိုင်းနေစဉ် Kenbo 125 ဆိုင်ကယ်အနက်ရောင် စီးလာသူအား ရပ်တန့်စစ်ဆေးရာမှ ငွေကျပ် ၅၈ သိန်းတန်ဖိုးရှိသော ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းတော်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သောင်းစိန်ထွန်းဦးစီးသော တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ရွှေဘို-မြစ်ကြီးနား ကားလမ်းမပေါ်ရှိ အင်းတော်မြို့အဝင် လမ်းတံတားအသုံးပြုခ ကောက်ခံရေးစခန်းတွင် ကြိုတင် တည်ဆောက်ထားသော သတင်းအရ စောင့်ဆိုင်းနေစဉ် Kenbo 125 ဆိုင်ကယ်အနက်ရောင် စီးလာသူအား ရပ်တန့်စစ်ဆေးရာ ကသာမြို့နယ်၊ ဆင်ကုန်းကျေးရွာနေ မောင်လွင်ဟုသိရပြီး ဆက်လက်ရှာဖွေရာ ၎င်းစီးလာသော ဆိုင်ကယ်တူးဘောက်အတွင်း အပြာရောင်ဆပ်ပြာခွက်အတွင်းမှ ဘိန်းဖြူ ၁၂ ဂရမ်ပါတစ်ထုပ်၊ အစိမ်းရောင် ဆပ်ပြာခွက်အတွင်းမှ ၁၂ ဂရမ်ပါတစ်ထုပ်၊ ပန်းရောင် ဆပ်ပြာခွက်အတွင်းမှ ၁၄ ဂရမ်ပါတစ်ထုပ်နှင့် ပန်းရောင်ဆပ်ပြာခွက်အတွင်းမှ ၁၀ ဂရမ်ပါတစ်ထုပ် စုစုပေါင်း ဘိန်းဖြူအလေးချိန် ၅၈ ဂရမ်ခန့် ကာလတန်ကြေး ၅၈ သိန်းခန့်အား သက်သေများရှေ့တွင် ရှာဖွေပုံစံ ပြုလုပ်သိမ်းဆည်းခဲ့သည်။

သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများနှင့် ပတ်သက်၍ မောင်လွင်အားစစ်မေးရာ တစ်ရွာတည်းနေ ထွန်းလွင်ဆိုသူမှ ဇူလိုင် ၂၆ ရက် နံနက် ၁၁ နာရီအချိန်ခန့်တွင် နေအိမ်သို့လာရောက်ပို့ခဲ့ပြီး အင်းတော်မြို့မှ ဗန်းမောက်မြို့သို့သွားသော ကားလမ်းဆုံအရောက် သယ်ဆောင်ပေးရန်နှင့် သယ်ဆောင်ခအဖြစ် ငွေကျပ်တစ်သိန်းဖြင့် သဘောတူခဲ့ပြီး သယ်ဆောင်လာစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း စစ်မေးပေါ်ပေါက်ခဲ့ပြီး ကွင်းဆက်တရားခံ ထွန်းလွင်အား ၎င်း၏ညီစိုင်းမောင်နှင့်အတူ ဆိုင်ကယ်စီးလာစဉ် ၎င်းလမ်းတံတား ကောက်ခံရေးစခန်းတွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

မူးယစ်ဆေးဝါးရောင်းချရန် လက်ဝယ်တွေ့ရှိသူ ကသာမြို့နယ်၊ ဆင်ကုန်းကျေးရွာနေသူ မောင်လွင် အသက် ၃၅ နှစ်နှင့်အတူ တစ်ရွာတည်းဖြစ်ကြသော ထွန်းလွင် အသက် ၃၀ နှစ်နှင့် စိုင်းမောင် အသက် ၂၀ နှစ်တို့အား အင်းတော်မြို့မရဲစခန်းမှ မယ(ပ)၂၃/၁၄၊ မူးစိတ်ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ အရ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(ကြေးမုံ)**

[illegible]

မြင်းခြံ၊ ဇူလိုင် ၃၁

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု(Third Wave)လုပ်ငန်း စဉ်များအားရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက မြင်းခြံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးခန်းမတွင် ကျင်းပခဲ့သည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းနောင်မှ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ် ၁ မှ ၅ အထိကိုအသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့နယ်မှ ဝန်ထမ်းများတက်ရောက်ခဲ့သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

[illegible]

မင်းကင်း၊ ဇူလိုင် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကျန်းမာရေးဝန်ထမ်းများက ပြည်သူများ၏ ကျန်းမာရေး ပိုမိုစောင့်ရှောက်နိုင်ရေးအတွက် အနာကြီးရောဂါနှင့်ပတ်သက်သည့် သင်တန်းကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဆန်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းကျန်းမာရေးဦးစီးဌာနမှ အဖွဲ့ခေါင်းဆောင် ဒေါက်တာငွေးကြွယ်နှင့် ဆရာဝန်ငါးဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။အဆိုပါ သင်တန်းကာလမှာ ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ချင်းတွင်းသား(ပြန်/ဆက်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့်တံတားများ ဆောက်လုပ်ခြင်းအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ဒုတိယအကြိမ် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၇-၈-၂၀၁၄ ရက်

၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် - ၁၄-၈-၂၀၁၄ ရက်

၄။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ရက် - ၁၄-၉-၂၀၁၄ ရက်၊ ၁၆း၃၀ နာရီ

၅။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၇-၈-၂၀၁၄ ရက်မှစ၍ ရုံးချိန် အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တံတားတည်ဆောက်ရေးလုပ်ငန်းများစိစစ်ရွေးချယ်ရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဦးစီး၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၀၇၅၁၄၊ ၄၀၇၂၇၆

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ အောင်ဆန်းတီဘီရောဂါ အထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်း အသေးစိတ်နှင့်တင်သွင်းရမည့် ဆေးဝါးစာရင်းကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၂၈-၇-၂၀၁၄ ရက်(တနင်္လာနေ့) နံနက် ၉ နာရီ

တင်ဒါလျှောက်လွှာပိတ်မည့်နေ့ - ၂၇-၈-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီ

(တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့)
ဆေးရုံအုပ်ကြီးရုံး၊ အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး
စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၆၄၅၇၅၆၊ ၀၁-၆၄၅၇၄၈။

မွေးသက္ကရာဇ် အမှန် သန်လျင်မြို့ အထက(၁) အဋ္ဌမတန်း (A)မှ ဦးမျိုးညွန့်၏သမီး မရွှန်းလဲ့နေခြည် ၏မွေးသက္ကရာဇ်အမှန်မှာ ၁၅-၈-၂၀၀၁ ရက် ဖြစ်ပါကြောင်း။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
တနင်္သာရီတိုင်းဒေသကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများ/ အစားထိုးပြုပြင်ခြင်းလုပ်ငန်းများ၊ ရုံး/ဝန်ထမ်းအိမ်ရာ အဆောက်အအုံဆောက်လုပ်ခြင်းလုပ် ငန်းများနှင့် ခြံစည်းရိုးဝင်းခြံကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁-၈-၂၀၁၄

တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ ရေးလမ်း၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့။

တင်ဒါပိတ်ရက်နှင့်အချိန် - ၃၁-၈-၂၀၁၄ ရက်၊ ညနေ ၄နာရီ

တင်ဒါတင်သွင်းရမည့်နေရာ - တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ ထားဝယ်မြို့။

တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၁၁-၉-၂၀၁၄ ရက်၊ နံနက် ၁၀ နာရီ

တင်ဒါဖွင့်လှစ်မည့်နေရာ - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၊တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၃၄၉၅၊ ၀၉-၈၇၆၂၃၂၃၊ ၀၉-၄၉၈၇၉၃၄၆၊ ၀၉-၄၉၈၇၀၄၁၈၊ ၀၉-၄၂၂၄၇၁၆၀၅ သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ



ငှားရန်ရှိသည်

ဘဏ်(သို့မဟုတ်) ကုမ္ပဏီရုံးချုပ်ဖွင့်ရန် သင့်လျော်သော မန္တလေးမြို့၊ ၈၅ လမ်းနှင့် လမ်း၃၀ ထောင့်ရှိ RC(၄)ထပ် အဆောက်အအုံနှင့် ကား Show Room ဖွင့်ရန်သင့်လျော်သော ရန်ကုန်လမ်းမကြီးဘေး၊ ကွဲဆည်ကန် ၁၁ လမ်းထောင့်ရှိ မြေကွက်ကျယ်ငှားမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၁၇၉၁၁၊ ၀၉-၅၁၀၃၅၀၈၊ ၀၂-၈၆၂၆၀

ကျန်းမာရေးဆောင်းပါး

aq;&Sc f D ,ku fjzpf y G m ; ´ e m ; &

à a'.ufwrdifbef (ACTION Study)

ယမန်နေ့မှအဆက်

၇။ နှုတ်ခမ်းကွဲ အာခေါင်ကွဲ ကလေးငယ်များ မွေးဖွားနိုင်ခြင်း

ဆေးရွက်ကြီးနှင့် ဆက်စပ်ထုတ်ကုန်သုံးစွဲသော ကိုယ်ဝန်ဆောင်မိခင်များဟာ သာမန်ကိုယ်ဝန်ဆောင်များထက် နှုတ်ခမ်းကွဲ အာခေါင်ကွဲ ကလေးများမွေး ဖွားနိုင်ခြေ နှစ်ဆခန့် ပိုများပါသည်။ ကွမ်းစားသူများ၊ ဆေးလိပ်သောက်သုံးသူများ၊ ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်ငွေ့ကို နေ့စဉ်ရှူနေရသူ ကိုယ်ဝန်ဆောင်မိခင်များမှ ၎င်းကလေးငယ်များ မွေးဖွားလာတတ်ပါသည်။

၈။ ခံတွင်းအနံ့အသက်ဆိုးဝါးခြင်း

ဆေးရွက်ကြီးနှင့်ဆက်စပ်ထုတ်ကုန်များဟာ ခံတွင်းအနံ့အသက် ကိုဆိုးဝါးစေပါသည်။ ဆေးရွက်ကြီးနှင့်ဆက်စပ်ထုတ်ကုန်များတွင် ဆာလ်ဖာ (Sulphur) ပါဝင်မှုများသဖြင့် ခံတွင်းအနံ့အသက်ကို ဆိုးဝါးစေပါသည်။

၉။ သွားနှင့်သွားဖုံးဝန်းကျင်တွင် ကျောက်တည်မှု

ကွမ်းစားခြင်း၊ ဆေးလိပ်သောက်သုံးခြင်း စတဲ့ အလေ့ကျင့်များသည် သွားကျောက်တည်မှု ပိုမိုမြင့်မားစေပါသည်။ ၎င်းကျောက်များမှတစ်ဆင့် အခြားသွားနှင့်ခံတွင်းရောဂါများ ဆက်လက်ဖြစ်ပေါ်လာစေပါသည်။

၁၀။ သွားများပျက်စီး ပြုန်းတီးစေခြင်း

ဆေးရွက်ကြီးနှင့် ဆက်စပ်ထုတ်ကုန်များတွင် ပါဝင်သော ဓာတုပစ္စည်းများနှင့် သွားမျက်နှာပြင်တို့ ထိတွေ့ပြီး သွားတွင်းဖွဲ့စည်းထားသော ဇီဝဖွဲ့စီးပုံများ ပျက်စီးစေပြီး သွားများကို ပြုန်းတီးစေပါသည်။ ထိုမှတစ်ဆင့် သွားကျဉ်ခြင်းများ ဆက်စပ်ဖြစ်ပေါ်စေပါသည်။

၁၁။ တံတွေးထွက်နည်းလာခြင်း

အထူးသဖြင့် ဆေးလိပ်သောက်သုံးသောသူများတွင် သာမန်ထက် တံတွေးထွက် လျော့နည်းလာပါသည်။ တံတွေးသည် ခံတွင်းကိုသန့်စင်ရာတွင် အရေးကြီးသော ခံတွင်း၏ သဘာဝသန့်စင်စနစ်ဖြစ်ပြီး ခံတွင်းတွင် အက်စစ်ဓာတ်ပမာဏ မမြင့်တက်အောင် ဓာတ်ပြယ်ခြင်းဖြင့် အခြားနောက်ဆက်တွဲပြဿနာများဖြစ်သော သွားပိုးစားခြင်းများ မဖြစ်ပွားအောင် ကာကွယ်ပေးပါသည်။ တို့ကြောင့် ဆေးလိပ်သောက်သုံးသောသူများတွင် တံတွေးထွက်နည်းလာသဖြင့် အက်စစ်ဓာတ်ပမာဏ မြင့်တက်လာကာ သွားများကို လွယ်ကူစွာ ဆွေးမြေ့ပျက်စီးစေပြီး သွားပိုးစားရောဂါများ ဖြစ်ပွားစေပါသည်။

၁၁။ အလှအပဆိုင်ရာပြဿနာများ

ကွမ်းစားသည်ဖြစ်စေ ဆေးလိပ်သောက်သုံးသည်ဖြစ်စေ ၎င်းဆေးရွက်ကြီးအရောင်များ သွား၊ သွားဖုံးနှင့် နှုတ်ခမ်းများတွင် စွဲကျန်စေပါသည်။ ထို့ပြင် ခံတွင်းတွင်ပြုလုပ်ထားသော သွားတုများ၊ ဖာထားသောသွားများနှင့် အံကပ်များကိုလည်း အရောင်ပြောင်းသွားစေပါသည်။ ထို့အပြင် ခံတွင်းကင်ဆာကဲ့သို့သော ရောဂါကြီးများ ဖြစ်ပွားလာပါက မျက်နှာနှင့် ခံတွင်း၏ အစိတ်အပိုင်းများပျက်စီးကာ လူတစ်ယောက်၏သွင်ပြင်များ ပျက်စီးစေပြီး မိမိတစ်ကိုယ်ရေအလှအပကို မလွဲမသွေ ထိခိုက်စေပါသည်။

အထက်မှာဖော်ပြခဲ့သည့်အတိုင်း ဆေးရွက်ကြီးနှင့် ဆက်စပ်ထုတ်ကုန်များဟာ ခံတွင်းကျန်းမာရေးတွက် သေးငယ်သော ပြဿနာလေးများမှသည် အသက်အန္တာရာယ်ကို ထိခိုက်စေနိုင်သည်အထိ များပြားပါသည်။ ထို့ပြင် အခြားသော ကျန်းမာရေးပြဿနာ များစွာကိုလည်း ဖြစ်ပေါ်စေသဖြင့် ဂရုပြုရှောင်ရှားကြဖို့ လိုပါသည်။ ၎င်းနှင့် ဆက်စပ်သောရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာအောင်လည်း ပြည်သူလူထု၊ အစိုးရတာဝန်ရှိသူ ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ မီဒီယာများပူးပေါင်းကာ တိုက်ဖျက်ဖို့ လိုအပ်လှပါသည်။

ပြဌာန်းထားပြီးဖြစ်သော ဆေးလိပ်ဆေးရွက်ကြီးဥပဒေကိုလည်း ပိုမိုအသက်ဝင်အောင် စည်းစနစ်တကျ ဆောင်ရွက်ဖို့ လိုအပ်ပါသည်။ ဆေးလိပ်ဆေးရွက်ကြီး၊ ကွမ်းများနှင့်ပတ်သက်ပြီး ဗဟုသုတများ ပိုမိုပြန့်ပွား သိရှိလာအောင်လည်း ဆောင်ရွက်ကြဖို့လိုပါသည်။ ဆေးလိပ်ဆေးရွက်ကြီး၊ ကွမ်းစားသုံးသူများအနေဖြင့်လည်း ၎င်းနှင့်ဆက်နွှယ်သော ရောဂါများမှာ ကြိုတင်ကာကွယ်၍ရသော ရောဂါများဖြစ်ကြောင်း သိရှိထားဖို့လိုပါသည်။ သို့မှသာ သွားနှင့်ခံတွင်းရောဂါများအတွက် အချိန်မီကုသမှုခံယူရရှိနိုင်မည်ဖြစ်ပြီး အသက်အန္တာရာယ်ရှိသော ခံတွင်းကင်ဆာကဲ့သို့သော ရောဂါဆိုးများကို ဆောလျင်စွာသိရှိကုသမှု ခံယူနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ဈေးပေါသော ဆေးရွက်ကြီးထုတ်ကုန်များ ဈေးကြီးသော ဆေးရွက်ကြီးထုတ်ကုန်များ မည်သို့သော ဆေးရွက်ကြီးနှင့်ဆက်စပ်ထုတ်ကုန်များကို သုံးစွဲသည်ဖြစ်စေ ပြဿနာအသေးမွှားမှသည် အသက်အန္တာရာယ်ရှိသော ရောဂါဆိုးများထိ ဖြစ်ပွားနိုင်သောကြောင့် ငွေကုန်ကြေးကျခံကာ ရောဂါများကို မဝယ်ယူကြစေရန် အသိပေးတင်ပြပါသည်။

aowf fDa;u,kpf ldf ufapuf ygiF;f fvmif w ,f Muif

မြိတ်၊ ဇူလိုင် ၃၁

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မဇောကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၈၂-က)၊ ဦးပိုင်အမှတ်(၉၅/၁) တောင်သူ ဦးထွန်းအောင်၏ လယ်မြေ ၁၀ ဧကတွင် ကောက်စိုက်စက်ဖြင့် တောင်သူများအား လက်တွေ့စိုက်ပျိုးသရုပ်ပြပွဲ အခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက် ၈ နာရီအချိန်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မဇောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် လယ်သမားများ၊ အင်္ဂမော်၊ မင်းသန်း၊ ပသောင်း၊ တုံးဗျောကျေးရွာအုပ်စုမှ လယ်သမားများက ကြည့်ရှုလေ့လာကြသည်။

လယ်ယာလုပ်သား ရှားပါးလာသည်နှင့်အမျှ စက်ကိရိယာများ တိုးတက် သုံးစွဲလာရမည်ဖြစ်ခြင်းကြောင့် ကောက်စိုက်စက်၊ ကောက်ရိတ်စက်များဖြင့် ဆောင်ရွက်နိုင်ရန် ဧကကွက်များဖော်၍ ကုန်ထုတ်လမ်းများလည်း ဖောက်ပြီး လယ်ယာကဏ္ဍတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ကောက်စိုက်စက်နှင့် စိုက်ပျိုးခြင်းဖြင့် တစ်ဧကကို အချိန်နှစ်နာရီသာ ပေးရပြီး ပျိုးသက်နုနုနှင့်စိုက်နိုင်၍ အပင်အလုပ်လုပ်ချိန်ပိုရကာ အထွက်မြင့်မားနိုင်ကြောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးကဆွေးနွေးရာတွင် ထည့်သွင်းပြော ကြားခဲ့သည်။

ဤသို့ ကောက်စိုက်စက်များနှင့် စိုက်ပျိုးသည့် စံပြကွက်များကိုမဇောကျေးရွာအုပ်စု၊ အင်္ဂမော်ကျေးရွာအုပ်စု၊ စန္ဒဝတ်ကျေးရွာအုပ်စုများတွင် စံပြကွက်များတည်ထောင်ပြသထားခြင်းကို စိုက်ပျိုးချိန်မှရိတ်သိမ်းချိန်အထိ လေ့လာနိုင်ကြကြောင်းနှင့် သိရှိလိုသည်များကိုတောင်သူများမှ မေးမြန်းဆွေးနွေးနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးက ယင်းနေ့တွင်ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စိုက်တိုးမြှင့်ဥက္ကဌက လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အရှိန်အဟုန်ဖြင့်နိုင်ငံတော်နှင့် ကုမ္ပဏီများကငွေနှင့်စက်ကိရိယာများ ကူညီသကဲ့သို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သော အကူအညီများပေးနိုင်၍ ဆက်သွယ်ပြီး ရရှိသောအခွင့်အရေးကို အသုံးချကာ လယ်ယာကဏ္ဍ မြှင့်တင်ရန်ပြောကြားခဲ့သည်။ **မြင့်ဦး(မြိတ်)**

ဖိုးတ;ပ္ပ ... (headline)

ညောင်လေးပင်၊ ဇူလိုင် ၃၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၊ ဖိုးတုပ္ပံကျေးရွာအုပ်စု ဖိုးတုပ္ပံကျေးရွာ၌ အလင်းရောင်စာကြည့်တိုက်အဆောက်အဦ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီတွင် အဆိုပါစာကြည့်တိုက်အဆောက်အဦရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါစာကြည့်တိုက် အဆောက်အဦသည် အလျား ၁၅ ပေ၊ အနံ ၁၅ ပေရှိ သွပ်မိုး၊ အုပ်ညှပ်၊ သမံတလင်းခင်း အမျိုးစားဖြစ်ပြီး ကုန်ကျမှုတန်ဖိုးငွေကျပ် ၁၃ သိန်းဖြင့် ကျေးရွာနေပြည်သူများက ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်သန်းသန်းနွှင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဌ ဦးသိန်းနိုင်၊ ကျေးရွာအုပ်ချုပ်မှူး ဦးညိုဝင်းတို့က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခန်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားကာ ခရိုင်ပြန်/ဆက်ဦးစီးမှ ကျေးရွာနေပြည်သူများ စာကြည့်တိုက်တွင် စာပေဗဟုသုတများ လေ့လာဖတ်ရှုနိုင်ရန်နှင့် စာကြည့်တိုက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူးမှ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယင်းနောက် စာအုပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်နီနီဝင်းမှ သုတ၊ ရသစာအုပ် ၁၀၀ နှင့် ဦးသီဟလင်းမိသားစုမှ သတင်းဂျာနယ်အစုံ ၁၀၀ အုပ်တို့အား လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ခင်မောင်လွင်

ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်သူ(ဘ)ဦးစံအောင်[၁၀/မဒန(နိုင်)၁၇၆၄၆၇]၏ Passport (No-မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကဆက်သွယ်ပေးပါရန်။
ဖုန်း-၀၉-၇၃၂၄၅၂၂၂

စက်မှုဝန်ကြီးဌာန
စပ်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
Software များရေးသားရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် On Line Registration System Software ရေးသားခြင်းလုပ်ငန်းအတွက် ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ (က) တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန် - ၁-၈-၂၀၁၄ရက် ၉း၃၀နာရီ
(ခ) တင်ဒါပိတ်မည့်ရက်၊ အချိန် - ၂၉-၈-၂၀၁၄ရက်၊ ၁၆း၃၀နာရီ
(ဂ) တင်ဒါပေးသွင်းရမည့်နေရာ - စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်

၃။အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကိုစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၌ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ၊ ဖုန်းအမှတ် -၀၆၇-၄၀၈၂၉၁၊ ၄၀၈၃၉၁၊ ၄၀၈၃၃၄သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လိပ္ပတ်ကျေးရွာ၊ အမှတ်(၄)လမ်းမအနီး Myanmar Distillery Co.,Ltd. မှ အောက်ဖော်ပြပါ ပစ္စည်းများကို ရောင်းချလိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

ရောင်းချမည့်ပစ္စည်း	ရောင်းချပုံ
တိရစ္ဆာန်အစာဖတ်	ပိဿာဈေးနှုန်း

၁။တင်ဒါပေးသွင်းမှုကို ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် (ရုံးချိန်)အတွင်း အထက်ဖော်ပြပါ လိပ်စာသို့လာရောက်တင်သွင်းနိုင်ပါသည်။

၂။ တင်ဒါတွင် တင်ဒါဝင်ရောက်သူ၏ လိပ်စာနှင့်ဆက်သွယ်ရန် ဖုန်းနံပါတ်ပြည့်စုံစွာဖော်ပြရန်။ ကုမ္ပဏီ/စက်ရုံမှ ရောင်းချမည့်ရက်အား (၂) ရက်ကြိုတင်အကြောင်းကြား ပါမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၉၁၀၃၇၂၁၃၊ ၀၉-၄၅၀၀၅၈၂၆၈၊ ၀၉-၄၅၀၀၅၈၂၆၉

ကုမ္ပဏီရုံးခန်းပြောင်းရွှေ့ကြောင်းကြေညာခြင်း

ရွှေကမ္ဘာမောင်မောင် ရောင်းဝယ်ရေးကုမ္ပဏီ၏ ယခင်ရုံးခန်းလိပ်စာ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်-၁၇၇၊ ၁၈၈၊ အခန်းအမှတ်-၁၀၁မှ ယခု မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာအိမ်ရာ၊ တိုက်အမှတ်-အေ-၃၊ အခန်းအမှတ်-၁၀၁သို့ လည်းကောင်း၊ ရုံးခွဲကို ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်-၈၅၊ မြေညီထပ်သို့ လည်းကောင်း ၁-၈-၂၀၁၄ရက်မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်ထားကြောင်း မိတ်ဟောင်းမိတ်သစ်များအား အသိပေးကြေညာအပ်ပါသည်။

ကုမ္ပဏီရုံးခန်းပြောင်းရွှေ့ကြောင်းကြေညာခြင်း

ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေးကုမ္ပဏီ၏ ယခင်ရုံးခန်းလိပ်စာရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်-၁၇၇၊ ၁၈၈၊ အခန်းအမှတ်-၁၀၂မှ ယခု မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာအိမ်ရာ၊ တိုက်အမှတ်-အေ-၃၊ အခန်းအမှတ်-၀၀၁သို့ လည်းကောင်း၊ ရုံးခွဲကို ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်-၈၅၊ မြေညီထပ်သို့လည်းကောင်း ၁-၈-၂၀၁၄ရက်မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်ထားကြောင်း မိတ်ဟောင်းမိတ်သစ်များအား အသိပေးကြေညာအပ်ပါသည်။

အစိုးရပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်သော ယောဂီသီလရှင်များအား စာအောင်ဂုဏ်ပြုပူဇော်

ကျွန်းလှ၊ ဇူလိုင် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့ အမှတ် ၃ သာသနာ့ဥယျာဉ်စာသင်တိုက်မှ အစိုးရပါဠိ ပထမပြန်စာမေးပွဲတွင် အောင်မြင်သော ယောဂီသီလရှင်များအား ပဉ္စမအကြိမ် စာအောင်ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီခွဲက အဆိုပါစာသင်တိုက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး ဆရာတော် သံဃာတော်တို့အား ဩကာသကန်တော့ချီးဖြင့် ပူဇော်ကတော့ကြကာ သံဃာတော်များထံမှ ယောဂီသီလရှင်များက ဆယ်ပါးသီလနှင့် ဒါယကာ၊ ဒါယိကာမတို့က ငါးပါးသီလ ခံယူတည်ဆောက်ကြသည်။

